# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914
Myanma Alinn Daily


### မိမိအဖို့ အကျိုးများနိုင်

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက် | ၂၀၂၆ ခုနှစ်၊ ဧပြီ ၈ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၅)၊ အမှတ်(၁၉၀)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ကမ္ဘောဒီးယားနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ ဆမ်ဒက် အာခါ မိုဟာ ဆီနာ ပါတိုင်း တဲ့ချို ဟွန်ဆင် ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ကမ္ဘောဒီးယားနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ ဆမ်ဒက် အာခါ မိုဟာ ဆီနာ ပါတိုင်း တဲ့ချို ဟွန်ဆင် ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ ၆ ရက်
ဖနောင်ပင်မြို့

**အဆွေတော် ဦးမင်းအောင်လှိုင်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ**
**နေပြည်တော်**
**အဆွေတော်၊**

၂၀၂၆ ခုနှစ်၊ ဧပြီလ (၃) ရက်တွင် မြန်မာနိုင်ငံ၏ လွှတ်တော်က အဆွေတော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းအတွက် ကမ္ဘောဒီးယားနိုင်ငံတော်၏ အထက်လွှတ်တော်နှင့် ကမ္ဘောဒီးယားပြည်သူ့ပါတီကိုယ်စား ကျွန်ုပ်၏ စိတ်ရင်းမှန်ဖြင့် ဂုဏ်ပြုအပ်ပါသည်။

မိမိတို့နှစ်နိုင်ငံအကြား ကြီးမားလာသည့် နှစ်နိုင်ငံဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ရေရှည်ချစ်ကြည်ရင်းနှီးမှုတို့ကို အလွန်တန်ဖိုးထားပါသည်။ ၎င်းတို့သည် ယဉ်ကျေးမှုနှင့် ဘာသာရေးဆက်နွှယ်မှုများအပြင် အပြန်အလှန်လေးစားမှုနှင့် နားလည်မှုတို့ဖြင့် နက်ရှိုင်းစွာဆက်စပ်လျက်ရှိပါသည်။ ဤဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုသည် အဆွေတော်၏ ရာထူးသက်တမ်းအတွင်း မိမိတို့၏ ပိုမိုလက်တွေ့ကျသော အပြန်အလှန်အကျိုးစီးပွားအတွက် ဆက်လက်ဖွံ့ဖြိုးတိုးတက်လာမည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။

ကျွန်ုပ်သည် အဆွေတော်နှင့်နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်ရန် အဆင်သင့်ရှိပြီး ထိုသို့ဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံအကြား ဆက်ဆံရေး၊ မိတ်ဖက်ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာတိုးတက်စေမည်ဖြစ်သည်။ နှစ်နိုင်ငံပြည်သူများ၏ အကျိုးအတွက်သာမက ဒေသတွင်းနှင့် ဒေသတွင်းကိုကျော်လွန်၍ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြလျက် အဆွေတော် ကျန်းမာပျော်ရွှင်၍ လုပ်ငန်းများအားလုံးအဆင်ပြေချောမွေ့ပါစေကြောင်း ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

**ဟွန်ဆင်**

## တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပ

**နေပြည်တော် ဧပြီ ၇**

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**




အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၅၈၅ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၈၁ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပြီး အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။


*စာမျက်နှာ ၄ ကော်လံ ၁* ❑

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ မစ္စတာ ကြူကုန်းဖုန် ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ မစ္စတာ ကြူကုန်းဖုန် ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ဗီယက်နမ်-မြန်မာချစ်ကြည်ရေးအသင်း

ဟနွိုင်းမြို့၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၆ ရက်

**အဆွေတော် ဦးမင်းအောင်လှိုင်**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ**
**အဆွေတော်၊**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၁၁) ဦးမြောက် နိုင်ငံတော်သမ္မတအဖြစ် အဆွေတော် ရွေးကောက်တင်မြှောက်ခံရခြင်းအတွက် ဗီယက်နမ်-မြန်မာချစ်ကြည်ရေးအသင်းကိုယ်စား မိမိက ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

ယခုကဲ့သို့ အရေးပါသောအခါသမယသည် အဆွေတော်အပေါ် မြန်မာပြည်သူများ၏ ခိုင်မာစွာယုံကြည်မှုကို အထင်အရှားသက်သေပြလျက်ရှိပါသည်။ ရွေးကောက်ပွဲ၌ အနိုင်ရရှိခဲ့မှုသည် အဆွေတော်၏ ဦးဆောင်မှုအောက်တွင် ငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးမှုများရရှိခဲ့သည့်အပေါ် ပြည်သူများကကျေးဇူးတင်ရှိလျက်ရှိသည်ကို ထင်ဟပ်စေလျက်ရှိပါသည်။

ပြည်သူအချင်းချင်းဆက်ဆံရေးဆိုင်ရာသံတမန်အသင်း၏ ဥက္ကဋ္ဌအနေဖြင့် အဆွေတော်ထံသို့ သဝဏ်လွှာတိုက်ရိုက်ပေးပို့ခွင့်ရရှိသည့်အတွက် ဂုဏ်ယူမိပါသည်။ နိုင်ငံတကာဓလေ့ထုံးတမ်းများအရ ချစ်ကြည်ရေးအသင်းတစ်ခုက နိုင်ငံတော်အကြီးအကဲတစ်ဦးထံသို့ ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာ လိပ်မူပေးပို့ခွင့်ရရှိခြင်းမှာ ရှားပါးသည့်အခွင့်အရေးဖြစ်ပါသည်။ မိမိ ယခုကဲ့သို့အခွင့်အရေးရရှိခြင်းသည် ပြည်သူအချင်းချင်းသံခင်းတမန်ခင်း၏ အရေးပါမှုအပေါ် အဆွေတော်၏ ထူးခြားသောအမြင်နှင့် ကတိကဝတ်ပြုမှုကို ထင်ဟပ်စေလျက်ရှိပါသည်။ အဆွေတော်အနေဖြင့် နှစ်နိုင်ငံဆက်ဆံရေးကိုသာမက နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုကိုလည်း တန်ဖိုးထားလျက်ရှိသည်ကို ပြသလျက်ရှိပါသည်။ ယင်းသည် နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုအတွက် ပေါင်းကူးတစ်ခုသဖွယ် ဆောင်ရွက်လျက်ရှိသည့် မိမိတို့အသင်းအတွက် ကြီးမားသောအင်အားတစ်ရပ်ဖြစ်ပါသည်။

အဆွေတော်ရာထူးတာဝန်သစ်ထမ်းဆောင်ချိန်တွင် ဗီယက်နမ်-မြန်မာ ဘက်စုံပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးသည် ယခင်ကထက် သာလွန်ကောင်းမွန်သည့်အဆင့်သို့ ရောက်ရှိတက်လှမ်းနိုင်မည်ဟု ယုံကြည်ပါသည်။ အဆွေတော်၏ ဦးဆောင်မှုအောက်တွင် မြန်မာနိုင်ငံသည် ဒေသတွင်းတည်ငြိမ်မှုနှင့် သာယာဝပြောမှု၏ မဏ္ဍိုင်တစ်ရပ်အဖြစ် ဆက်လက်ရပ်တည်နိုင်မည်ဟု ယုံကြည်ပါသည်။ မြန်မာနိုင်ငံ၏ တိုးတက်၍ ငြိမ်းချမ်းသည့်ပုံရိပ်ကို ဗီယက်နမ်ပြည်သူများထံသို့ မြှင့်တင်အသိပေးရာတွင် မိမိတို့အသင်းက ယုံကြည်ရသည့်မိတ်ဖက်အဖြစ် ဆက်လက်ရပ်တည်သွားမည်ဖြစ်ကြောင်း ကတိပြုပါသည်။

အဆွေတော်အနေဖြင့် စည်းလုံးညီညွတ်မှုနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုဆီသို့ ဦးတည်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား ဦးဆောင်ရာတွင် ကျန်းမာမှု၊ ပျော်ရွှင်မှု၊ အောင်မြင်မှုများနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

လေးစားမှုဖြင့်

မစ္စတာ ကြူကုန်းဖုန်
ဗီယက်နမ်-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အစိုးရအကြံပေး(ပထမတန်း) နိုင်ငံပိုင် Roscomos ကော်ပိုရေးရှင်း အထွေထွေညွှန်ကြားရေးမှူးချုပ် Dmitry Vladimirovich Bakanov ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၇

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အစိုးရအကြံပေး(ပထမတန်း) နိုင်ငံပိုင် Roscomos ကော်ပိုရေးရှင်း အထွေထွေညွှန်ကြားရေးမှူးချုပ် Dmitry Vladimirovich Bakanov ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။**

ရက်စွဲ၊ ၇-၄-၂၀၂၆ စာအမှတ်၊ ဘီ-၂၅၄၆-၁၀၁-ယူ

**သို့**
**ဦးမင်းအောင်လှိုင်**
**သမ္မတ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**လေးစားအပ်ပါသော သမ္မတကြီးခင်ဗျား၊**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတအဖြစ် တာဝန်စတင်ထမ်းဆောင်သည့်အတွက်ကြောင့် ကျွန်ုပ်အနေဖြင့် အထူးပင်ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ဖော်ပြအပ်ပါသည်။

ယခုကဲ့သို့ မြင့်မြတ်လှသောတာဝန်ကို ထမ်းဆောင်ရန်ရွေးချယ်ခံရခြင်းသည် နိုင်ငံတော်တည်ငြိမ်ရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အဆွေတော်၏ ကြိုးပမ်းအားထုတ်မှုများကို ပြည်သူလူထုတစ်ရပ်လုံးက အသိအမှတ်ပြုကြောင်း ခိုင်မာသော သက်သေအထောက်အထားပင် ဖြစ်ပါသည်။

ရုရှား-မြန်မာ ပူးပေါင်းဆောင်ရွက်မှုများ အထူးသဖြင့် အာကာသစူးစမ်းလေ့လာရေးကဲ့သို့သော အရေးကြီးသည့် နယ်ပယ်များတွင် အဆွေတော်၏ အစဉ်တစိုက် ပံ့ပိုးကူညီမှုများကို ကျွန်ုပ်တို့ အထူးပင် တန်ဖိုးထားပါသည်။ အဆွေတော်၏ ခိုင်မာသောရပ်တည်ချက်နှင့် အလေးထားဆောင်ရွက်မှုတို့ကြောင့် အဆိုပါကဏ္ဍတွင် သိသာထင်ရှားသော တိုးတက်မှုများရရှိခဲ့ပါသည်။

နှစ်ဦးနှစ်ဖက်အကျိုးရှိမည့် မိတ်ဖက်ဆက်ဆံရေးကို ပိုမိုနက်ရှိုင်းအောင် ဆက်လက်ဆောင်ရွက်သွားရန် အဆင်သင့်ရှိပါကြောင်း ထပ်လောင်းပြောကြားအပ်ပါသည်။

အဆွေတော်နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားအားလုံး ကျန်းမာချမ်းသာပါစေကြောင်းနှင့် ငြိမ်းချမ်းပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

လေးစားစွာဖြင့်

Dmitry Vladimirovich Bakanov
ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အစိုးရအကြံပေး(ပထမတန်း)
အထွေထွေညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံပိုင် Roscomos ကော်ပိုရေးရှင်း

# ကျိုင်းတုံနှင့် တာချီလိတ်ခရိုင်အတွင်း မီးခိုးမြူငွေ့ဖြစ်ပေါ်မှု လျှော့ချရေးအတွက် Fire hotspot ဖြစ်ပွားမှုများနှင့် မြေအသုံးချမှုများအား ဝေဟင်မှ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၇**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အောက်ရှိ သစ်တောဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် မြေတိုင်းဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများသည် ကျိုင်းတုံခရိုင်နှင့် တာချီလိတ်ခရိုင်အတွင်း Fire hotspot ဖြစ်ပွားလေ့ရှိသည့် နေရာများနှင့် မြေအသုံးချမှု ပြောင်းလဲမှုများကို ဝေဟင်မှ ကြည့်ရှုစစ်ဆေးရန် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ ချက်နိုင်ငံထုတ် Let L 410 အမျိုးအစား သယ်ယူပို့ဆောင်ရေးလေယာဉ်ဖြင့် ထွက်ခွာကြရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့သို့ ရောက်ရှိကြသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်များနှင့်အဖွဲ့သည် ရှမ်းပြည်နယ် အစိုးရအဖွဲ့ခွဲ (ရှမ်းအရှေ့) ဥက္ကဋ္ဌ၊ ကျိုင်းတုံခရိုင် စီမံခန့်ခွဲရေးအဖွဲ့ ဥက္ကဋ္ဌတို့နှင့်အတူ ကျိုင်းတုံခရိုင်နှင့် တာချီလိတ်ခရိုင်အတွင်း မြေအသုံးချမှုများ၊ Fire hotspot ဖြစ်ပွားမှုများနှင့် မီးခိုးမြူငွေ့ဖြစ်ပေါ်မှု လျှော့ချနိုင်ရေးဝေဟင်မှ ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ ညစ်ညမ်းမှု လျှော့ချရေးဆိုင်ရာ အသိပညာပေးရေးဟောပြောပွဲကို ကျင်းပရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဆန်းဦးက "နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှုထိန်းချုပ်ရေး အားလုံးပူးပေါင်းပါဝင်ပေး" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းနိုင်ဦးက "ရာသီဥတုပြောင်းလဲမှု၊ တောမီးနှင့် မီးခိုးမြူငွေ့ တားဆီးကာကွယ်ရေး" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက "မီးခိုးမြူငွေ့ကင်းစင်ဖို့ စိုက်နည်းစနစ်များ ပြောင်းကြစို့" ခေါင်းစဉ်ဖြင့်လည်းကောင်း အသိပညာပေး ဟောပြောရာ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။



ညနေပိုင်းတွင် ကျိုင်းတုံမြို့နယ် လွိုင်မွေမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ခန်းမ၌ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှုလျှော့ချရေးဆိုင်ရာ အသိပညာပေးရေးဟောပြောပွဲကို ကျင်းပရာ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

❑ ရှေ့ဖုံးမှ

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုတရားသူကြီးချုပ် အပါအဝင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ကိုးဦးဖြင့် ဖွဲ့စည်းဆောင်ရွက်သင့်ကြောင်း လွှတ်တော်သို့ တင်ပြခဲ့ပြီးဖြစ်ကြောင်း ပြောကြားပြီး အဆိုပါတင်ပြချက်နှင့် စပ်လျဉ်း၍ ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်မရှိသည့်အတွက် လွှတ်တော်သို့ တင်ပြထားသော ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို ပြည်ထောင်စုတရားသူကြီးချုပ် အပါအဝင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ကိုးဦးဖြင့် ဖွဲ့စည်းဆောင်ရွက်သင့်ကြောင်း တင်ပြချက်ကို လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော ဦးသာဌေးအား ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် လွှတ်တော်သို့ တင်ပြခဲ့ပြီးဖြစ်ကြောင်း ပြောကြားပြီး အဆိုပါပုဂ္ဂိုလ်နှင့် စပ်လျဉ်း၍ ကန့်ကွက်ချက် တစ်စုံတစ်ရာ မရှိသည့်အတွက် လွှတ်တော်သို့ တင်ပြထားသော ဦးသာဌေးအား ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသောပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ၁၅ ဦးတို့၏ အမည်စာရင်းများကို လွှတ်တော်သို့ တင်ပြခဲ့ပြီးဖြစ်ကြောင်း ပြောကြားပြီး အဆိုပါပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ ကန့်ကွက်ချက် တစ်စုံတစ်ရာမရှိသဖြင့် လွှတ်တော်သို့ တင်ပြထားသည့် ဦးသန်းစိုး၊ ဦးအောင်မိုးမြင့်၊ ဦးအောင်လွင်ဦး၊ ဦးမြင့်ဦး၊ ဦးခင်မောင်ဦး၊ ဦးမြင့်သိန်း၊ ဦးကိုကိုလွင်၊ ဦးသန်းအောင်ကျော်၊ ဦးခင်ဇော်၊ ဦးသန်းထွတ်သိန်း၊ ဦးအောင်မြင့်လွင်၊ ဦးခင်မောင်ကြီး၊ ဦးမျိုးမောင်၊ ဦးကြည်သိန်းနှင့် ဒေါ်ခင်သင်းဝေတို့ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ ယင်းအဖွဲ့မှ ဦးသန်းစိုးကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌအဖြစ်လည်းကောင်း ခန့်အပ်တာဝန်ပေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော ပြည်ထောင်စုအစိုးရဝန်ကြီးဌာန အရေအတွက်နှင့် အမည်သတ်မှတ်ချက်တို့နှင့် စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြင့်စန်းက အစိုးရအဆက်ဆက်က တောင်သူလယ်သမားများနှင့် သက်ဆိုင်သည့် ဥပဒေများ ပြဋ္ဌာန်းပေးသော်လည်း လက်တွေ့မြေပြင်တွင် အားနည်းနေသည်ကို တွေ့ရကြောင်း၊ လယ်ယာမြေဥပဒေ၊ မြေလွတ်မြေလပ်နှင့် မြေရိုင်းများ



တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့သို့ တက်ရောက်လာသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအား တွေ့ရစဉ်။

စီမံခန့်ခွဲရေးဥပဒေ စသည်ဖြင့် ဥပဒေ (၂၀)ခန့် ရှိသော်လည်း တောင်သူလယ်သမားများအတွက် ထိရောက်မှုအားနည်းသည့်အပြင် မူဝါဒများ ပေါင်းစည်းနိုင်မှု မရှိသောကြောင့် ဗဟိုအဆင့်အနေဖြင့် စနစ်တကျ ကွပ်ကဲသင့်သည်ကို စိစစ်တွေ့ရှိရကြောင်း။

တောင်သူလယ်သမားရေးရာ ဝန်ကြီးဌာန ပေါ်ပေါက်လာလျှင် တောင်သူလယ်သမား မိသားစုများအတွက် မြေယာစီမံခန့်ခွဲရေးကိစ္စရပ်များ လွယ်ကူချောမွေ့ကာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို ခေတ်မီနည်းပညာများ၊ စက်ကိရိယာများ၊ မျိုးစေ့သစ်များ၊ စက်မှုလက်မှုနှင့် စိုက်ပျိုးမွေးမြူရေးပညာများ သင်ကြားပေးနိုင်ပြီး သာမန် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းမှ နိုင်ငံအဆင့်၊ ကမ္ဘာ့အဆင့် စားနပ်ရိက္ခာထုတ်လုပ်သော နိုင်ငံအဆင့်သို့ တက်လှမ်းနိုင်မည်ဖြစ်ကြောင်း။

တောင်သူလယ်သမားရေးရာ ဝန်ကြီးဌာနကို သီးခြားဖွဲ့စည်းပြီး ပြည်ထောင်စုဝန်ကြီးတစ်ဦးက ဦးစီးဆောင်ရွက်သင့်ကြောင်း၊ ဝန်ကြီးဌာန မဖွဲ့စည်းနိုင်သေးသည့်အချိန်တွင် တောင်သူလယ်သမားများ၏ ကိစ္စအဝဝကို သီးခြားဆောင်ရွက်ပေးနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတွင် တောင်သူလယ်သမားရေးရာဦးစီးဌာန တစ်ခုအဖြစ် ဖွဲ့စည်းပေးရန် အကြံပြုဆွေးနွေးသည်။

ယင်းနောက် ဒလမဲဆန္ဒနယ်မှ ဦးတင်မြင့်က ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၆ အရ ပြည်ထောင်စုလွှတ်တော်သည် ဇယား ၁ တွင် ဖော်ပြထားသော ပြည်ထောင်စုဥပဒေပြုစာရင်းပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဥပဒေပြုခွင့်ရှိသဖြင့် ပြည်ထောင်စုဥပဒေပြုစာရင်း အပိုဒ်( ၅ ) စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍ၊ အပိုဒ်ခွဲ (င)၊ (ဈ)၊ (ည) တို့တွင် ပါရှိသည့် တောင်သူလယ်သမားများအတွက် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ၊ စက်မှုလယ်ယာအဖြစ် တိုးမြှင့်ဆောင်ရွက်ရေးလုပ်ငန်းများ၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးထုတ်လုပ်ရေး လုပ်ငန်းများနှင့် တောင်သူလယ်သမား အခွင့်အရေးများအတွက် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြထားကြောင်း၊ ထို့ကြောင့် တောင်သူ လယ်သမားများအတွက် လုံလောက်သော စိုက်ပျိုးစရိတ်ချေးငွေထုတ်ပေးခြင်း၊ မျိုး၊ မြေ၊ ရေ၊ နည်း (၄) ချက်နှင့်အညီ နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးနိုင်ရေးအတွက် နည်းပညာများ ဖြန့်ဖြူးခြင်း၊ တောင်သူလယ်သမားများ ရသင့်ရထိုက်သော အခွင့်အရေးများ ရရှိရေး ဆောင်ရွက်နိုင်ရေးတို့အတွက် တောင်သူလယ်သမားရေးရာ ဝန်ကြီးဌာန တစ်ခု တိုးချဲ့ဖွဲ့စည်းသင့်ကြောင်း။

ထို့ပြင် ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များကို ဥပဒေနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအား ပေါင်းစပ်ဖွဲ့စည်းမည့်အစား ဟိုတယ် ခရီးသွားလာရေးဝန်ကြီးဌာန တစ်ခုနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန တစ်ခုအဖြစ် သီးခြားစီ ဖွဲ့စည်းသင့်ကြောင်း အကြံပြုဆွေးနွေးသည်။

ဆက်လက်၍ ကလောမဲဆန္ဒနယ်မှ ဒေါက်တာ နန္ဒာလှမြင့်က လက်ရှိအခြေအနေတွင် လက်နက်ကိုင်အကြမ်းဖက်အဖွဲ့များ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် ပျက်စီးသွားသော စည်ပင်သာယာနယ်နိမိတ်အဖြစ် သတ်မှတ်ထားသော မြို့များကို ပြန်လည်တည်ဆောက်ရာတွင် သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် အခြားမြို့များနည်းတူ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်သည့်နေရာတွင် ဒေသနေပြည်သူများထံမှ ရရှိသော အခွန်အခကောက်ခံရရှိငွေဖြင့်သာ လုပ်ဆောင်ရမည်ဆိုပါက အခက်အခဲများစွာ ရှိနေသည့်အတွက် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနအနေဖြင့် လုပ်ကိုင်ပါက အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈၊ ဇယား (၂) အပိုဒ်(၈)၊ စီမံခန့်ခွဲရေးကဏ္ဍတွင် ထည့်သွင်းထားသည့် စည်ပင်သာယာရေးအဖွဲ့ကို ပြည်ထောင်စုအဆင့်အဖြစ် လွှတ်တော်အတွင်း ပြင်ဆင်ပြီး ပြည်ထောင်စုအဆင့် အဖွဲ့အစည်းအဖြစ် ဖွဲ့စည်းဆောင်ရွက်သင့်ကြောင်း အကြံပြုဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက လွှတ်တော်သို့ တင်ပြထားသော ပြည်ထောင်စုအစိုးရဝန်ကြီးဌာန အရေအတွက်နှင့် အမည်သတ်မှတ်ချက်တို့နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်သုံးဦး၏ အကြံပြုဆွေးနွေးချက်များအပေါ် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ၏ ရှင်းလင်းဖြေကြားချက်ကို ဖတ်ကြားရာတွင် မြန်မာနိုင်ငံ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်နေ ပြည်သူများဖြစ်ပြီး ကျေးလက်နေပြည်သူ အများစုသည် တောင်သူလယ်သမားများ ဖြစ်သောကြောင့် တောင်သူလယ်သမားများ၏ အခန်းကဏ္ဍ မြှင့်တင်ရေးသည်လည်း အရေးကြီးကြောင်း၊ လက်ရှိတွင် တောင်သူလယ်သမားရေးရာ ကိစ္စရပ်များကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့က တာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် တောင်သူလယ်သမားရေးရာ ဝန်ကြီးဌာနကို သီးခြားဝန်ကြီးဌာနတစ်ခုအနေဖြင့် ဖွဲ့စည်းမထားခြင်းဖြစ်ပါကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတွင် စိုက်ပျိုးရေးဦးစီးဌာနကို ဖွဲ့စည်းထားရှိကြောင်း။

မြန်မာ့လယ်ယာကဏ္ဍတွင် စိုက်ပျိုးရေး၊ သားငါးမွေးမြူရေးနှင့် သစ်တောကဏ္ဍများ ပါဝင်ပြီး လယ်ယာကဏ္ဍသည် မြန်မာနိုင်ငံ၏ အရေးပါသော အခန်းကဏ္ဍက ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် လယ်ယာကဏ္ဍ အခွင့်အလမ်းကောင်းများကို ဖော်ထုတ်ပေးနိုင်ရန်အတွက် မူဝါဒနှင့် လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းအားဖြင့် အရည်အသွေးမီ လယ်ယာနှင့် သားငါးထွက်ကုန်များကို ပြည်တွင်း၌သာမက ပြည်ပဈေးကွက်အထိ တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနသည် ဝန်ကြီးဌာန၏ လယ်ယာကဏ္ဍမူဝါဒများ၊ မျှော်မှန်းချက်များ ပြည့်မီရန် ရည်ရွယ်ပြီး မျှော်မှန်းချက်၊ လုပ်ငန်းတာဝန်များ၊ ရည်ရွယ်ချက်များ၊ မူဝါဒများ၊ လုပ်ငန်းများနှင့် လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတွင်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မျှော်မှန်းချက်အနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို စဉ်ဆက်မပြတ် ဖော်ဆောင်ရန်ဖြစ်ကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လုပ်ငန်းတာဝန်များထဲတွင် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လမ်းများနှင့် တံတားများ တည်ဆောက်ခြင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်း၊ ကျေးလက်ဒေသနေပြည်သူများ အလုပ်အကိုင်ရရှိရေးနှင့် စီးပွားရေးလုပ်ငန်းများ ဖော်ထုတ်ဆောင်ရွက်နိုင်ရန် အရင်းမပျောက်မတည်ရန်ပုံငွေ ထူထောင်ပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကျေးလက်နေပြည်သူများ၏ လုပ်ငန်းစွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပို့ချခြင်းနှင့် ဒေသထုတ်ကုန်များ ဈေးကွက်ရရှိရေး ချိတ်ဆက်ကူညီဆောင်ရွက်ပေးရန်ဆိုသည့် လုပ်ငန်းတာဝန်များ ပါဝင်ကြောင်း။

လက်ရှိတွင်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန နှစ်ခုသည် တောင်သူလယ်သမားရေးရာကိစ္စများကို ဟန်ချက်ညီညီ ဆောင်ရွက်ပေးနေသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံအများစု၏ ဝန်ကြီးဌာနဖွဲ့စည်းမှုကို ကြည့်မည်ဆိုလျှင်လည်း တောင်သူလယ်သမားရေးရာကိစ္စရပ်များကို လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်နေသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် တောင်သူလယ်သမားရေးရာဝန်ကြီးဌာနအဖြစ် သီးခြားဝန်ကြီးဌာနတစ်ခုကို ထပ်မံတိုးချဲ့ပြီး ဖွဲ့စည်းမှု မပြုခြင်းဖြစ်ကြောင်း။

ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုကို ဝန်ကြီးဌာနတစ်ခုတည်း ပေါင်းစပ်ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်သည် ယဉ်ကျေးမှုကို ခရီးသွားလုပ်ငန်း၏ အဓိကမောင်းနှင်အားအဖြစ် အသုံးချပြီး စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အကျိုးကျေးဇူးများကို တစ်ပြိုင်တည်း ရရှိစေရန်ဖြစ်ကြောင်း၊ နိုင်ငံအများအပြားတွင်လည်း ဟိုတယ်၊ ခရီးသွားနှင့် ယဉ်ကျေးမှုကို ပေါင်းစပ်ပြီး ဝန်ကြီးဌာနတစ်ခုအဖြစ် ဖွဲ့စည်းဆောင်ရွက်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ရရှိနိုင်သည့် အကျိုးကျေးဇူးများသည် ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုထိန်းသိမ်းရေးကို တစ်ပြိုင်တည်း ညှိနှိုင်းနိုင်ပြီး ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုကို အားပေးနိုင်ကြောင်း၊ ခရီးသွားများကို ဒေသခံရိုးရာဓလေ့၊ အနုပညာ၊ သမိုင်းဝင်နေရာများနှင့် မိတ်ဆက်ပေးရာတွင် ပိုမိုထိရောက်စေမည်ဖြစ်ကြောင်း၊ ယဉ်ကျေးမှုဆိုင်ရာ ခရီးသွားလုပ်ငန်းကတစ်ဆင့် ဒေသခံပြည်သူများ၏ ဝင်ငွေတိုးတက်စေနိုင်မည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာချိန်တွင် ယဉ်ကျေးမှုဆိုင်ရာ ထိခိုက်မှုများကို လျှော့ချနိုင်ပြီး အမွေအနှစ်များကို ကာကွယ်နိုင်မည်ဖြစ်ကြောင်း၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းကို ပေါင်းစပ်ခြင်းဖြင့် နိုင်ငံ၏ ဆွဲဆောင်မှုအား မြှင့်တင်ကာ နိုင်ငံခြားခရီးသွားများကို ပိုမိုဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း၊ ဘတ်ဂျက်၊ လူအင်အားနှင့် အခြေခံအဆောက်အအုံများကို ပိုမိုထိရောက်စွာ စီမံခန့်ခွဲနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအဖြစ် ပေါင်းစပ်ဖွဲ့စည်းရခြင်း ဖြစ်ကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၏ ပုဒ်မ ၁၈၈ တွင် "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် ဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ဝန်းလုံးအတွက်သော် လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်စိတ်တစ်ဒေသ အတွက်သော်လည်းကောင်း အာဏာသက်ရောက်စေရန် ဥပဒေပြုခွင့်ရှိသည်"ဟု ပြဋ္ဌာန်းထားပြီး ဇယား(၂)၊ အပိုဒ်(၈)၊ စာပိုဒ်ခွဲ(က)တွင်

*စာမျက်နှာ ၅ သို့*

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် ပါတီများ၊ အသင်း/အဖွဲ့များက အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာချက်များ ထုတ်ပြန်

**နေပြည်တော် ဧပြီ ၇**

၂၀၂၆ ခုနှစ် ဧပြီ ၃ ရက်တွင်ကျင်းပသည့် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲ၌ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံးပါဝင်သော နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)နှင့် မြန်မာနိုင်ငံစာရေးဆရာအသင်းတို့က အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်များ ထုတ်ပြန်ခဲ့ကြသည်။

အဆိုပါ ထုတ်ပြန်ကြေညာချက်များတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးလှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်မှုဖြင့် အမိနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ပါစေကြောင်း၊ နိုင်ငံတော်သမ္မတ ဦးဆောင်မည့် ပြည်ထောင်စုအစိုးရအဖွဲ့က နိုင်ငံတော်နှင့် တိုင်းရင်းသားမိဘပြည်သူလူထုအကျိုးတို့ကို အောင်မြင်စွာ သယ်ပိုးနိုင်လိမ့်မည်ဟု အပြည့်အဝယုံကြည်ကြောင်း၊ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပြီး နိုင်ငံတော်၏အကျိုး၊ အမျိုးဘာသာသာသနာအကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း စသည်ဖြင့် ပါရှိကြောင်း သိရှိရသည်။

**သတင်းစဉ်**

## ဝမ်းမြောက်ဂုဏ်ယူကြောင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး၏ အထွေထွေရွေးကောက်ပွဲကြီးအပြီးတွင် ပြည်သူက တင်မြှောက်ပေးခဲ့သော နိုင်ငံတော်သမ္မတကြီးအဖြစ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဒုတိယသမ္မတ(၁) ဦးညိုစော၊ ဒုတိယသမ္မတ(၂) ဒေါ်နန်းနီနီအေးတို့အနေဖြင့် နိုင်ငံ့တာဝန်အား ဆတက်ထမ်းပိုး ထမ်းဆောင်မည်ကို ယုံကြည်အားကိုးခြင်းဖြင့် မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

**ဗဟိုဥက္ကဋ္ဌနှင့်ဗဟိုကော်မတီအဖွဲ့**
**မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ဗဟိုရုံးချုပ်**

## ဂုဏ်ယူဝမ်းမြောက်ကြောင်း

၂၀၂၆ ခုနှစ် ဧပြီ ၃ ရက်တွင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံးပါဝင်သော သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့က နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများကို ရွေးချယ်တင်မြှောက်ခဲ့ကြပါသည်။

ထိုသို့ရွေးချယ်တင်မြှောက်ကြရာတွင် နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယသမ္မတများအဖြစ် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေးတို့က ရွေးချယ်တင်မြှောက်ခံခဲ့ကြရသည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတ ဦးဆောင်မည့် ပြည်ထောင်စုအစိုးရအဖွဲ့က နိုင်ငံတော်နှင့် တိုင်းရင်းသားမိဘပြည်သူလူထုအကျိုးတို့ကို အောင်မြင်စွာ သယ်ပိုးဆောင်ရွက်နိုင်လိမ့်မည်ဟု အပြည့်အဝယုံကြည်ပါကြောင်းနှင့် နိုင်ငံတော်နှင့် တိုင်းရင်းသားမိဘပြည်သူလူထုအကျိုးတို့ကို သယ်ပိုးဆောင်ရွက်ရာတွင် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီမှ အပြည့်အဝပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဤ "ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာ"ကို ပေးပို့အပ်ပါသည်။ **ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ**

## အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်း

၂၀၂၆ ခုနှစ် ဧပြီ ၃ ရက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော်မှ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အားနိုင်ငံတော်သမ္မတအဖြစ်လည်းကောင်း၊ ဦးညိုစောအား ဒုတိယသမ္မတ(၁)အဖြစ်လည်းကောင်း၊ ဒေါ်နန်းနီနီအေး အား ဒုတိယသမ္မတ(၂)အဖြစ်လည်းကောင်း အသီးသီး ရွေးချယ်တင်မြှောက်ပေးခဲ့သည့်အပေါ် အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ (NIDP)မှ အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထုတ်ပြန်အပ်ပါသည်။

နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်မှုဖြင့် အမိနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ပါစေကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီမှ ဆန္ဒပြုအပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**
**အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် "မြန်မာနိုင်ငံ စာရေးဆရာအသင်း"က အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပြီး နိုင်ငံတော်၏အကျိုး၊ အမျိုးဘာသာ သာသနာအကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သပါသည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**

*စာမျက်နှာ ၄ မှ*

"စည်ပင်သာယာရေး"ဆိုသည့် ကဏ္ဍရပ်ပါဝင်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၄၉ တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ အုပ်ချုပ်မှုအာဏာသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဥပဒေပြုနိုင်သော ကိစ္စရပ်များသို့ သက်ရောက်ပျံ့နှံ့သည်"ဟု ပြဋ္ဌာန်းထားကြောင်း။

ထို့ကြောင့် "စည်ပင်သာယာရေး" ကဏ္ဍသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဥပဒေပြုခွင့်ရှိပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ အုပ်ချုပ်မှုအာဏာအတွင်း ကျရောက်သည့် ကိစ္စရပ်ဖြစ်ကြောင်း၊ စည်ပင်သာယာရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များသည် ဒေသတစ်ခုအတွင်းနေ ပြည်သူများအတွက် နေ့စဉ်နှင့်အမျှ ထိတွေ့ဆောင်ရွက်ပေးနေရသော လုပ်ငန်းကိစ္စရပ်များဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများကို တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဥပဒေနှင့်အညီ မိမိတို့ဒေသ၏ အခြေအနေ၊ အချိန်အခါနှင့် လိုက်လျောညီထွေရှိစေရန် ဆောင်ရွက်ခွင့်ပေးထားကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်နှင့် စည်ပင်သာယာရေးဝန်ကြီးဌာနကို ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုအဆင့်တွင် စည်ပင်သာယာရေးဝန်ကြီးဌာနကို ဖွဲ့စည်းဆောင်ရွက်ရန် မသင့်သည်ကို တွေ့ရှိရကြောင်း ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော ပြည်ထောင်စုအစိုးရဝန်ကြီးဌာန အရေအတွက်နှင့် အမည်သတ်မှတ်ချက်နှင့်စပ်လျဉ်း၍ ဆွေးနွေးမေးမြန်းခဲ့ကြသော လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားရယူကာ အဆိုပြုတင်ပြထားသည့် ပြည်ထောင်စုအစိုးရဝန်ကြီးဌာန အရေအတွက် ၃၁ ခုနှင့် အဆိုပါ ပြည်ထောင်စုဝန်ကြီးဌာန အမည်သတ်မှတ်ချက်ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းများကို လွှတ်တော်သို့ ဖတ်ကြားတင်ပြပြီး လွှတ်တော်က သဘောတူကြောင်း ကြေညာခြင်းနှင့် ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ကန့်ကွက်ကြောင်း အဆိုတင်သွင်းခြင်းတို့ကို ဧပြီ ၉ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ကန့်ကွက်လိုသည့်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ် ရှစ်ဦး၏ အမည်စာရင်းများကို လွှတ်တော်သို့ ဖတ်ကြားတင်ပြပြီး ယင်းပုဂ္ဂိုလ် ရှစ်ဦး၏ အမည်ကို လွှတ်တော်က သဘောတူကြောင်း ကြေညာခြင်းနှင့် ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ကန့်ကွက်ကြောင်း အဆိုတင်သွင်းခြင်းတို့ကို ဧပြီ ၉ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကန့်ကွက်လိုသည့် ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၏ အမည်စာရင်းကို လွှတ်တော်သို့ ဖတ်ကြားတင်ပြကာ ဒေါက်တာ ခင်နိုင်ဦးအား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌများအဖြစ် ဦးဇော်မြင့်နိုင်၊ ဦးသက်ထွန်းအောင်နှင့် ဒေါက်တာစန္ဒာဦး တို့အားလည်းကောင်း တာဝန်ပေးအပ်ရန် လွှတ်တော်သို့ တင်ပြထားကြောင်း ပြောကြားပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၏ အမည်စာရင်းကို လွှတ်တော်က သဘောတူကြောင်းနှင့် ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ကန့်ကွက်ကြောင်း အဆိုတင်သွင်းခြင်းတို့ကို ဧပြီ ၉ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကန့်ကွက်လိုသည့် ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သစ်ကို ဖွဲ့စည်းခန့်အပ်တာဝန်ပေးနိုင်ရေး သက်ဆိုင်ရာဥပဒေနှင့်အညီ လွှတ်တော်သို့တင်ပြထားကြောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သစ်ကို ဖွဲ့စည်းနိုင်ရန် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဖွဲ့ဝင် သုံးဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသူ အဖွဲ့ဝင် သုံးဦး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသူအဖွဲ့ဝင် သုံးဦး စုစုပေါင်း အဖွဲ့ဝင် ကိုးဦး၏ အမည်စာရင်းနှင့် ယင်းအဖွဲ့မှ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် အဖွဲ့ဝင်တစ်ဦး၏ အမည်ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေနှင့်အညီ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရယူနိုင်ရန် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုလွှတ်တော် နာယကထံ ပေးပို့တင်ပြထားကြောင်း ပြောကြားပြီး နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က ရွေးချယ်တင်ပြထားသည့် အဖွဲ့ဝင် ကိုးဦး၏ အမည်စာရင်းကို လွှတ်တော်သို့ ဖတ်ကြားတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ရွေးချယ်တင်ပြထားသည့် အဖွဲ့ဝင် ကိုးဦးအနက် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ရွေးချယ်ထားသူ ဦးစိုးသိန်းအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားကြောင်း ပြောကြားပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သစ်ဖွဲ့စည်းရန် လွှတ်တော်သို့ တင်သွင်းထားသည့် အမည်စာရင်းနှင့် စပ်လျဉ်း၍ လွှတ်တော်က သဘောတူကြောင်း ကြေညာခြင်းနှင့် ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ကန့်ကွက်ကြောင်း အဆိုတင်သွင်းခြင်းတို့ကို ဧပြီ ၉ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ကန့်ကွက်လိုသည့် ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော ပြည်ထောင်စုဝန်ကြီး ဦးရေ ၃၀ သတ်မှတ်ချက်နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်မရှိသည့်အတွက် ပြည်ထောင်စုဝန်ကြီး ဦးရေ ၃၀ သတ်မှတ်ချက်ကို လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားကြောင်းနှင့် အစည်းအဝေး ပဉ္စမနေ့ကို ဧပြီ ၉ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာသည်။

**သတင်းစဉ်**

# ရွှေရောင်အိပ်မက်များနောက်ကွယ်က အွန်လိုင်းလိမ်လည်မှုလုပ်ငန်း၏ လူကုန်ကူးမှုကျော့ကွင်း (ကမ္ဘောဒီးယားရောက် မြန်မာလူငယ်တို့၏ သင်ခန်းစာ)

*ဇေဌ(လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့)*

- **"အွန်လိုင်းလိမ်လည်မှု" ဆိုသည်မှာ တစ်ဦးတစ်ယောက်ချင်းစီ၏ ဘဝကိုသာမက မိသားစုပေါင်းများစွာကိုပါ ပူလောင်စေသည့် ငရဲကျင်းတစ်ခုဖြစ်ပါသည်။ ရည်ရွယ်ချက်ကိုဖုံးကွယ်၍ သွေးဆောင်ခေါ်ယူနေသော အလုပ်ခေါ်စာများကြောင့် ဖြစ်ပေါ်လာသော ရွှေရောင်အိပ်မက်များနောက်သို့ မစဉ်းစားမဆင်ခြင် လိုက်ပါသွားခြင်းသည် မိမိကိုယ်မိမိ သေတွင်းထဲသို့ ခုန်ဆင်းခြင်းနှင့် အတူတူပင်ဖြစ်**
- **ထို့ကြောင့် မိမိ၏ဘဝအနာဂတ်ကို တန်ဖိုးထားသော လူငယ်များအနေဖြင့် သတင်းအချက်အလက်များကို မျက်ခြည်မပြတ်စောင့်ကြည့်ပြီး သတိ၊ ဝီရိယဖြင့် ဆင်ခြင်တုံတရားရှိရှိ ရွေးချယ်ကြပါရန်နှင့် မသေချာသော ရွှေရောင်အိပ်မက်များနောက်သို့ မျက်စိမှိတ်မလိုက်ပါရန် အရေးကြီးပါသည်။ "အွန်လိုင်းလိမ်လည်မှု"လုပ်ငန်းများနှင့် ဆက်နွှယ်ဖြစ်ပေါ်လာသော လူကုန်ကူးခံရမှုသည် လူသားတို့၏ ဘဝနှင့်ဂုဏ်သိက္ခာကို ဖျက်ဆီးနေသည့်လုပ်ငန်းများဖြစ်သဖြင့် မြန်မာလူငယ်များအနေဖြင့် မှန်ကန်သောလမ်းကို အသိ / သတိဖြင့် ရွေးချယ်လျှောက်လှမ်း**

ယနေ့ခေတ်ကာလတွင် စီးပွားရေးအကျပ်အတည်းနှင့် အလုပ်အကိုင်ရှားပါးမှုများကို အခွင့်ကောင်းယူကာ အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများတွင် အဓမ္မခိုင်းစေရန်အတွက် ပုံစံအမျိုးမျိုးဖြင့် လိမ်လည်သွေးဆောင်ခေါ်ယူနေမှုများသည် အိမ်နီးချင်းနိုင်ငံများတွင် မှိုလိုပေါက်များလာလျက်ရှိပါသည်။

အထူးသဖြင့် ကမ္ဘောဒီးယားနိုင်ငံရှိ "အွန်လိုင်းလိမ်လည်မှု"(Online Scams) ဟု ခေါ်ဆိုသော ငွေကြေးလိမ်လည်သည့် လုပ်ငန်းစုများသည် မြန်မာလူငယ်များစွာ၏ဘဝကို မြေစာပင်ဖြစ်စေခဲ့သည်။ အဆိုပါ မိမိတို့၏ ရင်ဝယ်သားလူငယ်များကို နိုင်ငံတော်မှ မိခင်နိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့ပြီးလည်း ဖြစ်ပါသည်။

မျက်မှောက်ခေတ်တွင် ပြည်ပထွက်ခွာ အလုပ်လုပ်ကိုင်လိုသည့် မြန်မာလူငယ်များ များပြားလာသည်နှင့်အမျှ **"လစာကောင်းကောင်း၊ အလုပ်သက်သာ"** ဟူသောမက်လုံးများဖြင့် လိမ်လည်သွေးဆောင်ဖြားယောင်းနေမှုများသည် လူကုန်ကူးမှုဘေးအန္တရာယ်ဆိုးတွင်းသို့ ဆွဲခေါ်နေသလိုဖြစ်နေပါသည်။ အထူးသဖြင့် ကမ္ဘောဒီးယားနိုင်ငံရှိ အွန်လိုင်းမှတစ်ဆင့် ငွေကြေးလိမ်လည်သည့်လုပ်ငန်းများ (Online Scams) တွင် အဓမ္မခိုင်းစေခံရသည့် မြန်မာလူငယ်များ၏ ဖြစ်ရပ်အား သင်ခန်းစာရယူရန် ရည်ရွယ်ပါသည်။

## ဆွဲဆောင်မှုရှိသော "ပိုက်ကွန်"

**ကမ္ဘောဒီးယားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော လူငယ်များ၏ အတွေ့အကြုံများအရ အွန်လိုင်းလိမ်လည်သည့် လုပ်ငန်းများသည် လူမှုကွန်ရက်စာမျက်နှာများဖြစ်သော Facebook နှင့် Telegram တို့တွင် အလုပ်ခေါ်စာများကို ဆွဲဆောင်မှုရှိစွာ တင်လေ့ရှိကြောင်း၊ အင်္ဂလိပ်စာ ပြောဆိုတတ်ရန်မလို၊ ဘွဲ့ရရန်မလို၊ ကွန်ပျူတာအခြေခံရှိရုံဖြင့် တစ်လလျှင် လစာ အမေရိကန်ဒေါ်လာ ၁၀၀၀ ကျော်ရမည်ဟု စည်းရုံးခဲ့ကြကြောင်း သိရှိရပါသည်။**

အဆိုပါမက်လုံးများသည် မိမိတို့၏ လူနေမှုဘဝ တိုးတက်မှုကို ရှာဖွေနေသော လူငယ်များအတွက် ရွှေရောင်အိပ်မက်တစ်ခု ဖြစ်လာခဲ့ပါသည်။ နိုင်ငံရပ်ခြားတွင် အလုပ်လုပ်ရမည့်အပြင် "လမ်းစရိတ်အခမဲ့၊ ဗီဇာနှင့် နေစရိတ်အခမဲ့"ဟူသော စကားများဖြင့် ဖြားယောင်းကာ လေကြောင်းလိုင်းမှတစ်ဆင့်သော်လည်းကောင်း၊ တာချီလိတ်မြို့၊ မယ်ဆိုင်တံတားမှ နယ်စပ်ဖြတ်ကျော်ခွင့်ကတ်ဖြင့် လည်းကောင်း၊ မြဝတီမြို့မှ မဲဆောက်သို့ နယ်စပ်ဖြတ်ကျော်ခွင့်ကတ်ဖြင့် လည်းကောင်း၊ ထိုင်းနိုင်ငံအတွင်းသို့ ဝင်ရောက်ခဲ့ပြီး တောလမ်းများကို ဖြတ်ကာ ကမ္ဘောဒီးယားနိုင်ငံအတွင်းသို့ ပို့ဆောင်ခံကြရပါသည်။ သို့သော် ထို "အခမဲ့" ဆိုသည့် စကားနောက်တွင် ထိုသူတစ်ဦးချင်းစီ၏ ခေါင်းပေါ်၌ "ရောင်းကြေး"(Bounty)များရှိနေသည်ကို ကာယကံရှင်များ မသိရှိကြပေ။

## အွန်လိုင်းလိမ်လည်မှု (Online Scam) ဆိုသည်မှာ ဘာလဲ

၎င်းတို့၏ အဓိကအလုပ်မှာ - အမျိုးသမီးချောလေးများ၏ ပုံကိုသုံး၍ Facebook/ Telegram တွင် အကောင့်တုများ ဖွင့်ခြင်း၊ နိုင်ငံခြားသားများ သို့မဟုတ် ငွေကြေးတတ်နိုင်သူများကို ချဉ်းကပ်ကာ အချစ်ရေးဖြင့် မြှူဆွယ်ခြင်း(Pig Butchering Scam)၊ ယုံကြည်မှုရလာပါက အွန်လိုင်းမှတစ်ဆင့် ငွေတိုးရင်းနှီးမြှုပ်နှံရန် ဖြားယောင်းပြီး ငွေများအားလုံးကို လိမ်လည်ယူခြင်းနှင့် အခြားနည်းလမ်းများ အသုံးပြုကာ ငွေများကို လိမ်လည်ရယူခြင်းဖြစ်သည်။

အွန်လိုင်းလိမ်လည်မှု (Online Scam) အများဆုံးကျူးလွန်သည့် ပုံစံ ၅ မျိုးမှာ -

(၁) Applicationများ၊ Website အတုများအသုံးပြု၍ သတင်းအချက်အလက်များ ရယူလိမ်လည်ခြင်း (Phishing Fraud)၊

(၂) ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများ သို့မဟုတ် မိုဘိုင်းငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၏ ဝန်ထမ်းအယောင်ဆောင်၍ လိမ်လည်ခြင်း (Social Media and Telecom-munication Fraud)၊

(၃) အွန်လိုင်းပေါ်တွင် ခင်မင်ရင်းနှီးအောင်ပြုလုပ်၍ လိမ်လည်ခြင်း (Online Romance Fraud)၊

(၄) အရောင်းအဝယ်လုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို အကြောင်းပြု၍ လိမ်လည်ခြင်း (Online Trading / Trading Platform Fraud)၊

(၅) အလုပ်အကိုင်ရရှိမည်ဟု အကြောင်းပြု၍ လိမ်လည်ခြင်း (Employment Scam) တို့ဖြစ်ပေသည်။

## လက်တွေ့ရင်ဆိုင်ရသည့်အခြေအနေ

ကမ္ဘောဒီးယားနိုင်ငံရှိ အွန်လိုင်းလိမ်လည်မှုလုပ်ငန်းစုများသည် ကာစီနိုရုံဟောင်းများ သို့မဟုတ် ဝေးလံသောမြို့သစ်စီမံကိန်းများရှိ အထပ်မြင့်အဆောက်အအုံများတွင် အခြေစိုက်ကြသည်။ ကမ္ဘောဒီးယားနိုင်ငံ စီဟာနုဗေး (Sihanoukville)နှင့် နယ်စပ်ဒေသများသို့ ရောက်ရှိသွားသော လူငယ်များ ကြုံတွေ့ရသည့်အခြေအနေများမှာ ကတိများနှင့် တခြားစီဖြစ်သည်။

အလုပ်ခွင်သို့ ရောက်ရှိသွားသောအခါ လူငယ်များသည် မိမိတို့ ထင်မှတ်ထားသည့် ရုံးအလုပ်မျိုးမဟုတ်ဘဲ ကမ္ဘောဒီးယားနိုင်ငံရှိ စီဟာနုဗေး(Sihanoukville)၊ ဖနွမ်းပင်(Phnom Penh)နှင့် နယ်စပ်မြို့များရှိ အထပ်မြင့်အဆောက်အအုံများတွင် ထိန်းချုပ်ခံထားရကာ အွန်လိုင်းမှတစ်ဆင့် ငွေကြေးလိမ်လည်သည့်လုပ်ငန်းတွင် "လိမ်လည်ရသူ" (Scammer)အဖြစ် အတင်းအဓမ္မစေခိုင်းခံရသည်။ တစ်နေ့လျှင် ၁၅ နာရီမှ ၁၈ နာရီအထိ မနားတမ်း အလုပ်လုပ်ရပေသည်။

**အလုပ်သဘာဝ** - လူမှုကွန်ရက်တွင် အကောင့်အတုများဖွင့်၍ ကမ္ဘာတစ်ဝန်းရှိ လူများကို ငွေကြေးရင်းနှီးမြှုပ်နှံရန် သို့မဟုတ် အချစ်ရေးဖြင့် လိမ်လည်ရန် (Pig Butchering Scam) ခိုင်းစေခံရသည်။

**ချုပ်နှောင်ခံရမှု** - ခြံဝင်းအတွင်းမှ အပြင်သို့ ထွက်ခွာခွင့်မရှိဘဲ လက်နက်ကိုင်လုံခြုံရေးများဖြင့် စောင့်ကြပ်ထားခြင်း ခံရသည်။

**နှိပ်စက်ညှဉ်းပန်းမှု** - သတ်မှတ်ထားသော အရေအတွက်မပြည့်ပါက ရိုက်နှက်ခြင်း၊ လျှပ်စစ်ကျဉ်စက်ဖြင့် တို့ခြင်း၊ အစာငတ်ထားခြင်းနှင့် အဆိုးရွားဆုံးအခြေအနေဖြင့် ပြန်လည်ရောင်းချခြင်း(Reselling)များ ကြုံတွေ့ရနိုင်ပေသည်။

**ပြန်ပေးဆွဲသကဲ့သို့ ငွေတောင်းခြင်း** - အလုပ်မှ ထွက်လိုပါက လျော်ကြေးအဖြစ် ဒေါ်လာသောင်းချီပေးဆောင်ရမည်ဟု ခြိမ်းခြောက်ခြင်းခံရပေမည်။

## ကမ္ဘောဒီးယားနိုင်ငံအွန်လိုင်းငွေလိမ်လုပ်ငန်းများတွင် လုပ်ကိုင်ခဲ့ရသည့် ကိုယ်တွေ့ကြုံရသူ၏ စကားသံ

**"လိုင်းပေါ်မှာ လူခေါ်တဲ့ဟာတွေ တွေ့တယ်။ ကျွန်မတို့ သွားပြီးတော့ ဆက်သွယ်ကြည့်တော့ ဒီအလုပ်က အလွန်ကောင်းတယ်။ တစ်လကို သိန်း ၄၀ လောက်ရမယ်။ ဘာမှမလုပ်ရဘူး။ Customer Service ပေးရုံပဲဆိုပြီး ခေါ်ခဲ့တာ။ ဟိုမှာ တစ်လကို သိန်း ၄၀ လောက်ရတယ်ဆိုပြီးတော့ သွားခဲ့တာပေါ့။ စရောက်တော့ တစ်ရက်လောက်ပေးနားတယ်။ ရောက်တဲ့အချိန်မှာ Facebook အတိုင်းပဲ IG အကောင့်တွေ ဖွင့်ရတယ်။ ပြီးရင် အဲဒီကနေမှ ရည်ညွှန်းတဲ့ နိုင်ငံကို အင်ဒိုနီးရှားဆို အင်ဒိုနီးရှား၊ US ဆို US ပေါ့။ ကျွန်မတို့က အင်ဒိုနီးရှားကို လူရှာပြီးတော့မှ Whatsapp ရဖို့အတွက် ကျွန်မတို့က တောင်းပေးရတာ။ ပြဿနာတွေမဖြစ်ခင်မှာ ကျွန်မတို့က သံရုံးကို တိုင်မယ်ပေါ့။ သံရုံးကို တိုင်ပြီးတော့မှ သံရုံးက လာခေါ်ပေးတာကို စောင့်မယ်ဆိုပြီးတော့မှ စီစဉ်ထားကြတာ။ အဲဒီကနေမှ ကမ္ဘောဒီးယားအစိုးရက လိုက်လံဖမ်းဆီးတဲ့အခါမှာ ဖြစ်ချင်တာဖြစ်တော့ သေရင်လည်း သေပါစေ၊ ရှင်ရင်လည်း ငါတို့ မြန်မာပြည်တော့ရောက်အောင် ပြန်မယ်။ ဘယ်လိုနည်းနဲ့မဆို ဆိုပြီးတော့ အဲဒီကနေ ထွက်ပြေးပြီး နီးစပ်ရာ ကမ္ဘောဒီးယားတွေကို မေးပြီးတော့မှ ကားငှားပြီး သံရုံးကို ရောက်အောင်သွားခဲ့တာ။ စရောက်တော့ သံအမတ်ကြီးရော၊ သံရုံးက အစ်မတွေရော အလွန်သဘောကောင်းတယ်။ အကုန်လုံးလည်း အစစအရာရာ ကူညီပေးတယ်။ စားဖို့၊ သောက်ဖို့၊ နေဖို့၊ ထိုင်ဖို့ အပြင်မှာတောင်မနေခိုင်းဘဲ သံရုံးထဲမှာပဲနေဖို့၊ ထိုင်ဖို့တွေ အစစအရာရာ ကျန်းမာရေးကအစ အကုန်လုံး ဂရုစိုက်ပေးတယ်။ နေမကောင်းဘူးဆိုရင်လည်း ဆေးခန်းပြပေးတယ်။ အစားအသောက်ဆိုရင်လည်း သူတို့စီစဉ်နိုင်သလောက် အကုန်လုံးစီစဉ်ပေးပြီးတော့မှ အားလုံးနွေးနွေးထွေးထွေးနဲ့ ဆက်ဆံပေးတယ်။ အစကနေ အဆုံးထိပေါ့။"**

ကမ္ဘောဒီးယားနိုင်ငံရှိ အွန်လိုင်းငွေလိမ်လုပ်ငန်းများတွင် လုပ်ကိုင်ခဲ့ရသည့် မြန်မာနိုင်ငံသားလူငယ်များ၏ ပြောပြချက်အရ ကမ္ဘောဒီးယားနိုင်ငံတွင် အွန်လိုင်းရှော့ပင်း ဈေးရောင်းလုပ်ကိုင်ရမည်၊ လုပ်ခလစာ အမေရိကန်ဒေါ်လာ ၆၀၀ ရရှိမည်၊ လမ်းစရိတ်ကုန်ကျခံပို့ဆောင်ပေးမည်၊ နိုင်ငံကူးလက်မှတ်စာအုပ်မရှိလည်း ရသည်၊ သွားရောက်မည်ဆိုပါက ကိုယ်ပိုင်အကောင့်သို့ လာရောက်ဆက်သွယ်ပါဟု ကြော်ငြာထားသည်ကိုတွေ့ရှိ၍ ချိတ်ဆက်ဆောင်ရွက်ခဲ့ကြောင်း၊ ပွဲစားဖြစ်သူ၏ Telegram အကောင့်မှ ချိတ်ဆက်စီစဉ်ဆောင်ရွက်ပေးမှုဖြင့် တာချီလိတ်မြို့သို့ ရောက်ရှိခဲ့ကြောင်း၊ မယ်ဆိုင်တံတားမှ နယ်စပ်ဖြတ်ကျော်ခွင့်ကတ်အား ပြုလုပ်ပြီး ၂၀-၁၂-၂၀၂၅ ရက်နေ့တွင် တာချီလိတ်မြို့မှ မယ်ဆိုင်မြို့သို့လည်းကောင်း၊ မယ်ဆိုင်မြို့မှတစ်ဆင့် ဘန်ကောက်မြို့သို့လည်းကောင်း ကားဖြင့်သွားရောက်၍ ၎င်းမြို့မှ ကားဖြင့် ကမ္ဘောဒီးယားနိုင်ငံ ကမ်ပေါ့(KAM POT)မြို့ အပြင်ဘက်ရှိ BoKorတောင်ပေါ်ရှိKAMPOT-2အမည်ရှိကုမ္ပဏီသို့ရောက်ရှိခဲ့ကြောင်း၊ လေးထပ်တိုက် အခန်း(၂၀)ရှိ အဆောက်အအုံတွင် နေထိုင်ခဲ့ရပြီး ကွန်ပျူတာနှင့် ဖုန်းများကိုအသုံးပြုကာ Telegram မှ အကောင့် ၁၀၀၀ ခန့်ချပေးပြီး အသက် ၃၅ နှစ်အထက်ရှိ စင်ကာပူနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ အမျိုးသမီးဓာတ်ပုံများအား Profile တင်ကာ နိုင်ငံခြားသားအကောင့်များကို ရှာပေးရကြောင်း၊ နိုင်ငံခြားသားများမှ အကောင့်လာအပ်ပါက အဖွဲ့ခေါင်းဆောင်ဖြစ်သူ နိုင်ငံခြားသားထံ လွှဲပြောင်းပေးရပြီး အဖွဲ့ခေါင်းဆောင်က ငွေကြေးလိမ်လည်မှုကို ဆက်လက်ပြုလုပ်ကြောင်း သိရှိရပါသည်။

## Online Scams တွင် လုပ်ကိုင်ခဲ့ရသူများအပေါ် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ပေးမှု

မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားတိုက်ဖျက် ဆောင်ရွက်လျက်ရှိပါသည်။ Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက်ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံအတွင်းသို့ ရောက်ရှိနေသည့် နိုင်ငံခြားသားများကိုလည်း *စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

လူသားချင်း စာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ တရားဥပဒေနှင့်အညီစစ်ဆေးကာ ပါဝင်ပတ်သက်သူများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်သည့်အပြင် အဓိကပြစ်မှုကျူးလွန်ခဲ့သူများကိုလည်း ဖမ်းဆီးထိန်းသိမ်းပြီး သက်ဆိုင်ရာအစိုးရအဖွဲ့ထံ တရားဝင်လွှဲပြောင်းပေးခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် မြန်မာနိုင်ငံအစိုးရအနေဖြင့် ကမ္ဘောဒီးယားနိုင်ငံအတွင်း အွန်လိုင်းလိမ်လည် လောင်းကစားမှုများတွင် အကြောင်းအမျိုးမျိုးကြောင့် ပါဝင်ပတ်သက်သည်ဟု သံသယရှိသဖြင့် ကမ္ဘောဒီးယားနိုင်ငံရဲတပ်ဖွဲ့နှင့် သက်ဆိုင်ရာဌာနများမှ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးသို့ လွှဲပြောင်းပေးအပ်ခဲ့သည့် မြန်မာနိုင်ငံသားလူငယ်များကို နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်မှာကြားချက်အရ မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းခေါ်ယူသည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပါသည်။

ယနေ့အချိန်အထိ မြန်မာနိုင်ငံသားများကို အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းလိုင်း (MAI) နှင့် တပ်မတော်လေယာဉ်များဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ကာ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်း၊ စားသောက်နေထိုင်မှုများ အဆင်ပြေစေရေးအတွက် ဆောင်ရွက်ပေးခြင်းတို့ကို တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ အဆိုပါ ကမ္ဘောဒီးယားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားလူငယ်များအား သက်ဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းစာရင်းကောက်ယူခြင်း စသည့် စိစစ်မှုများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။

**Online Scams နှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရ၏ မူဝါဒ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားအဆင့် အွန်လိုင်းလိမ်လည်မှုအား အမြစ်ပြတ်နှိမ်နင်းရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Studio A ၌ သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ရာတွင် "အွန်လိုင်းလိမ်လည်မှုအွန်လိုင်းလောင်းကစားမှုများသည် လူသားများအပေါ်ကျူးလွန်သော ကြီးလေးသည့်ရာဇဝတ်မှုများဖြစ်သည်ဟု မြန်မာနိုင်ငံအစိုးရက သတ်မှတ်ပါကြောင်း၊ မြန်မာနိုင်ငံအစိုးရ၏ မူဝါဒသည် Zero Tolerance Policy ဖြစ်ကြောင်း၊ နည်းနည်းလိမ်သည်ဖြစ်စေ၊ များများလိမ်သည်ဖြစ်စေ ခွင့်လွှတ်မှုမရှိ၊ ရေဆုံးရေဖျားလိုက်လံချေမှုန်းမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအစိုးရက ကျင့်သုံးမည့်နည်းလမ်း (Method)သည် Aggressive Crack Downs Method ပြင်းပြင်းထန်ထန်နှိမ်နင်းမည့်မူဝါဒဖြစ်ပါကြောင်း" ပြတ်ပြတ်သားသား ကြေညာထားပြီးဖြစ်ပါသည်။

ယင်းတို့ကိုဆောင်ရွက်ရန် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေးကြီးကြပ်မှုဗဟိုကော်မတီကို ၁၀-၁၂-၂၀၂၅ ရက်တွင် အမျိုးသားအဆင့်၊ နိုင်ငံတော်အဆင့် ဖွဲ့စည်းပြီးဖြစ်ပါသည်။ ၁၂-၁၂-၂၀၂၅ ရက်နေ့တွင် **ပြည်ထောင်စုနယ်မြေ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးကော်မတီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးကော်မတီ**တို့ကိုလည်း ဗဟိုကော်မတီ၏ကြီးကြပ်မှုဖြင့် ဖွဲ့စည်းပြီးဖြစ်ပါသည်။

နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရားအလှမ်းမမီသည့် လက်နက်ကိုင်သောင်းကျန်းသူအချို့၏ နယ်မြေများတွင် အွန်လိုင်းလိမ်လည်မှုဂိုဏ်းများက စိမ့်ဝင်လာပြီး အွန်လိုင်းလိမ်လည်မှုအပါအဝင် ဆက်စပ်ရာဇဝတ်မှုများ ဖြစ်ပေါ်လျက်ရှိပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ထိုပြဿနာကို ရိုးရိုးသာမန်ရာဇဝတ်မှုများလို သဘောမထားဘဲ ပြတ်ပြတ်သားသားနှိမ်နင်းခဲ့ပြီး တိုက်ဖျက်နှိမ်နင်းရေးဆိုင်ရာ စံပြုလုပ်ထုံးလုပ်နည်းရေးဆွဲခြင်း၊ တရားမဝင် ရောက်ရှိလုပ်ကိုင်နေသော နိုင်ငံခြားသားများပြန်လည်လွှဲပြောင်းပေးခြင်း၊ ပြည်တွင်းပြည်ပ အဓိကတရားခံများအား ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်ခြင်း၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများကို ဆောက်ရွက်လျက်ရှိပါသည်။

**ကြိုတင်ကာကွယ်ခြင်းနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များ**

လူကုန်ကူးမှုသည် နည်းလမ်းအမျိုးမျိုးဖြင့် ပုံစံပြောင်းလာတတ်သဖြင့် တစ်ဦးတစ်ယောက်ချင်းနှင့် အဖွဲ့အစည်းအလိုက် ပူးပေါင်းကြိုတင်ကာကွယ်ရမည့်အပြင် Online Scams တွင် လုပ်ကိုင်ရခြင်းနှင့် နောက်ဆက်တွဲ လူကုန်ကူးမခံရစေရေးအတွက် လူကုန်ကူးမှုဆီသို့ ဦးတည်ဖြစ်ပေါ်စေနိုင်သည့် ပြည်ပသို့တရားမဝင်ထွက်ခွာမှုများကို ထိန်းချုပ်နိုင်ရေးအတွက် တရားမဝင်ပို့ဆောင်သူများကို စုံစမ်းဖော်ထုတ် အရေးယူလျက်ရှိပါသည်။

လူကုန်ကူးသူလူပွဲစားများကိုလည်း စုံစမ်းဖော်ထုတ်၍ ထိရောက်ပြစ်ဒဏ်ရရှိရေး တရားစွဲဆိုနိုင်ခဲ့ပြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့အနေဖြင့်လည်း အောက်ပါလုပ်ငန်းတာဝန်များကို ချမှတ်ဆောင်ရွက်လျက်ရှိပါသည်-

(က) လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ နှိမ်နင်းရေးတို့နှင့် စပ်လျဉ်း၍ ဤဥပဒေပါ ရည်ရွယ်ချက်များကို ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်ရေးအတွက် မူဝါဒများနှင့် လမ်းညွှန်ချက်များ ချမှတ်ခြင်း၊

( ခ ) ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူပြုရန် လုပ်ငန်းကော်မတီများ၊ ဒေသဆိုင်ရာ တားဆီးကာကွယ်ရေးအဖွဲ့များနှင့် တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တို့အား လမ်းညွှန်ခြင်းနှင့် ညှိနှိုင်းပေါင်းစပ်ခြင်း၊

( ဂ ) လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် နှိမ်နင်းရေးတို့ကို ထိရောက်စွာဆောင်ရွက်နိုင်ရန် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရေးအတွက်လည်းကောင်း၊ လိုအပ်သည့်အခြေခံ အချက်အလက်များ ရရှိနိုင်ရေးအတွက် လည်းကောင်း ကျွမ်းကျင်သူများပါဝင်သည့် သုတေသနလုပ်ငန်းအဖွဲ့များ၊ လေ့လာစိစစ်ရေးနှင့် အကဲဖြတ်အဖွဲ့များ၊ အခြားလိုအပ်သော အဖွဲ့များဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) လူကုန်ကူးမှုဖြစ်ပွားရသည့် အကြောင်းရင်းနှင့် နောက်ဆက်တွဲ ဆိုးကျိုးများကို ပြည်သူများအတွင်း ကျယ်ကျယ်ပြန့်ပြန့် သတိပြုလာစေရေးအတွက် အသိပညာပေး အစီအစဉ်များကို စီစဉ်ဆောင်ရွက်ပေးခြင်း၊

( င ) လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ နှိမ်နင်းရေးတို့နှင့် စပ်လျဉ်း၍ တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များနှင့် တားဆီးနှိမ်နင်းရေးအရာရှိများအား ခေတ်မီနည်းပညာများဖြင့် လေ့ကျင့်သင်ကြားရေး၊ အခြားနိုင်ငံများမှ ကျွမ်းကျင်သူများနှင့် နည်းပညာဖလှယ်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် လမ်းညွှန်ခြင်း၊

( စ ) လူကုန်ကူးမှုများ လျော့နည်းပပျောက်စေရေးအတွက် ကြိုတင်ကာကွယ်ရေးစီမံချက်များ၊ အစီအစဉ်များချမှတ်ရာတွင် သက်ဆိုင်ရာအစိုးရဌာန/အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) နိုင်ငံဖြတ်ကျော်၍ တရားမဝင်ရွှေ့ပြောင်းသွားလာမှုနှင့် ဆက်စပ်ပြီး ပေါ်ပေါက်လာသည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး/နှိမ်နင်းရေးတို့နှင့်စပ်လျဉ်း၍ အဖွဲ့ဝင်နိုင်ငံများမှ လူကုန်ကူးမှုတားဆီးတိုက်ဖျက်ရေးအာဏာပိုင်များ အချင်းချင်းသတင်းဖလှယ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

( ဇ ) လူကုန်ကူးခံရသည့် အမျိုးသား/အမျိုးသမီး၊ လိင်ဝိသေသ ထူးခြားသူများနှင့် ကလေးသူငယ်များ၏ ကာယိန္ဒြေစောင့်ထိန်းမှု၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုနှင့် ယင်းတို့၏ အကျိုးအတွက် အလေးဂရုပြုဆောင်ရွက်ခြင်း၊

( ဈ ) ဤဥပဒေအရ ရန်ပုံငွေတည်ထောင်ခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်း၍ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ည) လူကုန်ကူးမှုဆိုင်ရာ ကိစ္စရပ်များတွင် တရားခံလွှဲပြောင်းရေးနှင့် နိုင်ငံအချင်းချင်း အကူအညီပေးရေးတို့ကို တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန် ပြည်တွင်း၊ ပြည်ပရှိ အဖွဲ့အစည်းများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

( ဋ ) ဤဥပဒေအရတရားမစွဲဆိုမီ သက်သေခံအဖြစ် သိမ်းဆည်းထားသော မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းကို လိုအပ်ပါက ချိပ်ပိတ်ထားရန်နှင့် ခံဝန်ဖြင့် ပြန်လည်ပေးအပ်ထားရန် ညွှန်ကြားခြင်း၊

( ဌ ) ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများတွင်ရှိသော ငွေကြေး၊ ပစ္စည်း သို့မဟုတ် အခြားအကျိုးအမြတ်များကို တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုရန် တားမြစ်ခြင်း၊ ငွေရေးကြေးရေးဆိုင်ရာ မှတ်တမ်းများကို စစ်ဆေးကြည့်ရှုခြင်း၊ မိတ္တူကူးယူခြင်းနှင့် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်းပြုရန် ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊

( ဍ ) လူကုန်ကူးမှုနှင့်ဆက်စပ်ပြီး ပေါ်ပေါက်လာသော အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်နှင့် ငြိစွန်းသည့်ပြစ်မှုများကို လည်းကောင်း၊ လူကုန်ကူးခံရသူအား စိစစ်ပြီး ၎င်းအား အရေးယူခြင်းမှ ကင်းလွတ်ခွင့်ပေးခြင်း သို့မဟုတ် အရေးယူရန် ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊

( ဎ ) လူကုန်ကူးခံရသူများကို ကာကွယ်စောင့်ရှောက်ရေး၊ လုံခြုံရေးနှင့် အကူအညီပေးရေးလုပ်ငန်းများအတွက် အစီအမံများ ချမှတ်ပေးခြင်း၊

(ဏ) လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် နှိမ်နင်းရေးဆိုင်ရာ လုပ်ငန်းတာဝန်များ၊ တရားစွဲဆိုရေးဆိုင်ရာ လုပ်ငန်းများနှင့် သက်ဆိုင်သော လုပ်ထုံးလုပ်နည်းများ (Standard Operating Procedures - SOP)ကို ထုတ်ပြန်သတ်မှတ်ခြင်း၊

(တ) လူကုန်ကူးမှုများ တားဆီးကာကွယ်ရေးနှင့် နှိမ်နင်းရေး လုပ်ငန်းများအတွက်လည်းကောင်း၊ လူကုန်ကူးခံရသူများအား ကယ်ဆယ်ရေး၊ ပြန်လည်လက်ခံရေး၊ ကာကွယ်စောင့်ရှောက်ရေး၊ အကူအညီပေးရေး၊ ပြန်လည်ထူထောင်ရေးနှင့် ၎င်းတို့အား လူမှုအသိုင်းအဝိုင်းအတွင်းသို့ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ လည်းကောင်း လိုအပ်ပါက ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းများ၊ သက်ဆိုင်ရာ အဖွဲ့ဝင်နိုင်ငံများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(ထ) လူကုန်ကူးမှုကျူးလွန်သူ တရားခံများကို တရားခံလွှဲပြောင်းရေးဥပဒေနှင့်အညီ လွှဲပြောင်းရေးအတွက်လည်းကောင်း၊ ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေး ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် လည်းကောင်း သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

( ဒ ) ဤဥပဒေအရ စုံစမ်းစစ်ဆေးပြီး အရေးယူသောပြစ်မှုတွင် သတင်းပေးသူနှင့် စုံစမ်းစစ်ဆေးအရေးယူမှုတွင် ထူးခြားပြောင်မြောက်စွာ ဆောင်ရွက်သည့် ပုဂ္ဂိုလ်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆုချီးမြှင့်နိုင်ရေးအတွက် စီမံဆောင်ရွက်ခြင်း၊

( ဓ ) ဗဟိုအဖွဲ့၏ ပုံမှန်အစည်းအဝေးနှင့် အထူးအစည်းအဝေးများကို သတ်မှတ်ချက်များနှင့်အညီ ကျင်းပခြင်း၊

(န) ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ အခါအားလျော်စွာ အစီရင်ခံတင်ပြခြင်း၊

(ပ) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သည့် အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

**ဘေးကင်းစေရန် မည်သို့ ကာကွယ်ရမည်နည်း**

ဤကဲ့သို့ လူကုန်ကူးမှုဆိုသည့် ငရဲကျင်းအတွင်း မကျရောက်စေရန် လူငယ်များနှင့် မိဘအုပ်ထိန်းသူများ အထူးသတိပြုရန် လိုအပ်ပေသည်။ လွယ်ကူလွန်းသော အခွင့်အရေးကို သံသယရှိပါ။ အရည်အချင်းမလိုဘဲ လစာအဆမတန်များနေသည့် အလုပ်မှန်သမျှသည် ထောင်ချောက်ဖြစ်ရန် ၉၉ ရာခိုင်နှုန်း သေချာပါသည်။ အွန်လိုင်းပေါ်မှအလုပ်ခေါ်စာများ Social Media(Facebook, Telegram, Tiktok)များမှတစ်ဆင့် ချိတ်ဆက်လာသော အလုပ်များကို ပိုမိုသတိထားပါ၊ ပြည်ပသို့ ထွက်ခွာမည်ဆိုပါက တရားဝင်လမ်းကြောင်းကိုသာ အသုံးပြုပါ။ ပြည်ပသို့ အလုပ်သွားလုပ်မည်ဆိုပါက အလုပ်သမားဝန်ကြီးဌာနမှ တရားဝင်ခွင့်ပြုချက်ရထားသော အေဂျင်စီများမှတစ်ဆင့်သာ သွားရောက်ပါ။ ခရီးစဉ်အသေးစိတ်ကို စုံစမ်းပါ၊ မည်သည့်မြို့၊ မည်သည့်ကုမ္ပဏီတွင် လုပ်ရမည်ကို ကြိုတင်စုံစမ်းပြီး မိသားစုထံ လိပ်စာနှင့် ဖုန်းနံပါတ်များအား ပေးထားပါ၊ ဆက်သွယ်သတင်းပေး တိုင်ကြားနိုင်မည့် သက်ဆိုင်ရာတပ်ဖွဲ့၊ ဌာနများ၏ Help Line/ Hot Line ဖုန်းနံပါတ်များကို မှတ်သားသွားပါ၊ နိုင်ငံကူးလက်မှတ်(Passport)၊ နိုင်ငံသားစိစစ်ရေးကတ်နှင့် အရေးကြီးသော ကိုယ်နှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများကို ကိုယ်နှင့်မကွာထားပါ၊ မည်သည့်အလုပ်ရှင်ဖြစ်စေ နိုင်ငံကူးလက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ကို သိမ်းဆည်းထားပိုင်ခွင့်မရှိပါ။

အချုပ်ဆိုရသော် "အွန်လိုင်းလိမ်လည်မှု" ဆိုသည်မှာ တစ်ဦးတစ်ယောက်ချင်းစီ၏ ဘဝကိုသာမက မိသားစုပေါင်းများစွာကိုပါ ပူလောင်စေသည့် ငရဲကျင်းတစ်ခုဖြစ်ပါသည်။ ရည်ရွယ်ချက်ကို ဖုံးကွယ်၍ သွေးဆောင်ခေါ်ယူနေသော အလုပ်ခေါ်စာများကြောင့် ဖြစ်ပေါ်လာသော ရွှေရောင်အိပ်မက်များနောက်သို့ မစဉ်းစားမဆင်ခြင် လိုက်ပါသွားခြင်းသည် မိမိကိုယ်မိမိ သေတွင်းထဲသို့ ခုန်ဆင်းခြင်းနှင့် အတူတူပင်ဖြစ်သည်။

ထို့ကြောင့် မိမိ၏ ဘဝအနာဂတ်ကို တန်ဖိုးထားသော လူငယ်များအနေဖြင့် သတင်းအချက်အလက်များကို မျက်ခြည်မပြတ်စောင့်ကြည့်ပြီး သတိ၊ ဝီရိယဖြင့် ဆင်ခြင်တုံတရားရှိရှိ ရွေးချယ်ကြပါရန်နှင့် မသေချာသော ရွှေရောင်အိပ်မက်များနောက်သို့ မျက်စိမှိတ်မလိုက်ပါရန် အရေးကြီးပါသည်။ "အွန်လိုင်းလိမ်လည်မှု" လုပ်ငန်းများနှင့် ဆက်နွှယ်ဖြစ်ပေါ်လာသော လူကုန်ကူးခံရမှုသည် လူသားတို့၏ ဘဝနှင့်ဂုဏ်သိက္ခာကို ဖျက်ဆီးနေသည့် လုပ်ငန်းများဖြစ်သဖြင့် မြန်မာလူငယ်များအနေဖြင့် မှန်ကန်သောလမ်းကို အသိ/သတိဖြင့် ရွေးချယ်လျှောက်လှမ်းနိုင်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

# တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပ

**ရန်ကုန် မေ ၇**

တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးဌေးအောင်က တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် တိုင်းဒေသကြီးဥက္ကဋ္ဌက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုပေးပို့လာသည့် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးမည့်ပုဂ္ဂိုလ် ဒေါ်စန္ဒာသွယ်နှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုပေးပို့လာသည့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးမည့် ပုဂ္ဂိုလ် ၁၀ ဦး၏ အမည်များဖြစ်သည့် ဗိုလ်မှူးကြီး ဝင်းတင့်၊ ဦးနေမင်းထွန်း၊ ဒေါက်တာ မေသန်းနွယ်၊ ဦးဗိုလ်ဌေး၊ ဦးနေလင်းထွန်း၊ ဒေါက်တာမျိုးသော်၊ ဒေါက်တာထူးမောင်၊ ဦးစိုးဦး၊ ဦးမျိုးမြင့်အောင်၊ စောဂျက်ကော့ထူး၊ ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးမည့်ပုဂ္ဂိုလ် ဒေါ်ဖြူမာဝေ၊ ရန်ကုန်တိုင်းဒေသကြီးစာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးမည့်ပုဂ္ဂိုလ် ဒေါ်ခင်မာချို၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးမည့်ပုဂ္ဂိုလ် ခြောက်ဦး အမည်များဖြစ်သည့် ဦးကျော်စွာငြိမ်း၊ ဒေါ်ထားထား၊ ဒေါ်နုနုခင်၊ ဦးကျော်ကျော်၊ ဒေါ်မာလာထွဋ်၊ ဦးသောင်းထွေးတို့၏ အမည်စာရင်းများကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြ၍ အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။



ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးမည့်ပုဂ္ဂိုလ်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးမည့်ပုဂ္ဂိုလ် ၁၀ ဦး၊ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးမည့်ပုဂ္ဂိုလ်၊ ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးမည့်ပုဂ္ဂိုလ်နှင့် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးမည့်ပုဂ္ဂိုလ် ခြောက်ဦးတို့၏ ခန့်အပ်တာဝန်ပေးမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကန့်ကွက်သူမရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်က အတည်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ ကျင်းပ

**ပုသိမ် မေ ၇**

တတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့ နံနက် ၁၀ နာရီက ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသူက ဝန်ကြီးဌာန ခုနစ်ခုတွင် ဝန်ကြီးဌာနအလိုက် ခန့်အပ်တာဝန်ပေးမည့် ဝန်ကြီးခုနစ်ဦး အမည်စာရင်း အဆိုပြုချက်နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေး/ကန့်ကွက်ခြင်းမရှိသဖြင့် လွှတ်တော်က



သဘောတူကြောင်း တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တိုင်းရင်းသားလူမျိုးရေးရာ ဆောင်ရွက်ရန်တိုင်းရင်းသားရေးရာ ဝန်ကြီးနှစ်ဦး ခန့်အပ်တာဝန်ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်က မှတ်တမ်းတင်ကြောင်း တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌက ကြေညာသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသူက တိုင်းဒေသကြီး ဥပဒေချုပ်နှင့် တိုင်းဒေသကြီးစာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် အဆိုပြုချက်နှင့်စပ်လျဉ်း၍လည်းကောင်း၊ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် အမည်စာရင်း အဆိုပြုချက်ကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသူက တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး လေးဦးကို ခန့်အပ်တာဝန်ပေးရန် အမည်စာရင်း အဆိုပြုချက်နှင့်စပ်လျဉ်း၍လည်းကောင်း လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေး/ ကန့်ကွက်ခြင်း မရှိသဖြင့် လွှတ်တော်ကသဘောတူကြောင်း တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ကြေညာပြီး တတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ရပ်နားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး**

**(မြန်/ဆက်)**

# တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ကျင်းပ

**မန္တလေး မေ ၇**

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့ နံနက် ၁၁ နာရီတွင် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် ၇၂ ဦးရှိသည့်အနက် ၇၁ ဦး တက်ရောက်သဖြင့် ၉၈ ဒသမ ၆၁ ရာခိုင်နှုန်း တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်တင်မြှောက်ခံထားရသော သမ္မတက အဆိုပြုထားသော မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ဒေါ်လှမြင့်အား ခန့်အပ်တာဝန်ပေးနိုင်ရေး လွှတ်တော်သို့တင်ပြပြီး ကန့်ကွက်လိုပါက အမည်စာရင်းပေးသွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုထားသော တိုင်းဒေသကြီးဝန်ကြီး ရှစ်ဦး၏ အမည်စာရင်းကို လွှတ်တော်သို့တင်ပြပြီး အမည်စာရင်းတင်သွင်းထားသည့် ပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်းပေးသွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုထားသော မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်အဖြစ် ဦးလှသိန်းနှင့် မန္တလေးတိုင်းဒေသကြီး စာရင်းစစ်ချုပ်အဖြစ် ဒေါ်ခင်ခင်သီတို့အား ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် လွှတ်တော်သို့တင်ပြပြီး အမည်စာရင်းတင်သွင်းထားသည့် ပုဂ္ဂိုလ်များနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းပေးသွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုထားသော မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီး ခြောက်ဦးတို့ကို ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် အမည်စာရင်းများကို လွှတ်တော်သို့တင်ပြပြီး အမည်စာရင်းတင်သွင်းထားသည့် ပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းပေးသွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် အစည်းအဝေး ဒုတိယပိုင်းကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်တင်မြှောက်ခံထားရသော သမ္မတက အဆိုပြုထားသော မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ဒေါ်လှမြင့်၏ အမည်စာရင်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏သဘောတူညီချက်ကို ရယူသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုထားသော တိုင်းဒေသကြီးဝန်ကြီး ရှစ်ဦး



၏ အမည်စာရင်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏သဘောတူညီချက်ကို ရယူသည်။

ဆက်လက်၍တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုထားသော မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်အဖြစ် ဦးလှသိန်းနှင့် မန္တလေးတိုင်းဒေသကြီး စာရင်းစစ်ချုပ်အဖြစ် ဒေါ်ခင်ခင်သီတို့၏ အမည်စာရင်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောတူညီချက်ကို ရယူသည်။

ယင်းနောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုထားသော မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများအဖြစ် ဦးမြင့်ဆန်း၊ ဒေါ်ခင်စန်းမြင့်၊ ဒေါ်ကြည်ကြည်စိန်၊ ဒေါ်ခင်သစ်ဆွေ၊ ဦးသန်းထွန်းအောင်၊ ဦးစောမျိုးမျိုးတို့၏ အမည်စာရင်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောတူညီချက်ကို ရယူသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး သတ္တမနေ့ကို မေ ၁၀ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မော်ထွန်း(မြန်/ဆက်)**

# တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ ကျင်းပ



**မုံရွာ ဧပြီ ၇**

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် မုံရွာမြို့ရှိ လွှတ်တော်အဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူက တင်ပြလာသည့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ ခန့်အပ်နိုင်ရေးအတွက် အဆိုပြုချက်ကို လွှတ်တော်သို့တင်ပြခြင်းနှင့် ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များအမည်စာရင်း တင်သွင်းနိုင်ကြောင်းကြေညာရာ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်လေးဦးက တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးဌာန ခုနစ်ခုနှင့် ဝန်ကြီး ခုနစ်ဦး နည်းသည့်အတွက် ထပ်မံတိုးချဲ့ခန့်အပ်နိုင်ရေး တင်ပြဆွေးနွေးလာမှုအပေါ် လွှတ်တော်က မှတ်တမ်းတင်ထားရှိကာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူက တင်ပြလာသည့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ ခန့်အပ်နိုင်ရေးအတွက် အဆိုပြုချက်ကို တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူက တင်ပြလာသည့် တိုင်းဒေသကြီးဥပဒေချုပ်အဖြစ် ဒေါ်လှလှဝင်း အမည်စာရင်း အဆိုပြုချက်ကိုလည်းကောင်း၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်အဖြစ် ဒေါ်မြင့်မြင့်သိန်း အမည်စာရင်း အဆိုပြုချက်ကိုလည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတအဖြစ်ရွေးကောက်တင်မြှောက်ခံထားရသူက တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ဦးဇော်ထူးကို ခန့်အပ်နိုင်ရေးအတွက် ပေးပို့လာသော အဆိုပြုချက်ကို တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူက တင်ပြလာသည့် စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများအဖြစ် ဦးဟန်သိန်း၊ ဒေါ်မိမိစိန်နှင့် ဦးခင်မောင်သိန်းတို့၏ အမည်စာရင်းအဆိုပြုချက်ကို တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ရပ်နားလိုက်ကြောင်းနှင့် အစည်းအဝေးဆဋ္ဌမနေ့ကို ဧပြီ ၉ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပ

**ထားဝယ် ဧပြီ ၇**

တတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီက ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် တိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခန့်ထားခံရသူက အဆိုပြုလာသည့် ပုဂ္ဂိုလ်ရှစ်ဦး၏ အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြ၍



သဘောတူညီချက်ရယူရာ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များအားလုံးက ကန့်ကွက်ရန်မရှိသဖြင့် အဆိုပါပုဂ္ဂိုလ် ရှစ်ဦးကို တိုင်းဒေသကြီးဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် တိုင်းဒေသကြီး လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီးဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန် တိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ်ရွေးချယ်ခန့်ထားခံရသူက အမည်စာရင်းတင်သွင်း အဆိုပြုထားသည့် ဦးထိန်လင်းကျော်ကိုလည်းကောင်း၊ တိုင်းဒေသကြီးစာရင်းချုပ်အဖြစ် ဒေါ်ဌေးဌေးမြင့်ကိုလည်းကောင်း၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ဒေါ်ပိုက်ပိုက်အေးကိုလည်းကောင်း၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးများအဖြစ် ဒေါ်အေးအေးသန်းနှင့် ဒေါ်ရင်ရင်သန်းတို့ကိုလည်းကောင်း သက်ဆိုင်ရာ ရာထူးအသီးသီး၌ တာဝန်ပေးရန် တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်ပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

မွန်းလွဲပိုင်းတွင် အစည်းအဝေးကို ပြန်လည်ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌက လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ၊ တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ၊ ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စီးပွားရေး ကော်မတီ၊ အစိုးရ၏အာမခံချက်များ၊ ကတိများ၊ တာဝန်ခံချက်များ စိစစ်ရေးကော်မတီတို့၏ အဖွဲ့ဝင်ဦးရေ၊ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၏ အမည်စာရင်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့်စပ်လျဉ်း၍ လွှတ်တော်သို့ရှင်းလင်းတင်ပြကာ လွှတ်တော်၏ အတည်ပြုချက်ရယူဆောင်ရွက်ရာ လွှတ်တော်က အတည်ပြုပြီး အစည်းအဝေးကို ရပ်သိမ်းလိုက်သည်။

တတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ဧပြီ ၉ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# တတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ ကျင်းပ



**မြစ်ကြီးနား ဧပြီ ၇**

တတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီက မြစ်ကြီးနားမြို့ရှိ ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျုံ၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ကချင်ပြည်နယ်ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူက ဝန်ကြီးဌာန ခုနစ်ခု၏ အမည်စာရင်းနှင့်စပ်လျဉ်း၍ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဗိုလ်မှူးကြီး ကျော်သူရကိုလည်းကောင်း၊ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီးအဖြစ် ဦးတိန့်ဆောင်ကိုလည်းကောင်း၊ လူမှုရေးရာဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးကျော်မင်းခိုင်ကိုလည်းကောင်း၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးအောင်နိုင်ကိုလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးချန်တန်ခင်ကိုလည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဒေါက်တာအောင်ဝင်းကိုလည်းကောင်း၊ စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးရဲရင့်ဆွေကိုလည်းကောင်း ပြည်နယ်လွှတ်တော်သို့ အဆိုပြုတင်သွင်းလာမှုအပေါ် လွှတ်တော်က ဆွေးနွေးနိုင်ရေး ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့အတူ ကချင်ပြည်နယ်ဥပဒေချုပ်အဖြစ် ဒေါ်နန်းလှလှအေးကိုလည်းကောင်း၊ ကချင်ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ဒေါ်ခင်လေးနွယ်ကိုလည်းကောင်း ခန့်အပ်တာဝန်ပေးနိုင်ရန် ကချင်ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူက အဆိုပြုလာမှုအပေါ် လွှတ်တော်က ဆွေးနွေးနိုင်ရေး ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ထပ်မံကြေညာသည်။

ယင်းနောက် ကချင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူက အဆိုပြုလာသည့် ဒေါ်အေးအေးမော်၏ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြခြင်းနှင့် ကချင်ပြည်နယ် တရားလွှတ်တော်တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန် ကချင်ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူက အဆိုပြုလာသည့် ဦးအောင်မြင့်၊ ဒေါ်ပြုံးပြုံးကြည်၊ ဒေါ်ခင်ပြုံးရီတို့၏ အမည်စာရင်းများအား လွှတ်တော်သို့တင်ပြပြီး ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်းနှင့် လွှတ်တော်အစည်းအဝေး ဆဋ္ဌမနေ့ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာကာ တတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ရပ်နားလိုက်သည်။

**ပြည်နယ်(ပြန်/ဆက်)**

# တတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ ကျင်းပ






**ဘားအံ ဧပြီ ၇**

တတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့ နံနက် ၁၀ နာရီခွဲက ဘားအံမြို့ အမှတ်(၄)ရပ်ကွက်ရှိ ပြည်နယ်လွှတ်တော်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစန်းကိုက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ၂၂ ဦးအနက် ၂၁ ဦး တက်ရောက်ကြသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ အတည်ပြုမှတ်တမ်းတင်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ ဦးစောမြင့်ဦးက ပြည်နယ်လွှတ်တော်တွင် အတည်ပြုထားသော ပြည်နယ်ဝန်ကြီးဌာနများတွင် ဝန်ကြီးများအဖြစ် ခန့်အပ်နိုင်ရန် အမည်စာရင်းများကို ပြည်နယ်လွှတ်တော်သို့ တင်ပြရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ကန့်ကွက်မှုမရှိ သဘောတူညီကြသည့်အတွက် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဗိုလ်မှူးကြီးစိုးမိုးဝင်း၊ စီမံကိန်းစီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးညီညီဇော်၊ လူမှုရေးဝန်ကြီးဌာနဝန်ကြီးအဖြစ် ဦးစောထွန်းအောင်၊ လျှပ်စစ်စွမ်းအင်စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးအဖြစ် ဦးစောမျိုးမြင့်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးအောင်လွင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနဝန်ကြီးအဖြစ် ဦးစယဉ်ငွေး၊ စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးစောခေါင်ပန်ထော့တို့ကို ပြည်နယ်လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်နယ်အတွင်း တိုင်းရင်းသားလူမျိုးအရေး ဆောင်ရွက်ရန်အတွက် ဗမာတိုင်းရင်းသားရေးရာဝန်ကြီးအဖြစ် ဦးတင်မောင်လှိုင်၊ မွန်တိုင်းရင်းသားရေးရာဝန်ကြီးအဖြစ် ဦးမင်းမျိုးမြင့်နိုင်၊ ပအိုဝ်းတိုင်းရင်းသားရေးရာ ဝန်ကြီးအဖြစ် ဦးခွန်မြတ်ထူးတို့၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့တင်ပြပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ကို ရယူသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်နယ်ဥပဒေချုပ်အဖြစ် ဒေါ်နော်သန်းသန်းငြိမ်း၊ ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ဦးအောင်စိုးတို့၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့တင်သွင်းရာ ကိုယ်စားလှယ်များက ကန့်ကွက်မှုမရှိ သဘောတူညီကြသည့်အတွက် ပြည်နယ်လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပေးပို့ထားသည့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ဦးညွန့်လင်း၊ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်နယ်တရားလွှတ်တော် တရားသူကြီး(၂)ဦးအဖြစ် ဒေါ်ခင်စိမ်းဝင်းနှင့် ဒေါ်နွဲ့နွဲ့ဦးတို့ကို ခန့်အပ်တာဝန်ပေးအပ်နိုင်ရေး ပေးပို့ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ကန့်ကွက်မှုမရှိ သဘောတူညီကြသည့်အတွက် ပြည်နယ်လွှတ်တော်က အတည်ပြုကြောင်း ကြေညာခဲ့ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# တတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဌမနေ့ ကျင်းပ

**မော်လမြိုင် ဧပြီ ၇**

တတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဌမနေ့ကို ယနေ့ နံနက်ပိုင်းက မော်လမြိုင်မြို့ မွန်ပြည်နယ် လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ရောက်ရှိနေရာယူ၍ တတိယအကြိမ် မွန်ပြည်နယ် လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ပဉ္စမနေ့) အစည်းအဝေး စတင်ကြောင်း ကြေညာသည်။

ဆက်လက်၍ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး တာဝန်ပေးအပ်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှပေးပို့ထားသည့် တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်အမည်စာရင်းနှင့် မွန်ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပေးပို့ထားသည့် ဝန်ကြီးဌာနများတွင် ဝန်ကြီးအဖြစ် ခန့်အပ်မည့်ပုဂ္ဂိုလ်များ၏ အမည်စာရင်း၊ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်စာရင်းစစ်ချုပ်တို့၏ အမည်စာရင်းနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။

ထို့နောက် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံထားရသူက ပေးပို့ထားသည့် မွန်ပြည်နယ်အတွက် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အမည်စာရင်းနှင့် မွန်ပြည်နယ် ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူက ပေးပို့ထားသည့် မွန်ပြည်နယ်အတွက် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ၏ အမည်စာရင်းနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။

**စည်သူ**
**(ပြန်/ဆက်)**

# တတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဌမနေ့ ကျင်းပ

**စစ်တွေ ဧပြီ ၇**

တတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဌမနေ့ကို ယနေ့ နံနက် ၁၀ နာရီက ရခိုင်ပြည်နယ် လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာစန်းရွှေက တတိယအကြိမ် ရခိုင်ပြည်နယ် လွှတ်တော် ပထမပုံမှန်အစည်းအဝေး(ဆဌမနေ့) စတင်ကျင်းပကြောင်းနှင့် အထမြောက်ကြောင်း ကြေညာသည်။

ထို့နောက် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတက အဆိုပြုလာသည့် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၏ အမည်စာရင်းနှင့် ပြည်နယ်ဝန်ကြီးများ၏ အမည်စာရင်းအဆိုပြုလာခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ကန့်ကွက်မှုမရှိ သဘောတူညီကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် တင်မြှောက်ခြင်းခံရသူ စစ်တွေမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ဦးက ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ၏ အမည်စာရင်း၊ ပြည်နယ်ဥပဒေချုပ်၏ အမည်စာရင်းနှင့် ပြည်နယ်စာရင်းစစ်ချုပ်တို့၏ အမည်စာရင်းများအား အဆိုပြုသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာစန်းရွှေက ပြည်နယ်ဝန်ကြီးချုပ်အဖြစ် တင်မြှောက်ခြင်းခံရသူက အဆိုပြုလာသည့် ပြည်နယ်တရားလွှတ်တော်တရားသူကြီးများအဖြစ် ဦးအောင်ထွန်းသိန်း၊ ဒေါ်စောရွှေ၊ ပြည်နယ်ဥပဒေချုပ်အဖြစ် ဦးဝင်းမောင်၊ ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ဒေါ်ခင်သန်းကြည်တို့ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ကန့်ကွက်မှုမရှိ သဘောတူညီကြသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

**တင်ထွန်း(ပြန်/ဆက်)**




## (၇-၄-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၂.၇ ~ ၃၆၆၈ | ၅၅၇ ~ ၅၅၈.၃ | ၁၂၅.၅ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၉,၁၀၄,၀၃၉.၅၆ | ၈,၅၉၂,၀၂၈.၉၄ | ၂၃,၈၂၇,၀၂၇.၅၀ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

- ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဓာတ်မြေဩဇာ၊ ဆေးနှင့်ဆေးဝါးပစ္စည်း၊ ကုန်ကြမ်းပစ္စည်း၊ ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်း၊ စက်မှုကုန်ကြမ်း၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ အီလက်ထရောနစ်ပစ္စည်းနှင့် စားသုံးကုန်စည်များတင်သွင်းခြင်းအတွက် ရောင်းချပေးခဲ့ခြင်း ဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၃ သန်းကို ရောင်းချပေးခဲ့ပါသည်။

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card ၊ Mobile Payment Account ၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပ

**ဟားခါး မေ ၇**

တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ဟားခါးမြို့ရှိ ချင်းပြည်နယ် လွှတ်တော်အဆောက်အအုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ချင်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးကောလ်လျန်ထန်းက တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ရာနှုန်းပြည့်တက်ရောက်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ အတည်ပြုမှတ်တမ်းတင်သည်။



ထို့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ချင်းပြည်နယ်လွှတ်တော်က အတည်ပြုထားသော ပြည်နယ်အစိုးရဝန်ကြီးဌာန ခုနစ်ခုတွင် ပြည်နယ်ဝန်ကြီးများအဖြစ် ခန့်အပ်နိုင်ရန် အဆိုပြုသည့် ပြည်နယ်ဝန်ကြီး ခုနစ်ဦး၏ အမည်စာရင်းအားတင်ပြပြီး တင်ပြသည့် ပြည်နယ်ဝန်ကြီးများသည် သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီ ပြည့်စုံမှုရှိ၊ မရှိ စိစစ်နိုင်ရေးနှင့်စပ်လျဉ်း၍ ချင်းပြည်နယ်လွှတ်တော်ပုံမှန်အစည်းအဝေး ပဉ္စမနေ့တွင် ဆွေးနွေးအတည်ပြုချက်ရယူမည်ဖြစ်ကြောင်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြေညာသည်။

ယင်းနောက် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်နယ်ဥပဒေချုပ်အဖြစ် ဦးကပ်တလွှန်းအား လည်းကောင်း၊ ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ဦးမောင်မောင်ခင်အား လည်းကောင်း အဆိုပြုတင်ပြခဲ့ပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးရန်မရှိသဖြင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်အဖြစ် အဆိုပြုသည့် ဦးမြတ်စံနှင့် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် အဆိုပြုသည့် ဒေါ်မန်ဟောက်ချန်နှင့် ဦးကျော်သောင်းအောင်တို့အား တင်ပြရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးရန်မရှိသဖြင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အတည်ပြုကြောင်း ကြေညာသည်။ **ခရိုင် (ပြန်/ဆက်)**

# တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ ကျင်းပ

**တောင်ကြီး မေ ၇**

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် တောင်ကြီးမြို့ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံကျော်၊ ပြည်နယ် လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် တပ်မတော်သားကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော်သို့ တက်ရောက်ခွင့်ရှိသူ လွှတ်တော်ကိုယ်စားလှယ် ၉၉ ဦး၊ တပ်မတော်သား ကိုယ်စားလှယ် ၃၃ ဦး၊ စုစုပေါင်း လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၁၃၂ဦး ရှိသည့်အနက် ၁၃၁ ဦး တက်ရောက်ခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၂၄ ရာခိုင်နှုန်းရှိသည့်အတွက် ပြည်နယ်လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူက ပြည်နယ်ဥပဒေချုပ် အမည်စာရင်းနှင့် ပြည်နယ်စာရင်းစစ်ချုပ် အမည်စာရင်းတို့ကို လွှတ်တော်သို့တင်ပြပြီး အမည်စာရင်းတင်ပြခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံထားရသူက ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် ပေးပို့လာသည့်အမည်စာရင်းကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်သို့ တင်ပြပြီး ပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် အမည်စာရင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်းပေးသွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် အမည်စာရင်းတင်သွင်းထားသည့် လူပုဂ္ဂိုလ်ခုနစ်ဦးနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ယင်းနောက် ဦးစိုင်းကျော်ဇံအား ပြည်နယ်ဥပဒေချုပ်နှင့် ဒေါ်ခင်ထွေးရီအား ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်ကသဘောတူကြောင်းနှင့် ဦးသန်းဦးလွင်အား ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူကြောင်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ထို့နောက် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် ဒေါ်စန္ဒာအောင်၊ ဦးအောင်မော်နှင့် ဒေါ်သူဇာအောင်တို့ သုံးဦး၏ အမည်စာရင်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူရာ လွှတ်တော်က သဘောတူကြောင်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

**မောင်မောင်သန်း(တောင်ကြီး)**





# တတိယအကြိမ် ကယားပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပ

လွိုင်ကော် မေ ၇

**တတိယအကြိမ် ကယားပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီခွဲတွင် လွိုင်ကော်မြို့ရှိ လွှတ်တော်အဆောက်အအုံ လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။**

ဦးစွာ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုပေးပို့လာသည့် ဗမာတိုင်းရင်းသားရေးရာဝန်ကြီး၏ အမည်စာရင်းကို လွှတ်တော်ဥက္ကဋ္ဌက ဖတ်ကြားတင်ပြပြီး တက်ရောက်လာသည့် ကိုယ်စားလှယ်အားလုံးက သဘောတူသည့်အတွက် သဘောတူကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုပေးပို့လာသည့် ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် တရားလွှတ်တော် တရားသူကြီးချုပ်၏အမည်စာရင်းကို လွှတ်တော်ဥက္ကဋ္ဌက ဖတ်ကြားတင်ပြပြီး တက်ရောက်လာသည့် ကိုယ်စားလှယ်အားလုံးက သဘောတူသည့်အတွက် သဘောတူကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုပေးပို့လာသည့် တရားလွှတ်တော် တရားသူကြီးချုပ်အမည်စာရင်းနှင့် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုပေးပို့လာသည့် တရားလွှတ်တော် တရားသူကြီးများ၏ အမည်စာရင်းများကို လွှတ်တော်ဥက္ကဋ္ဌက ဖတ်ကြားတင်ပြပြီး တက်ရောက်လာသည့် ကိုယ်စားလှယ်အားလုံးက သဘောတူသည့်အတွက် သဘောတူကြောင်း ကြေညာသည်။

ပြည်နယ်ဝန်ကြီးများအဖြစ် ဗိုလ်မှူးကြီး သန်းစိုးအောင် (လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး)၊ ဦးတင်လှ(စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး)၊ ဦးအောင်မျိုးသိန်း (လူမှုရေးရာဝန်ကြီး)၊ ဦးရဲဝင်း(လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး)၊ ဦးဂျိုးဇက်ကျော် (စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး)၊ ဒေါ်နှင်းနှင်းရီ (သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး)၊ ဦးစောဟူးဟူး (စည်ပင်သာယာရေးဝန်ကြီး)နှင့် ဒေါ်ခင်သန္တာထွန်း (ဗမာတိုင်းရင်းသားရေးရာဝန်ကြီး) တို့ကို ကယားပြည်နယ်လွှတ်တော်တွင် အတည်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## စာပေမြင့်မှ လူမျိုးတင့်မည်

# နွေဥတုမှာ ကျန်းမာဖို့ တိုင်းရင်းဆေးနဲ့ ကာကွယ်စောင့်ရှောက်စို့

နန်းခင်ထွေး၊ ခိုင်သရဖီမိုး၊ အေးသန္တာအောင်(တိုင်းရင်းဆေးပညာဦးစီးဌာန)

"အာရောဂျံ ပရမံလာဘံ" ကျန်းမာခြင်းသည် လာဘ်တစ်ပါးဟုဆိုသည့်အတိုင်း လူသားတိုင်းအတွက် ကျန်းမာရေးကောင်းမွန်ခြင်းသည် ဆုလာဘ်တစ်ခု ဖြစ်ပါသည်။ တိုင်းရင်းဆေးပညာအရ လူသားတစ်ဦးကျန်းမာရန်အတွက် ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော သမုဋ္ဌာန်လေးပါး ညီညွတ်မျှတစွာနေထိုင်မှသာ ကျန်းမာခြင်းနှင့် ပြည့်စုံမည်ဖြစ်ပါသည်။ ၎င်းသမုဋ္ဌာန်လေးပါးတွင် ဥတုသည် အရေးပါသော ကဏ္ဍတစ်ခုဖြစ်ပါသည်။

ဥတုသည် ပါဠိစကားဖြစ်ပြီး ပူခြင်း၊ အေးခြင်း၊ ခြောက်သွေ့ခြင်း၊ စွတ်စိုခြင်း စသည့် အခြေအနေများနှင့် လူတို့ဖန်တီးစွမ်းဆောင်ထားသော ပတ်ဝန်းကျင်အခြေအနေများ ဖြစ်ပါသည်။ ရာသီဥတုအကူးအပြောင်းကာလများတွင် ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော သမုဋ္ဌာန်လေးပါး ညီညွတ်မျှတစွာ လိုက်နာကျင့်သုံးခြင်းမရှိပါက ကျန်းမာရေးကိုယ်ခံအား လျော့နည်းသူများမှာ ရောဂါဘယနှိပ်စက်မှုများကို ခံရတတ်ကြပါသည်။ ထို့ကြောင့် တိုင်းရင်းဆေးပညာအရ "ဥတုအကြိုက်နေထိုင်လိုက်မှ ကျန်းမာသုခပြည့်စုံရ" ဟု ဆိုထားပါသည်။

နွေဥတုသည် တပေါင်းလပြည့်ကျော် ၁ ရက်မှ ဝါဆိုလပြည့်နေ့ ညဥ့်သန်းခေါင်အထိ ရက်ပေါင်း ၁၁၈ ရက်၊ လပေါင်းလေးလဖြစ်ပါသည်။ တိုင်းရင်းဆေးပညာတွင် တက်ဥတုနှင့် သက်ဥတုဟူသော ကာလအပိုင်းအခြားနှစ်ခုရှိရာ တက်ဥတုသည် ပြာသိုလပြည့်ကျော် ၁ ရက်မှ ဝါဆိုလပြည့်နေ့အထိ ကာလအားဖြင့် ခြောက်လသတ်မှတ်ထားသဖြင့် နွေဥတုသည် တက်ဥတုတွင်ပါဝင်ခြင်းဖြစ်သည်။

ထိုတက်ဥတုကာလတွင် နေမင်းသည် နိမ့်ရာမှ မြင့်ရာသို့တက်နေသည့်အလျောက် သတ္တဝါတို့၏ သဏ္ဍာန်တွင်လည်း အပူဦးစီးကာ တေဇောဝါယောဓာတ်များ ဦးဆောင်သဖြင့် ပြင်ပလောကနှင့် လူသတ္တဝါတို့၏ခန္ဓာကိုယ်တွင် အပူရှိန်များလွှမ်းမိုးလျက်ရှိခြင်း၊ ရေဓာတ်များ ခန်းခြောက်လျော့နည်းခြင်း၊ တောတောင်ရေမြေသစ်ပင်တို့ ခြောက်သွေ့ခြင်းတို့ကြောင့် ပူအိုက်ခြင်း၊ ကိုယ်စိတ်ပင်ပန်း နွမ်းနယ်ခြင်း၊ အအိပ်ပျက်အစားပျက်ဖြစ်ခြင်း၊ ရေငတ်ခြင်း၊ ချွေးထွက်များခြင်း၊ ကိုယ်သားကိုယ်ရေနူးညံ့ခြင်း၊ ဆီးနီခြင်း၊ နည်းခြင်း၊ ဝမ်းချုပ်ခြင်း၊ ခန္ဓာကိုယ်ပေါ့ပါးသွက်လက်ခြင်း၊ အပူကိုကြောက်ရွံ့ပြီး အအေးကိုအလိုရှိကာ ချိုသော အရသာ၊ အေးသော အရသာများကို ပိုမိုစားလိုခြင်း စသော ပကတိလက္ခဏာများကို တွေ့ရှိရပါသည်။

**ဆီးချုပ်ခြင်း၊ ဆီးအောင့်ခြင်းများကို ကာကွယ်ရန်အတွက် နံနက်အိပ်ရာထတွင် ရေသောက်ခြင်း၊ မကြာခဏ ဆန်ဆေးရည်သောက်ခြင်း၊ သံပရာရည်၊ မြင်းခွာရွက်ဖျော်ရည်၊ အုန်းစိမ်းရည်၊ ရေနွေးကြမ်းသောက်ခြင်းနှင့် ဝမ်းတွင်းအေးစေသည့် ကန်စွန်းရွက်၊ ဘူးသီး၊ ကျောက်ဖရုံသီး၊ မန်ကျည်းရွက်၊ ပေါက်ပန်းဖြူရွက်၊ ကင်ပွန်းချဉ်ရွက်၊ ပဲရာဇာ၊ ပဲစင်းငုံ၊ ပဲနောက်နှင့် အရည်ရွှမ်းသော အသီးအနှံများ စားသုံးပါ**

**❖ နေပူထဲမှပြန်လာပြီး ရုတ်တရက် ရေအေးချိုးခြင်း၊ ရေခဲရေသောက်ခြင်း၊ အဲကွန်း၊ ပန်ကာလေခံခြင်း၊ လေတိုက်ထဲတွင် အင်္ကျီမပါဘဲ အိပ်ခြင်း၊ အချိန်မတော် မကြာခဏခေါင်းလျှော်ခြင်း၊ ကိုယ်စိတ်အပင်ပန်းခံခြင်း စသည်တို့ကို ရှောင်ကြဉ်ခြင်းဖြင့် ခေါင်းအုံ၊ ခေါင်းကိုက်၊ ခေါင်းခဲခြင်းလက္ခဏာများကို ကာကွယ်နိုင်**

**❖ အစာမကြေခြင်း သက်သာစေရန်အတွက် အစားအစာများကို မိမိစားနိုင်သည်ထက် လျှော့၍ စားသုံးခြင်း၊ ကြေလွယ်သောအစာစားခြင်း၊ ဆန်ပြုတ်တွင် ကြက်သွန်ဖြူ၊ ငရုတ်ကောင်းမှုန့်ခတ်၍ သောက်ခြင်း၊ ရေနွေးကြမ်းသောက်ပေးခြင်း၊ ဝမ်းမီးတောက်၍ အစာကြေစေသော လျက်ဆားကိုလျက်ပေးခြင်းဖြင့် အစာမကြေခြင်း၊ ဝမ်းမီးနှုံ့ခြင်းများကို ကာကွယ်နိုင်**

နွေဥတုတွင်ဖြစ်တတ်သော အတွေ့ရများသည့် ရောဂါလက္ခဏာများမှာ ဦးခေါင်းနှင့် ပတ်သက်သော ခေါင်းအုံခေါင်းကိုက်ခြင်း၊ ခေါင်းခဲခြင်းများ၊ ဝမ်းမီးနှုံ့ခြင်း၊ အစာမကြေခြင်း၊ ဆီးနှင့်ပတ်သက်သော လက္ခဏာများဖြစ်သည့် ဆီးချုပ်ခြင်း၊ ဆီးအောင့်ခြင်း၊ မျက်စိနှင့်ပတ်သက်သော လက္ခဏာများဖြစ်သည့် မျက်စိကျိန်းခြင်း၊ မျက်စိနာခြင်းတို့ဖြစ်ပါသည်။ အဆိုပါ ရောဂါလက္ခဏာများတွေ့ရပါက တိုင်းရင်းဆေးပညာဖြင့် ကာကွယ်စောင့်ရှောက်မှု ပေးရာတွင်-

**ခေါင်းအုံခေါင်းကိုက်ခြင်း၊ ခေါင်းခဲခြင်းဖြစ်ပါက ပြုစုစောင့်ရှောက်နည်းများ**

ချွေးထွက်စေရန် ကွမ်းရွက်၊ ထန်းလျက်ပြုတ်ရည်ပူပူ အကြမ်းပန်းကန်တစ်လုံးခန့် တစ်နေ့ နှစ်ကြိမ်သောက်ပါ။ တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်-၄၃ (အကင်း ၁၀ ပါးဆေး)ကို နန္ဒင်းမှိုင်းရှူသကဲ့သို့ မီးကျီးခဲပေါ် ဆေးမှုန့်ဖြူး၍ ထွက်လာသည့်အခိုးကို ရှူရပါမည်။ မျက်ရည်ပူများ၊ နှာရည်များ ကျလာအောင် ပြင်းပြင်းရှူလျှင် ခေါင်းကိုက်ခြင်း သက်သာစေပါသည်။ မွှေးကြိုင်သော သနပ်ခါး၊ ကရမက်ရနံ့များ ရှူရှိုက်ပါ။ လေဝင်လေထွက်ကောင်းသောနေရာတွင် နေထိုင်ပါ။ ဝမ်းပျော့စေသော အစာအာဟာရများစားသုံးပါ။ ခေါင်းကိုက်သူများအနေဖြင့် ဝမ်းတွင်း၌ အပူလျော့နည်းစေရန် နံနက်ပိုင်း၊ ညနေပိုင်းတွင် တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်-၁၆ (အပူငြိမ်းသွေးဆေး) လက်ဖက်ရည်ဇွန်း တစ်ဇွန်းနှင့် တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်-၆ (ဟလိဒ္ဒစုဏ္ဏာင်န်းဆေး) လက်ဖက်ရည်ဇွန်း တစ်ဇွန်းတို့ကို ရောစပ်၍ ရေနွေးနှင့်သောက်ပါ။

နေ့လယ်ပိုင်းတွင် ဟလိဒ္ဒစုဏ္ဏာင်န်းဆေး လက်ဖက်ရည်ဇွန်း တစ်ဇွန်းခန့်ကို ရေနွေးနှင့် သောက်ပါ။ ခြေအေးလွန်းပြီး ခေါင်းကိုက်လျှင် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၄၃ (အကင်း ၁၀ ပါးဆေး)နှင့် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၂၉ (သဗ္ဗဇေယျဆေးစပ်ကြီး)တို့ကို သနပ်ခါးရည် (သို့မဟုတ်)နံ့သာဖြူရည်တို့နှင့် ရောစပ်ကာ ဒူးခေါင်းအထက်မှ ခြေဖျားအထိ အခိုးထွက်စေရန် ခြေဖဝါးချန်ပြီး ပါးပါး ကျဲကျဲလိမ်းပေးပါ။ ထိုကဲ့သို့ တစ်နေ့နှစ်ကြိမ် (သို့မဟုတ်) သုံးကြိမ်ခန့် လိမ်းပေးလျှင် အပူအောက်သို့ သက်သာလာ၍ ခြေနွေးပြီး ခေါင်းကိုက်ခြင်းကို သက်သာစေပါသည်။

**လိုက်နာဆောင်ရွက်ရန်**

တိုင်းရင်းဆေးသမားတော်များ၏ အဆိုအရ ဥတုအလိုက် ရေချိုးချိန်များကို နွေ ၉၊ မိုး ၁၀၊ ဆောင်း ၁၁ ဟု ဆိုထားပါသည်။ သို့ဖြစ်ပါ၍ ခေါင်းအုံ၊ ခေါင်းကိုက်၊ ခေါင်းခဲခြင်းများ သက်သာစေရန် နံနက် ၉ နာရီတွင် ရေချိုးခြင်း၊ နေပူမီးပူများမှ အတတ်နိုင်ဆုံး ကင်းဝေးအောင် ကာကွယ်နေထိုင်ခြင်း၊ ဆီးဝမ်းမှန်အောင် ကျင့်သုံးခြင်း၊ ရေနွေးကြမ်းသောက်ခြင်းဖြင့် ကာကွယ်နိုင်ပါသည်။ ဝမ်းပျော့ပျော့သွားစေရန် နံနက်အိပ်ရာထတွင် ရေခဲရေ မဟုတ်သော ရေအေးသောက်ခြင်း၊ "မနက်သဘော်ာ ညငှက်ပျော" ဟု ဆိုရိုးရှိသည့်အတိုင်း သဘော်ာသီးမှည့်၊ ဖီးကြမ်းငှက်ပျောသီးမှည့်တို့ကို စားခြင်း၊ ထန်းလျက်နှင့် ဖျော်ထားသော မန်ကျည်းမှည့်ဖျော်ရည်သောက်ခြင်းအားဖြင့် ဝမ်းကိုပြုပြင်ပေးနိုင်ပါသည်။ "နွေချို၊ မိုးခါး၊ ဆောင်းချဉ်" ဆိုသည့်အတိုင်း နွေဥတုတွင် တတ်နိုင်သရွေ့ အေးချိုအရသာများစားသုံးပါ။ ရေများများသောက်ပါ။

**ရှောင်ကြဉ်ရန်**

နေပူထဲမှပြန်လာပြီး ရုတ်တရက် ရေအေးချိုးခြင်း၊ ရေခဲရေသောက်ခြင်း၊ အဲကွန်း၊ ပန်ကာလေခံခြင်း၊ လေတိုက်ထဲတွင် အင်္ကျီမပါဘဲ အိပ်ခြင်း၊ အချိန်မတော် မကြာခဏခေါင်းလျှော်ခြင်း၊ ကိုယ်စိတ်အပင်ပန်းခံခြင်း စသည်တို့ကို ရှောင်ကြဉ်ခြင်းဖြင့် ခေါင်းအုံ၊ ခေါင်းကိုက်၊ ခေါင်းခဲခြင်း လက္ခဏာများကို ကာကွယ်နိုင်ပါသည်။

**ဝမ်းမီးနှုံ့ခြင်း၊ အစာမကြေခြင်းများကို ပြုစုစောင့်ရှောက်နည်းများ**

အစာကြေလွယ်သော စွပ်ပြုတ်၊ ဆန်ပြုတ်တို့ကို တိုက်ကျွေးပါ။ လေရောဂါကြောင့် ဝမ်းဗိုက်ထိုးအောင့်နာကျင်လျှင် လေကိုအမြန်သက်စေတတ်သော ကြက်သွန်ဖြူကို မီးဖုတ်၍စားခြင်းဖြင့် ဗိုက်နာခြင်းကို သက်သာစေနိုင်ပြီး ကြောင်ပန်းရွက်ကို ကျကျပြုတ်၍ ဆားလေ့ာ်ကို သင့်ရုံခတ်ပြီး လက်ဖက်ရည်ပန်းကန် တစ်ဝက်ခန့်သောက်ပါက လေနာသက်သာစေပါသည်။ ထန်းလျက်ပြုတ်ရည်တွင် သံပရာရည် အနည်းငယ်ခပ်၍တိုက်ပါ။ တိုင်းရင်း ဆေးခန်းသုံး ဆေးအမှတ်-၂၉ (သဗ္ဗဇေယျဆေးစပ်ကြီး) တစ်ကျပ်သားလျှင် သကြားရှစ်ကျပ်သား ရောစပ်ပြီးအစာစားပြီး လူကြီးတစ်ကြိမ်လျှင် လက်ဖက်ရည်ဇွန်းတစ်ဇွန်း ရေနွေးနှင့်တိုက်ပါ။ ဝမ်းမီးနှုံ့ခြင်း၊ အစာမကြေခြင်း၊ ခြေဖျားအေးပြီး ဝမ်းဗိုက်နာခြင်းဖြစ်လျှင် ခြေဖျားနှင့် ဝမ်းဗိုက်ကို ပူနွေးစေသော လိမ်းဆေးဆီကို လိမ်းပေးပါက အပူရှိန်ကို အမြန်ရစေပြီး အထက်ပါလက္ခဏာများကို သက်သာစေနိုင်ပါသည်။

**လိုက်နာဆောင်ရွက်ရန်**

အစာမကြေခြင်း သက်သာစေရန်အတွက် အစားအစာများကို မိမိစားနိုင်သည်ထက် လျှော့၍ စားသုံးခြင်း၊ ကြေလွယ်သောအစာစားခြင်း၊ ဆန်ပြုတ်တွင် ကြက်သွန်ဖြူ၊ ငရုတ်ကောင်းမှုန့်ခတ်၍သောက်ခြင်း၊ ရေနွေးကြမ်းသောက်ပေးခြင်း၊ ဝမ်းမီးတောက်၍ အစာကြေစေသော လျက်ဆားကို လျက်ပေးခြင်းဖြင့် အစာမကြေခြင်း၊ ဝမ်းမီးနှုံ့ခြင်းများကို ကာကွယ်နိုင်ပါသည်။ အစာမကြေသူများသည် ကြက်သား၊ ဆိတ်သားနှင့် ငါးတို့ကို ပို၍စားပါ။ အစာကြေလွယ်သော ပဲရာဇာ၊ ပဲစင်းငုံ၊ ပဲနောက်တို့ကိုလည်း စားသုံးပါ။

**ရှောင်ကြဉ်ရန်**

ကြေခဲသော ကောက်ညှင်း၊ ဒံပေါက်၊ အုန်းထမင်း၊ ထောပတ်ထမင်း၊ မုန့်တီ၊ မြီးရှည်၊ ခေါက်ဆွဲကြော်၊ ပလာတာ၊ ထပ်တစ်ရာ၊ နံပြား၊ အီကြာကွေးကဲ့သို့သောအစာများ၊ ထန်းသီးဆန်၊ ပဲမြစ်၊ စိမ်းစားဥ၊ မြေပဲဆန်ကဲ့သို့သော အစာများကိုလည်း ရှောင်ကြဉ်ပါ။ ထို့ပြင် ဝမ်းမီးကိုနှုံ့စေ၊ ညှံ့စေတတ်သည့်ရေခဲ၊ ရေခဲမုန့်၊ ဖာလူဒါ၊ နွားနို့၊ မလိုင်၊ ဘဲဥ၊ ဝက်သား စသည်တို့ကိုလည်း ရှောင်ကြဉ်ရပါမည်။

**ဆီးချုပ်ခြင်း၊ ဆီးအောင့်ခြင်းများဖြစ်လာလျှင် ပြုစုစောင့်ရှောက်နည်းများ**

နံနက်အိပ်ရာထ ရေကိုဝအောင်သောက်ပါ။ ဆန်ဆေးရည်တွင် သကြားအနည်းငယ်ထည့်၍ သောက်ပါ။ ကြက်သွန်နီအစိမ်းစားပေးပါ။ ကြက်သွန်နီကိုပြုတ်၍ အကြမ်းပန်းကန် တစ်လုံးခန့် သောက်ပါ။ တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်-၂၁ (ဆီးဆေးဖြူ) လက်ဖက်ရည်ဇွန်း တစ်ဇွန်းခန့်ကို ရေအေးဖြင့်သောက်ပါ (သို့မဟုတ်) ဆီးမှန်၊ ဆီးကောင်းလာစေရန် ဆီးဆေးဖြူ လက်ဖက်ရည်ဇွန်း တစ်ဇွန်းနှင့် သံပရာရည်လက်ဖက်ရည်ဇွန်း နှစ်ဇွန်း ရောစပ်၍ နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် သောက်ပေးပါ။ လိမ်းဆေးအနေဖြင့် ကြွေပုပ်ကို ဆန်ဆေးရည်နှင့်သွေး၍ ဆီးအိမ်ပေါ်သို့ မကြာခဏ လိမ်းပေးပါ (သို့မဟုတ်) မီးဖုတ်ထားသော ကြက်သွန်နီနွေးနွေးတစ်လုံးကို ဆီးအိမ်ပေါ်တွင် ကပ်ပေးပါ။

**လိုက်နာဆောင်ရွက်ရန်**

ဆီးချုပ်ခြင်း၊ ဆီးအောင့်ခြင်းများကို ကာကွယ်ရန်အတွက် နံနက်အိပ်ရာထတွင် ရေသောက်ခြင်း၊ မကြာခဏ ဆန်ဆေးရည်သောက်ခြင်း၊ သံပရာရည်၊ မြင်းခွာရွက်ဖျော်ရည်၊ အုန်းစိမ်းရည်၊ ရေနွေးကြမ်းသောက်ခြင်းနှင့်

*စာမျက်နှာ ၁၃ သို့*

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ရုရှားနိုင်ငံသား တစ်ဦးအား သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံလွှဲပြောင်းပေးအပ်နိုင်ခဲ့ပြီး ဖိလစ်ပိုင်နိုင်ငံသား ငါးဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့

**နေပြည်တော် မေ ၇**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ် နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ရုရှားနိုင်ငံသား တစ်ဦးအား ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်း စာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ ပြည်နှင်လွှဲပြောင်း ပေးအပ်ခဲ့ပြီး ဖိလစ်ပိုင်နိုင်ငံသား ငါးဦးအား ထပ်မံဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့်အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး စံရွှေနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံရုံးမှ Counsellor Mr. Ilyn Ilia နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

ထို့အတူ ကရင်ပြည်နယ် မြဝတီမြို့ဝန်းကျင်ရှိ ဆိုက်အတွင်းသို့ တရားမဝင်လမ်းကြောင်းမှ တစ်ဆင့် ဝင်ရောက်နေခဲ့သည့် ဖိလစ်ပိုင်နိုင်ငံသား ငါးဦး ထပ်မံဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် မေ ၇ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၆၂၅ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၄၀၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။



လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၂၀ တွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁) အရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၄၁ ဦး ရှိသည့်အတွက် ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၄၇၉ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီ ဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများအား ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ချောက်မြို့၌ စားအုန်းဆီ ရောင်းချမှုနှင့် ဖြန့်ဖြူးမှုများ အဖွဲ့စုံဖြင့် ကွင်းဆင်းစစ်ဆေး

**ချောက် မေ ၇**

ချောက်မြို့နယ်ရှိ ဆီလက်လီလက်ကား ရောင်းချလျက်ရှိသည့် ဆီကိုယ်စားလှယ်များ အနေဖြင့် စားအုန်းဆီများကို ပြည်သူများလက်ဝယ်အရောက် အမှန်တကယ် ရောင်းချပေးခြင်းရှိ မရှိနှင့် စက်မှုလုပ်ငန်းသုံးဆီများ ရောက်ရှိမှု၊ ဖြန့်ဖြူးမှုအခြေအနေများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်ကြီးကြပ်မှုဖြင့်မြို့နယ်စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဒေါ်မြတ်မြတ်မိုး ဦးဆောင်၍ သက်ဆိုင်ရာအဖွဲ့အစည်းများက ယနေ့နံနက်ပိုင်းတွင် အဖွဲ့စုံဖြင့် ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့စစ်ဆေးရာတွင် သက်ကြီးကာလ စားအုန်းဆီများသိုလှောင်မှုမရှိရေး၊ ဈေးနှုန်းမြင့်တင်ရောင်းချမှုမရှိရေး သိုလှောင်ရုံများကိုပါ စစ်ဆေးပြီး ရရှိမှု၊ သုံးစွဲမှု၊ လုံလောက်မှု ရှိ မရှိ ကွင်းဆင်းမေးမြန်းခြင်းနှင့် ကုန်အညွှန်းအမှတ်အသားများ ပြည့်စုံစွာ ထည့်သွင်းဖော်ပြခြင်း ရှိ မရှိ စစ်ဆေးခဲ့ပြီး သတ်မှတ်အရည်အသွေးပြည့်မီသော ကုန်စည်များကိုသာ ရောင်းချရေး၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ထုတ်ပြန်ထားသော ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ရေးနှင့် စီးပွားရေးလုပ်ငန်းရှင်တို့ လိုက်နာရမည့်တာဝန်များ၊ တားမြစ်ချက်များအား အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြတ်မြတ်မိုး(DOCA Chauk)**

❖ *ကျောဖုံးမှ*

ဗိုလ်လုပွဲတွင်လည်း ယူလီယာကို ထပ်မံအနိုင်ယူကျော်ဖြတ်ကာ Charleston Open ဖလားကို ထိုက်ထိုက်တန်တန် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အသက် ၃၂ နှစ်အရွယ် ပဲဂူလာသည် ဖေဖော်ဝါရီလက ကျင်းပခဲ့သည့် ဒူဘိုင်းတင်းနစ်ချန်ပီယံရှစ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ယူကရိန်းတင်းနစ်မယ် အဲလီနာစဗစ်တိုလီနာကို ၆-၂၊ ၆-၄ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ဖလားဆွတ်ခူးထားသည်။ ဆီမီးဖိုင်နယ်တွင် နာမည်ကြီး တင်းနစ်မယ် မက်ဒီဆင်ကီးစ်ကို အနိုင်ယူကျော်ဖြတ်ကာ ပထမဆုံးအကြိမ် ဗိုလ်လုပွဲတက်လှမ်းလာသော ပြိုင်ဘက်ယူလီယာသည် ကမ္ဘာ့အဆင့်(၅) ရှိ ပဲဂူလာကို ရှုံးနိမ့်ခဲ့သည့်အတွက် ဖလားဆွတ်ခူးခွင့် လွဲချော်ခဲ့သည်။

ယခုပြိုင်ပွဲမတိုင်မီ ကျင်းပခဲ့သည့် မိုင်ယာမီအိုးပင်းပြိုင်ပွဲတွင် ပဲဂူလာက ကွာတားဖိုင်နယ်အဆင့်အထိ တက်လှမ်းနိုင်ခဲ့ပြီး ယူလီယာက ၃၂ ဦးအဆင့်အထိသာ တက်လှမ်းနိုင်ခဲ့သည်။

**အောင်ဇော်**

*စာမျက်နှာ ၁၂ မှ*

ဝမ်းတွင်းအေးစေသည့် ကန်စွန်းရွက်၊ ဘူးသီး၊ ကျောက်ဖရုံသီး၊ မန်ကျည်းရွက်၊ ပေါက်ပန်းဖြူရွက်၊ ကင်ပွန်းချဉ်ရွက်၊ ပဲရာဇာ၊ ပဲစင်းငုံ၊ ပဲနောက်နှင့် အရည်ရွှမ်းသော အသီးအနှံများ စားသုံးပါ။

### ရှောင်ကြဉ်ရန်

အပူအစပ်များစားသုံးခြင်း၊ အထိုင်များခြင်း၊ ကြာရှည်စွာ ယာဉ်မောင်းခြင်း၊ နေပူထဲကြာရှည်စွာ အလုပ်လုပ်ခြင်း၊ ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ လုပ်ဆောင်ခြင်းများကို ရှောင်ကြဉ်ရပါမည်။

### မျက်စိကျိန်းခြင်း၊ မျက်စိနာခြင်းများဖြစ်လာလျှင် ပြုစုစောင့်ရှောက်နည်းများ

ဥတုဘောဇနသင်္ဂဟကျမ်းအရ မျက်နှာသစ်သည့်အခါ ခြေထောက်ကို ရှေးဦးစွာ ရေလောင်းပြီးမှ မျက်နှာသစ်ပါ။ ရေဝဝသောက်ပါ။ ညပိုင်းတွင် ထန်းလျက်နှင့်ဖျော်ထားသော မန်ကျည်းမှည့်ဖျော်ရည်သောက်ပါ။ ငှက်ပျောသီးဖီးကြမ်းအမှည့်ကို စားပေးပါ။ မျက်လုံးများပူခြင်းအတွက် မန်ကျည်းပင်နီခေါက်ကို ဆားနှင့်သွေး၍ နဖူးကိုလိမ်းပါ။ မျက်စိနာလျှင် ရှားစောင်းလက်ပပ်အနှစ် (သို့မဟုတ်) ကွမ်းရွက်ကို မျက်လုံးတစ်ဝိုက်ကပ်ပေးပါ။ နံနက်ပိုင်းနှင့် ညနေပိုင်းတွင် တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်-၁၆ (အပူငြိမ်းသွေးဆေး) လက်ဖက်ရည်ဇွန်းတစ်ဇွန်းကို ရေနွေးနှင့် သောက်ပါ။ နေ့လယ်ပိုင်းတွင် တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်-၆ (ဟလိဒ္ဒစုဏ္ဏာင်နန်းဆေး) လက်ဖက်ရည်ဇွန်း တစ်ဇွန်းခန့်ကို ရေနွေးနှင့်သောက်ပါ။ ညတွင်ဝမ်းမှန်စေရန် တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်-၁၂ (စက္ခုပါလဆေး) ငါးပြားကို မန်ကျည်းမှည့်ရည် (သို့မဟုတ်) ရေအေးနှင့်သောက်ပါ။

### လိုက်နာဆောင်ရွက်ရန်

မည်သည့်အကြောင်းကြောင့် မျက်စိနာသည်ဖြစ်စေ ဝမ်းမချုပ်စေရန် မန်ကျည်းဖျော်ရည်၊ ငှက်ပျောသီးမှည့်ပျော့ပျော့၊ သံပရာဖျော်ရည်၊ သဘော်သီးမှည့်၊ ကင်ပွန်းချဉ်ရွက်တို့ကို စားပါ။ နေပူချိန်တွင် မလွှဲမရှောင်သာ၍ သွားရသည့်အခါ ထီး၊ ဦးထုပ်ဆောင်း၍ သွားခြင်း၊ ချည်သားအင်္ကျီလက်ရှည်ဝတ်ဆင်၍ သွားခြင်း၊ နံနက်ခင်းပိုင်းတွင် ရေမှန်မှန်ချိုးခြင်းဖြင့် မျက်စိနာမဖြစ်အောင် ကာကွယ်နိုင်ပါသည်။

### ရှောင်ကြဉ်ရန်

အပူအစပ်စားခြင်း၊ အတက်စာများဖြစ်သော ဆူးပုပ်၊ ပဲကြီး၊ ပဲပုပ်၊ ငါးသလောက်၊ ငါးဖယ်၊ ပုစွန်၊ ကဏန်း၊ မျှစ်၊ ကြက်သားစသောအစာများ မစားသင့်ပါ။ ကလေးများ နေပူထဲတွင် သွားလာဆော့ကစားခြင်းများ မပြုလုပ်ရပါ။

နွေဥတုတွင် အတွေ့ရများသော ခေါင်းမူးခြင်း၊ ခေါင်းအုံ့ခြင်း၊ ခေါင်းကိုက်ခြင်း၊ ခေါင်းခဲခြင်း စသည့် ဦးခေါင်းနှင့် ပတ်သက်သော ရောဂါလက္ခဏာများ၊ ဝမ်းမီးနည်း၍ အစာမကြေခြင်း၊ အစားအသောက်ပျက်ခြင်းစသော လက္ခဏာများ၊ ဆီးချုပ်ခြင်း၊ ဆီးအောင့်ခြင်း၊ ဆီးနီခြင်း၊ ပူခြင်းစသော ဆီးနှင့်ပတ်သက်သော လက္ခဏာများ၊ မျက်စိကျိန်းခြင်း၊ မျက်စိနာခြင်းစသော လက္ခဏာများသည် လူတိုင်း နီးပါး တစ်ခုမဟုတ်တစ်ခုဖြစ်ပွားခံစားရမှုများ ဖြစ်တတ်ပါသည်။ ထို့ကြောင့် နွေဥတုတွင် အတွေ့ရများသော ရောဂါလက္ခဏာများကို ကာကွယ်နိုင်ရန်နှင့် ၎င်းလက္ခဏာများဖြစ်လာပါက တိုင်းရင်းဆေးပညာနည်းစနစ်အရ လိုက်နာဆောင်ရွက်ရန်၊ ရှောင်ကြဉ်ရန်များကို လိုက်နာပြီး ကျန်းမာသက်ရှည်စွာနေထိုင်နိုင်ရန်၊ မိမိကျန်းမာရေးကို မိမိကိုယ်တိုင် ပြုစုစောင့်ရှောက်နိုင်ရန်အတွက် "နွေဥတုတွင်ကျန်းမာဖို့ တိုင်းရင်းဆေးဖြင့် ကာကွယ်စောင့်ရှောက်စို့" ဆောင်းပါးအား ရေးသားဖော်ပြလိုက်ရပါသည်။ ။


**ကျမ်းကိုးစာရင်း**

* တိုင်းရင်းဆေးပညာဖြင့် ပဏာမကျန်းမာရေးစောင့်ရှောက်မှုသင်တန်း လက်စွဲစာအုပ် (၂၀၁၉)၊ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေး ပညာဦးစီးဌာန၊ နှာ၊ ၇၄-၇၇။
* ဘိုးလှိုင် (ဦး) (၁၉၉၆)၊ ဥတုဘောဇနသင်္ဂဟကျမ်း၊ ကောဒသမအကြိမ်၊ ဟံသာဝတီပုံနှိပ်တိုက်၊ ရန်ကုန်မြို့။
* ဟန်ထွန်း (ဦး) (၁၉၉၃)၊ လက်တွေ့အသုံးချမြန်မာ့ကုထုံးဆေးပညာကျမ်း၊ ပင်မြင့်မာလာပုံနှိပ်တိုက်၊ နှာ ၆၈-၇၁။
* အခြေခံတိုင်းရင်းဆေးပညာပေး သင်တန်းလက်စွဲ (၂၀၀၈)၊ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ နှာ၊ ၃၈-၄၀။
* အသုံးဝင်ဆေးပင်များနှင့် မြန်မာ့တိုင်းရင်းဆေးနည်းလက်စွဲ (၂၀၁၉)၊ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ နှာ၊ ၁၉-၂၀။
* အောင်ကျော်မင်း(ပါမောက္ခ) (၂၀၁၈)၊ လက်တွေ့အသုံးချ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာများ၊ နှာ၊ ၁၃၄-၁၃၇။

# Artemis II မစ်ရှင်မှ အာကာသယာဉ်မှူးများ ကမ္ဘာမြေနှင့် အဝေးကွာဆုံးသို့ ရောက်ရှိသည့် လူသားများအဖြစ် စံချိန်သစ်တင်

**ဝါရှင်တန် ဧပြီ ၇**

အမေရိကန်ဦးဆောင်သည့် Artemis II မစ်ရှင်တွင် လိုက်ပါသွားခဲ့သည့် အာကာသ ယာဉ်မှူးများသည်ကမ္ဘာမြေမှ အဝေးဆုံးအကွာအဝေးသို့ ရောက်ရှိသည့် ပထမဆုံး လူသားများအဖြစ် မှတ်တမ်းသစ် တင်နိုင်ခဲ့သည်။ ၎င်းတို့၏ အာကာသယာဉ် သည် လ၏ အမှောင်ဘက်ခြမ်း (ကျောဘက်) ကို ဖြတ်သန်းသွားပြီးနောက် ထိုကဲ့သို့ မှတ်တမ်းတင်နိုင်ခဲ့ခြင်းဖြစ်သည်။

အာကာသယာဉ်မှူး လေးဦးကို တင်ဆောင်သွားသော Orion အာကာသယာဉ်မှာ မစ်ရှင်၏ ငါးရက်မြောက်နေ့တွင် လ၏ ဆွဲငင်အား သက်ရောက်သည့် နယ်ပယ်ထဲသို့ ဝင်ရောက်ခဲ့ပြီး နောက်တစ်ရက်တွင် လ၏ အမှောင်ဘက်ခြမ်း (ကျောဘက်) ဝန်းကျင်ကို ဖြတ်သန်းခဲ့သည်။

ထို့နောက် အာကာသယာဉ်မှူးများကို ကမ္ဘာမြေနှင့် အဝေးဆုံး အကွာအဝေးသို့ ရောက်ရှိခဲ့သည့် စံချိန်မှတ်တမ်းသစ်တစ်ရပ်ကို စိုက်ထူပေးနိုင်ခဲ့ကြောင်း အမေရိကန်အာကာသအေဂျင်စီ (နာဆာ)က ပြောသည်။ Orion အာကာသယာဉ်မှာ ကမ္ဘာမြေမှ ကီလိုမီတာပေါင်း ၄၀၆၇၀၀ အကွာအဝေးကို ရောက်ရှိခဲ့ပြီး ၁၉၇၀ ပြည့်နှစ်က အပိုလို ၁၃ ရောက်ရှိခဲ့သော ၄၀၀၁၇၁ ကီလိုမီတာကို ကျော်လွန်၍ စံချိန်သစ်တင်နိုင်ခဲ့ခြင်းဖြစ်သည်။

စံချိန်မှတ်တမ်းသစ် မတင်မီ Orion အာကာသယာဉ်သည် လနှင့်အနီးဆုံး အကွာအဝေးသို့ ရောက်ရှိခဲ့သည်။ ထို့နောက် အာကာသ ယာဉ်မှူးများသည် လ၏ နောက်ကျောဘက်ကို အပေါ်စီးမှ ဓာတ်ပုံများ၊ ဗီဒီယိုများ ရိုက်ယူခဲ့ကြကြောင်း သိရသည်။

အာကာသယာဉ်သည် လ၏ တစ်ဖက်ခြမ်း ကျောဘက်ကို ဖြတ်သန်းနေသည့် အချိန်တွင် ကမ္ဘာမြေနှင့် ဆက်သွယ်ရေးခေတ္တပြတ်တောက်သွားဖွယ် ရှိသည်ဟု ကြိုတင်ခန့်မှန်းထားခဲ့ပြီး၊ ဆက်သွယ်မှုပြန်လည်ရရှိချိန်တွင် နာဆာ၏ မစ်ရှင်ထိန်းချုပ်ရေးဌာန၌ လက်ခုပ်ဩဘာသံများ ဆူညံသွားခဲ့ရကြောင်း သိရသည်။

ယခု ဆောင်ရွက်သည့် Artemis II မစ်ရှင်သည် အမေရိကန် ဦးဆောင်သော Artemis အစီအစဉ်၏ ပထမဆုံး လူလိုက်ပါစီးနင်းသည့် စမ်းသပ်ပျံသန်းမှုခရီးစဉ်ဖြစ်ပြီး ၂၀၂၈ ခုနှစ်တွင် အာကာသယာဉ်မှူးများ လပေါ်သို့ ခြေချဆင်းသက်နိုင်မည်ဟု မျှော်မှန်းထားသည်။

**အင်န်အိတ်ချ်ကေ**



# အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်း မိုးသည်းထန်မှုနှင့်ဆိုင်သည့် သဘာဝဘေးအန္တရာယ်များကြောင့် သေဆုံးသူ ၁၃၂ ဦးရှိလာ

**ကဘူးလ် ဧပြီ ၇**

အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်း၌ လွန်ခဲ့သည့် ၁၂ ရက်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးခြင်း၊ မြေပြိုခြင်း၊ အိမ်ပြိုခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် လျှပ်စီးလက်ခြင်းတို့ကြောင့် လူ ၁၃၂ ဦး သေဆုံးပြီး ၁၉၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအဖွဲ့က ဧပြီ ၇ ရက်က ပြောကြားသည်။

ရေလွှမ်းမိုးမှုကြောင့် နေအိမ် ၅၃၆၃ လုံး အလုံးစုံသို့မဟုတ် တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့ပြီး လမ်း ၃၅၇ ကီလိုမီတာနီးပါး ပျက်စီးခဲ့ကာ လယ်မြေ ၁၅၇၃၂ ဧက ရေလွှမ်းမိုးနစ်မြုပ်ခဲ့ပြီး တိရစ္ဆာန်အမြောက်အမြား ဆုံးရှုံးခဲ့သည်။ ဝေးလံသောဒေသများရှိ ဆည်မြောင်းများမှာလည်း အနှောင့်အယှက်ဖြစ်စေခဲ့သည်ဟု အာဏာပိုင်များက ပြောကြားခဲ့သည်။

ရေဘေးသင့်ဒေသများသို့ အရေးပေါ် ကယ်ဆယ်ရေးပစ္စည်းများပေးပို့ထားပြီး မိုးသည်းထန်စွာ ရွာသွန်းနေချိန်တွင် ရေကြီးနစ်မြုပ်သည့် ဒေသများနှင့် မြစ်ချောင်းကမ်းပါးများကို ရှောင်ရှားကြရန် ဒေသခံများကို တာဝန်ရှိသူများက ညွှန်ကြားထားသည်။

ပြည်တွင်းနှင့် နိုင်ငံတကာရေဘေးကယ်ဆယ်ရေးအဖွဲ့များသည် ညှိနှိုင်းခဲ့ကြပြီး ရေဘေးဒုက္ခကို အဆိုးရွားဆုံး ထိခိုက်ခံစားခဲ့ရသည့် ဒေသများ၌ ပျက်စီးဆုံးရှုံးမှုများကို အသေးစိတ် အကဲဖြတ်တွက်ချက်လျက်ရှိသည်။

အာဖဂန်နစ္စတန်နိုင်ငံ မိုးလေဝသဌာနက လာမည့် ၂၄ နာရီအတွင်း မိုးသည်းထန်စွာရွာသွန်းဦးမည်ဟု ခန့်မှန်းထားပြီး နိုင်ငံ၏ဝေးလံခေါင်သီသော ပြည်နယ် ၃၄ ခုအနက် ပြည်နယ် ၂၀ ခုတွင် ရေကြီးနိုင်ခြေရှိဦးမည့်သတိပေးချက်များ ထုတ်ပြန်ထားသည်။ **ဆင်ဟွာ**

# ပါရှန်ပင်လယ်ကွေ့၌ တင်းမာမှုများလျှော့နည်းစေရန် ရုရှားနှင့် ယူအေအီးတောင်းဆို

**မော်စကို ဧပြီ ၇**

ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလတ်ဗ်ရော့သည် ပါရှန်ပင်လယ်ကွေ့၌ တင်းမာမှုများ လျှော့နည်းလာစေရန်အတွက် အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)၏ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ရှိတ်အဗ်ဒူလာ ဘင်ဇာယက် အယ်လ်နာဟယန်နှင့် ဧပြီ ၇ ရက်တွင် တယ်လီဖုန်းဖြင့် ဆွေးနွေးပြောဆိုခဲ့သည်။

လက်နက်ကိုင်ပဋိပက္ခတွင် မပါဝင်သည့် နိုင်ငံများ၌ပင် လူအသေအပျောက်များ ဖြစ်ပေါ်စေပြီး အရေးကြီးသော အရပ်ဘက်အခြေခံအဆောက်အအုံများ ဆိုးရွားစွာပျက်စီးစေသည့် ရန်လိုမှုများ ချက်ချင်းအဆုံးသတ်ရန်မှာ အရေးကြီးကြောင်း နှစ်နိုင်ငံခေါင်းဆောင်များက အလေးပေး ဆွေးနွေးခဲ့ကြသည်။

ဒေသတွင်းနိုင်ငံများ၏ တရားဝင်အကျိုးစီးပွားကို အပြည့်အဝလေးစားလိုက်နာပြီး နိုင်ငံတကာဥပဒေအပေါ်အခြေခံ၍ အရှေ့အလယ်ပိုင်းဒေသအကျပ်အတည်းကို ငြိမ်းချမ်းစွာဖြေရှင်းရန် ရုရှားနှင့် ယူအေအီးတို့ကြား နီးကပ်သော နိုင်ငံခြားရေးမူဝါဒနှင့်ညှိနှိုင်းဆောင်ရွက်မှုများကို ဆက်လက်ထိန်းသိမ်းထားရန်အတွက် နှစ်နိုင်ငံခေါင်းဆောင်များက ၎င်းတို့၏ ကတိကဝတ်များကို ထပ်မံအတည်ပြုခဲ့ကြသည်။ **ဆင်ဟွာ**

# ဂျပန်နိုင်ငံ၌ ဝက်သက်ရောဂါကူးစက်ဖြစ်ပွားမှု လျင်မြန်စွာမြင့်တက်နေ

**တိုကျို ဧပြီ ၇**

၂၀၂၀ ပြည့်နှစ်နောက်ပိုင်း ဂျပန်နိုင်ငံတစ်ဝန်း ဝက်သက်ရောဂါကူးစက်ဖြစ်ပွားမှုများမှာ အလျင်မြန်ဆုံးနှုန်းထားဖြင့် မြင့်တက်လာလျက်ရှိကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဝက်သက်ရောဂါသည် အလွန်ကူးစက်လွယ်သော ရောဂါတစ်ခုဖြစ်ပြီး လေထဲမှတစ်ဆင့် လည်းကောင်း၊ ထိတွေ့မှုများမှ လည်းကောင်း ကူးစက်ပျံ့နှံ့နိုင်ကြောင်း၊ ရောဂါဖြစ်ပွားမှု ပြင်းထန်ပါက အသက်ဆုံးရှုံးမှုအထိ ဖြစ်ပွားနိုင်ကြောင်း သိရသည်။ ရောဂါလက္ခဏာများတွင် ဖျားခြင်း၊ ချောင်းဆိုးခြင်းနှင့် အဖုအပိမ့်များထွက်ခြင်းတို့ ပါဝင်သည်။

ဂျပန်နိုင်ငံ ကျန်းမာရေးလုံခြုံမှုဆိုင်ရာ အင်စတီကျုက မတ် ၂၉ ရက်အထိ သီတင်းတစ်ပတ်အတွင်း ရောဂါကူးစက်ဖြစ်ပွားသူ ၃၀ ရှိကြောင်း ပြောသည်။ ထို့ကြောင့် ယခုနှစ်အတွင်း လက်ရှိအချိန်အထိ ရောဂါကူးစက်ဖြစ်ပွားသူပေါင်း ၁၉၇ ဦးအထိ မြင့်တက်လာပြီ ဖြစ်သည်။ ယင်းအရေအတွက်သည် ပြီးခဲ့သည့်အလားတူ ကာလကထက် ၃ ဒသမ ၄ ဆခန့် ပိုမိုများပြားလာကြောင်း သိရသည်။

လူနာ ၂၈ ဦး သို့မဟုတ် ရောဂါကူးစက်ဖြစ်ပွားမှု စုစုပေါင်း၏ ၁၄ ရာခိုင်နှုန်းခန့်မှာ အင်ဒိုနီးရှား၊ နယူးဇီလန် ကဲ့သို့သော ပြင်ပနိုင်ငံများတွင် ကူးစက်ခံခဲ့ရသည်ဟု ယူဆထားသည်။ ဂျပန်နိုင်ငံတွင် ယခင်က ဝက်သက်ရောဂါ ဖြစ်ပွားမှုကင်းစင်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

**အင်န်အိတ်ချ်ကေ**




# လ၏ဝင်ရိုးစွန်းများတွင် နှစ်ပေါင်း ၁ ဒသမ ၅ ဘီလီယံခန့်အထိ ရေခဲများ အဆင့်ဆင့်စုပုံလာခဲ့ကြောင်း အစ္စရေးနှင့်အမေရိကန် သိပ္ပံပညာရှင်များတွေ့ရှိ

**ဂျေရုဆလင် ဧပြီ ၇**

လ၏ဝင်ရိုးစွန်းများတွင် အနည်းဆုံး နှစ်ပေါင်း ၁ ဒသမ ၅ ဘီလီယံခန့်အထိ ရေခဲများ အဆင့်ဆင့်စုပုံလာခဲ့ကြောင်း အစ္စရေးနှင့် အမေရိကန် သိပ္ပံပညာရှင်များက တွေ့ရှိခဲ့သည်ဟု အစ္စရေးရှိ ဝေ့ဇ်မင်းန်း သိပ္ပံအင်စတီကျုမှ ဧပြီ ၇ ရက်တွင် ထုတ်ပြန်ခဲ့သည်။

၎င်းတို့၏ သုတေသနကို သဘာဝ နက္ခတ္တဗေဒဂျာနယ်တွင် ဖော်ပြထားပြီး “cold traps” ဟုခေါ်သည့် နေမထိသော နက်ရှိုင်းသည့် ချိုင့်ကြီးများတွင် အပူချိန် အနုတ် ၁၆၀ ဒီဂရီဆဲလ်စီးယပ်ခန့်အထိ ကျဆင်းနိုင်သောကြောင့် အဆိုပါနေရာများသည် ရေခဲရှာဖွေရန်အကောင်းဆုံးနေရာများဖြစ်ကြောင်း ဖော်ပြထားသည်။

နာဆာ၏ လပေါ်သို့ သုတေသနယာဉ်မှ ဒေတာများကို အသုံးပြု၍ သုတေသနပြုရာတွင် အမှောင် မိုက်ဆုံးနေရာများ၌ ရေခဲပိုများကြောင်း တွေ့ရှိခဲ့ပြီး ၎င်းသည် တစ်ကြိမ်တည်း ဖြစ်ပေါ်ခြင်းမဟုတ်ဘဲ အချိန်ကြာမြင့်စွာ စုပုံလာခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထိုရေခဲများသည် ရေ၊ အောက်ဆီဂျင်နှင့် လောင်စာအဖြစ်သို့ ပြောင်းလဲသွားနိုင်ပြီး နာဆာသည် ၎င်း၏ Artemis အာကာသစူးစမ်းရေး (လကမ္ဘာပေါ်တွင် လူသားများ နေထိုင်ရေး) အစီအစဉ်အောက်တွင် အဆိုပါဒေသများကို စူးစမ်းရန် စီစဉ်နေကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အနာဂတ် လသို့သွားရောက်မည့် မစ်ရှင်များမှတစ်ဆင့် ရေ၏ မူလဇာစ်မြစ်နှင့် အာကာသအတွင်း လူသားများ၏လုပ်ဆောင်ချက်များကို မည်ကဲ့သို့ ပံ့ပိုးပေးနိုင်သည်ကို ဆုံးဖြတ်ရန် နမူနာများကို စုဆောင်းနိုင်လိမ့်မည်ဟု သိပ္ပံပညာရှင်များက မျှော်လင့်ထားသည်။ **ဆင်ဟွာ**

# မလေးရှား သင်္ဘောတစ်စင်း ဟော်မုဇ်ရေလက်ကြား ဖြတ်သန်းခွင့်ရရှိ

**တီဟီရန် ဧပြီ ၇**

မလေးရှားသင်္ဘောတစ်စင်းသည် ဟော်မုဇ်ရေလက်ကြားကို ဖြတ်သန်းသွားပြီဖြစ်ကြောင်း အီရန်က ပြောကြားလိုက်သည်။ ရေလက်ကြားကို စတင် ပိတ်ပင်ထားချိန်မှစ၍ အဆိုပါ မလေးရှားသင်္ဘောသည် ပထမဆုံး ဖြတ်သန်းသွားလာသည့်သင်္ဘောဖြစ်လာကြောင်း သိရသည်။

မလေးရှားနိုင်ငံရှိ အီရန်သံရုံးက ထုတ်ပြန်ကြေညာချက်နှင့်အတူ သင်္ဘောတစ်စင်း၏ ဓာတ်ပုံတစ်ပုံကို ဧပြီ ၆ ရက်က လူမှုကွန်ရက်၌ လွှင့်တင်ခဲ့သည်။ **အင်န်အိတ်ချ်ကေ**



တာချီလိတ်မြို့ ပန်ကူကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသည့် ပြည်ပနိုင်ငံသားများအား တွေ့ရစဉ်။



တာချီလိတ်မြို့ ပန်ကူကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများအား တွေ့ရစဉ်။

❒ *ကျောဖုံးမှ*

အနံ ပေ ၆၀ ရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ဆောင်သည့် အဆောင် တစ်လုံး၊ အလျား ပေ ၂၀၀၊ အနံပေ ၆၀ ရှိ ချက်ပြုတ်/စားဆောင်အပါ လူနေအိပ်ဆောင် တစ်လုံးနှင့် လုပ်ငန်းလုပ်ဆောင်သည့် အဆောင် တစ်လုံး၊ အလျား ၃၅ ပေ၊ အနံ ပေ ၃၀ ရှိစတိုဈေးဆိုင် အဆောင် တစ်လုံး၊ အလျား ပေ ၄၀၊ အနံ ၃၅ ပေရှိ ပစ္စည်းစတို တစ်လုံး၊ ပေ ၄၀ ပတ်လည် အိပ်ဆောင်နှစ်လုံး၊ အလျား ၁၅ ပေ၊ အနံ ၁၂ ပေရှိ ဂိတ် ဝင်/ထွက်ဆောင် တစ်လုံးနှင့် အလျား ပေ ၆၀၊ အနံ ငါးပေရှိ အိမ်သာအဆောက်အအုံ တစ်လုံး စုစုပေါင်း အဆောက်အအုံ ကိုးလုံးကိုတွေ့ရှိရပြီး ၎င်းတို့အတွင်းမှ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများ လုပ်ကိုင်နေသည့် နိုင်ငံအတွင်း တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား အမျိုးသား ၁၂၂ ဦးနှင့် အမျိုးသမီး သုံးဦး၊ လာအိုနိုင်ငံသား အမျိုးသမီး တစ်ဦး၊ စုစုပေါင်း တရားမဝင်ပြည်ပနိုင်ငံသား ၁၂၆ ဦးတို့ကို အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများ လုပ်ကိုင်ရာတွင် အသုံးပြုသည့် ပစ္စည်းများဖြစ်သော မော်နီတာ အလုံး၁၂၀၊ System ပုံး ၉၇ လုံး၊ All in One Computer ၄၆ လုံး၊ Star Link ၁၂ လုံး၊ ဝိုင်ဖိုင်စက် ၁၂ လုံး၊ ဖုန်းမျိုးစုံ ၁၀၅ လုံးနှင့် မီးစက်ကြီး တစ်လုံးတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အဆိုပါ သိမ်းဆည်းရမိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပြီး ဖမ်းဆီးရမိသူများကိုလည်း ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူ ဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် နောက်ကွယ်မှ ပါဝင်ပတ်သက်သူများကိုလည်း စိစစ်ဖော်ထုတ်ကာ တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်း လိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံအတွင်းသို့ ရောက်ရှိနေပြီး အွန်လိုင်းလိမ်လည်လောင်းကစားမှုတွင် တစ်နည်းနည်းဖြင့် ပါဝင်ပတ်သက်နေသည့် ပြည်ပနိုင်ငံသားများကိုလည်း တရားဥပဒေနှင့်အညီ စစ်ဆေးကာ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးခြင်းများ၊ အဓိကပြစ်မှုကျူးလွန်ခဲ့သူများကိုလည်း ဖမ်းဆီးထိန်းသိမ်းပြီး သက်ဆိုင်ရာအစိုးရအဖွဲ့ထံ တရားဝင်လွှဲပြောင်းပေးခြင်းများနှင့် တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူခြင်းများ ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




တာချီလိတ်မြို့ ပန်ကူကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား တွေ့ရစဉ်။





တာချီလိတ်မြို့ ပန်ကူကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား တွေ့ရစဉ်။



တာချီလိတ်မြို့ ပန်ကူကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများအား တွေ့ရစဉ်။

❂ *ကျောဖုံးမှ*

ရန်ကုန်-ပြည်ရထားလမ်းပိုင်းတွင် အဆန်အထူးလေအိတ် ရထားသည် ရန်ကုန်မှ မွန်းလွဲ ၁ နာရီတွင် စတင်ထွက်ခွာပြီး ည ၈ နာရီ ၅၅ မိနစ်တွင် ပြည်မြို့သို့ ရောက်ရှိမည်ဖြစ်သည်။ အစုန်အထူးလေအိတ်ရထားသည် ပြည်မြို့မှ ည ၁၀ နာရီခွဲတွင် စတင်ထွက်ခွာပြီး နံနက် ၆ နာရီခွဲတွင် ရန်ကုန်မြို့သို့ရောက်ရှိမည်ဖြစ်သည်။ အဆိုပါ အဆန်အထူးလေအိတ်ရထားနှင့် အစုန်အထူး လေအိတ်ရထားတို့ ပြေးဆွဲမည့် နေ့ရက်များမှာ ဧပြီ (၁၀၊ ၁၁၊ ၁၂၊ ၁၉၊ ၂၀) ရက်များ ဖြစ်သည်။

ရန်ကုန်-မော်လမြိုင်ရထားလမ်းပိုင်းတွင်အဆန်အထူးလေအိတ်ရထားသည် ရန်ကုန်မှ နံနက် ၉ နာရီ ၁၅ မိနစ်တွင် စတင်ထွက်ခွာပြီး မော်လမြိုင်သို့ ညနေ ၆ နာရီ တွင်ရောက်ရှိမည် ဖြစ်ကာ ပြေးဆွဲမည့် နေ့ရက်မှာ ဧပြီ (၁၀၊ ၁၁၊ ၁၂၊ ၁၉၊ ၂၀) ရက်များဖြစ်သည်။ အစုန်အထူးလေအိတ်ရထားသည် မော်လမြိုင်မှ နံနက် ၉ နာရီ ၁၅ မိနစ်တွင် ထွက်ခွာပြီး ရန်ကုန်မြို့သို့ ညနေ ၅ နာရီ ၅၅ မိနစ်တွင် ရောက်ရှိမည်ဖြစ်သည်။ အဆိုပါ အထူးလေအိတ်ရထားပြေးဆွဲမည့် နေ့ရက်များမှာ ဧပြီ (၁၁၊ ၁၂၊ ၁၉၊၂၀၊ ၂၁) ရက်များဖြစ်သည်။

အထက်ပါနေ့ရက်များအလိုက် ထပ်မံတိုးချဲ့ပြေးဆွဲပေးမည့် အထူးရထားများ၏ လက်မှတ်ခန့်မှန်းထားနှင့် ရပ်တန့်မည့်ဘူတာများမှာ နေ့စဉ်ပုံမှန်ပြေးဆွဲပေးလျက်ရှိသည့် ရထားများအတိုင်းဖြစ်ကြောင်းနှင့် ရထားစီးခရီးသွားပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် ရန်ကုန်-ပြည်-ရန်ကုန်နှင့်ရန်ကုန်-မော်လမြိုင်-ရန်ကုန်လမ်းပိုင်းတွင် အထက်တန်းလက်မှတ်အား(၃)ရက်ကြိုတင်၍လည်းကောင်း၊ ရိုးရိုးတန်း လက်မှတ်အား(၁)ရက်ကြိုတင်၍လည်းကောင်း သက်ဆိုင်ရာဘူတာများတွင် ဝယ်ယူနိုင်ကြောင်း၊ ထို့အပြင် ရန်ကုန်-နေပြည်တော်-ရန်ကုန်လမ်းပိုင်းအတွင်း ပြေးဆွဲလျက်ရှိသည့် ပုံမှန်ရထားများနှင့် အထူးရထားများအတွက် Online မှလက်မှတ်ရောင်းချခြင်းနှင့် ငွေပေးချေခြင်း (Online Railway Ticketing and Payment System – ORTP) စနစ်ဖြင့် ကြိုတင်ဝယ်ယူနိုင်ပြီး ခရီးစဉ်အစအဆုံးဘူတာများအတွက် (၇)ရက်နှင့် ကြားဘူတာများတွက် (၃) ရက်ကြိုတင်၍ ဝယ်ယူနိုင်မည်ဖြစ်သည်။

အထက်ပါ ထပ်တိုးပြေးဆွဲပေးသည့် ရန်ကုန်-ပြည်နှင့် ရန်ကုန်-မော်လမြိုင် အစုန်/အဆန် အထူးလေအိတ်ရထားများတွင် အထက်တန်း (၆) တွဲနှင့် ရိုးရိုးတန်း(၈)တွဲ၊ ဘရိတ်တွဲ(၁)တွဲဖြင့် ဝန်ချိန်ပြည့် ပြေးဆွဲပေးသွားမည်ဖြစ်သည်။

သင်္ကြန်အကြိုနေ့ဖြစ်သည့် ဧပြီ ၁၃ ရက်မှ သင်္ကြန်အတက်နေ့ဖြစ်သည့် ၁၆ ရက်အထိ ပုံမှန်ပြေးဆွဲလျက်ရှိသည့် လူစီးအမြန်ရထားအချို့ ပြေးဆွဲမှုခေတ္တရပ်နားထားမည်ဖြစ်ရာ ရန်ကုန်-မန္တလေးရထားလမ်းပိုင်းတွင် အမှတ်(၇)အဆန်၊ (၈)အစုန်၊ (၃၁)အဆန်၊ (၃၂)အစုန်၊ (၃၃)အဆန်၊ (၃၄)အစုန် ရန်ကုန်-နေပြည်တော်-ရန်ကုန် ခရီးစဉ် DEMU ရထားများ၊ အမှတ်(၂၇) အဆန်၊ (၂၈)အစုန် နေပြည်တော်-မန္တလေး-နေပြည်တော်ခရီးစဉ် BEL ရထား၊ အမှတ်(၁)အဆန်၊ (၂)အစုန် ရန်ကုန်-မန္တလေး-ရန်ကုန် ခရီးစဉ် စာပို့ရထား ၊ အမှတ်(၁၅)အဆန်၊ (၁၆)အစုန်၊ ရန်ကုန် – ပဲခူး-ရန်ကုန် DEMU ရထား၊ အမှတ် (သ-၃၀၁)အဆန်၊ (၃၀၂) အစုန် သာစည်-မန္တလေး-သာစည် ခရီးတို RBE ရထား၊ ရန်ကုန်-ပြည်လမ်းပိုင်းတွင် အမှတ်(၇၁)အဆန်၊ (၇၂)အစုန် ရန်ကုန်-ပြည်-ရန်ကုန်ခရီးစဉ် လူစီးအမြန်ရထား၊ အမှတ် (၆၅)အဆန်၊ (၆၆)အစုန် အင်းစိန်-ဥက္ကံ-အင်းစိန် ခရီးစဉ် စာပို့ရထားတို့ဖြစ်သည်။

ထို့အတူ ရန်ကုန်မြို့ပတ်ရထားများကိုလည်း ဧပြီ ၁၃ ရက်မှ ၁၆ ရက်အထိ ခေတ္တရပ်နားထားမည်ဖြစ်သည်။

ရန်ကုန်-ပုဂံလမ်းပိုင်း၌အမှတ်(၆၁)အဆန်၊ (၆၂)အစုန် ရန်ကုန်-ပျဉ်းမနား -ပုဂံ ခရီးစဉ်ရထားများကို ဧပြီ ၁၄ ရက်မှ ၂၀ ရက်အထိ ပြေးဆွဲမှု ခေတ္တရပ်နားထားမည်ဖြစ်ပြီး ရထားခရီးစဉ်အားလုံး ဧပြီ ၁၇ ရက်မှစ၍ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲပေးသွားမည်ဖြစ်သည်။

ရန်ကုန်-မန္တလေးလမ်းပိုင်း၌ အမှတ်(၁၁)အဆန်၊ အမှတ်(၁၂) အစုန်လူစီးအမြန်ရထား၊ ရန်ကုန်- မော်လမြိုင်လမ်းပိုင်း၌ အမှတ်(၈၁) အဆန်၊အမှတ်(၈၂)အစုန်လူစီးအမြန်ရထား၊ရန်ကုန်-ပြည်လမ်းပိုင်း၌ အမှတ်(၆၃)အဆန်၊ အမှတ်(၆၄)အစုန် လူစီးစာပို့ရထား၊ သာစည်-တောင်ကြီးလမ်းပိုင်း၌ အမှတ်(၁၄၁)အဆန်၊ အမှတ်(၁၄၂)အစုန်စာပို့ရထား၊ ပျဉ်းမနား-တောင်တွင်းကြီးလမ်းပိုင်း၌ အမှတ် (၁၀၃)အဆန်၊ အမှတ်(၁၀၄)အစုန်လော်ကယ်ရထား၊ လက်ပံတန်း-သာရဝေါ လမ်းပိုင်း၌ အမှတ် (၁၉၅)အဆန်၊ အမှတ်(၁၉၆) အစုန်လော်ကယ်ရထား၊ မြစ်ကြီးနား -မိုးကောင်းလမ်းပိုင်း၌ မိုးကောင်း(၁)၊ မိုးကောင်း(၂) လူစီးရထားနှင့်ပုသိမ်-ကြံခင်းလမ်းပိုင်း၌ အမှတ်(၁၈၁)အဆန်၊ အမှတ်(၁၈၂) အစုန်လူစီးရထားများအား သင်္ကြန်ကာလရုံးပိတ်ရက်အတွင်း နေ့စဉ်ပုံမှန်ပြေးဆွဲပေးသွားမည်ဖြစ်သည်။

ထို့အတူ ရှုခင်းကြည့်ရထားများဖြစ်သည့် ပြင်ဦးလွင်-ဂုတ်ထိပ်၊ တောင်ကြီး-ပေါမှုခရီးစဉ်များကိုလည်း သင်္ကြန်ပိတ်ရက်ကာလအတွင်း စီးနင်းလိုသည့် ခရီးသည်များရှိပါက ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း အာဆီယံဒုတိယဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေးနှင့် အာဆီယံ ဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယအကြီးအကဲများ အစည်းအဝေးများသို့ တက်ရောက်

နေပြည်တော် ဧပြီ ၇

**၂၀၂၆ ခုနှစ်၏ အာဆီယံအလှည့်ကျသဘာပတိအဖြစ်ဆောင်ရွက်သည့် ဖိလစ်ပိုင်နိုင်ငံက Virtual အစီအစဉ်ဖြင့် ဧပြီ ၇ ရက်မှ ၈ ရက်အထိကျင်းပသည့် အာဆီယံဒုတိယဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေး (ASEAN Finance Deputies Ministers' Meeting – AFDM) နှင့် အာဆီယံဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယအကြီးအကဲများ အစည်းအဝေးများ (ASEAN Finance and Central Bank Deputies' Meeting – AFCDM) ကို ယနေ့နံနက်ပိုင်းတွင် စတင်ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။**




အစည်းအဝေးပထမနေ့ နံနက်ပိုင်းတွင် ကျင်းပသည့် အာဆီယံဒုတိယဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးတွင် အာရှဖွံ့ဖြိုးရေးဘဏ်မှ ကိုယ်စားလှယ်က အာဆီယံအခြေခံအဆောက်အအုံရန်ပုံငွေ (ASEAN Infrastructure Fund–AIF) ဖြင့် ဆောင်ရွက်နေသည့်ကိစ္စရပ်များ၊ အာဆီယံအာမခံဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ အာဆီယံနယ်စပ်ဖြတ်ကျော်မှုဆိုင်ရာ ကိစ္စရပ်များ၊ အာဆီယံအခွန်ဆိုင်ရာ ကိစ္စရပ်များ၊ အကောက်ခွန်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ အာဆီယံပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်မှုများနှင့် အာဆီယံငွေတိုက်ဆိုင်ရာကိစ္စရပ်များကို သက်ဆိုင်ရာ လုပ်ငန်းကော်မတီများမှ ကိုယ်စားလှယ်များက ရှင်းလင်းတင်ပြကြရာ အာဆီယံဒုတိယဘဏ္ဍာရေးဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးကြပြီး အစည်းအဝေးမှ မှတ်တမ်းတင်ခဲ့ကြသည်။ ထို့နောက် အာရှဖွံ့ဖြိုးရေးဘဏ်မှ ကိုယ်စားလှယ်က ASEAN Climate Finance Policy Platform နှင့်စပ်လျဉ်းသည့် တိုးတက်မှုအခြေအနေနှင့် သဘောတရားစာတမ်း (Concept Note) ကို ဆွေးနွေးတင်ပြကြရာ အစည်းအဝေးက အတည်ပြုကြသည်။

နိုင်ငံအလိုက် ပူးပေါင်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက အာဆီယံနိုင်ငံများအကြား နယ်စပ်ဖြတ်ကျော် မော်တော်ယာဉ်များအတွက် မထားမနေရ သူတစ်ပါးထိခိုက်မှုအာမခံဆိုင်ရာ ကိစ္စရပ်နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ရှင်းလင်းဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် ကျင်းပသည့် အာဆီယံဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယအကြီးအကဲများ အစည်းအဝေးတွင် အိမ်ရှင်ဖိလစ်ပိုင်နိုင်ငံက ၎င်း၏အလှည့်ကျသဘာပတိအဖြစ် ဆောင်ရွက်သည့် ကာလအတွင်း ဆောင်ရွက်မည့် Priority Economic Deliverables (PEDs) ကိစ္စရပ်များကိုတင်ပြရာ အစည်းအဝေးက သဘောတူကြသည်။ ထို့နောက် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်က တင်ပြသည့် ASEAN Economic Community (AEC) Strategic Plan 2026–2030 တွင်ပါဝင်သော Finance Sectoral Plan ၏ ဆောင်ရွက်မှုအခြေအနေနှင့် ASEAN Finance Intergration Monitoring Report (AFMIF) 2026 (မူကြမ်း) ကို အစည်းအဝေးက မှတ်တမ်းတင်သည်။ အစည်းအဝေး၏ တွဲဖက်သဘာပတိများနှင့် ASEAN Senior Level Committee မှ တွဲဖက်သဘာပတိများက တင်ပြကြသည့် အာဆီယံဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးပေါင်းစည်းမှုဆိုင်ရာ လမ်းပြမြေပုံအကောင်အထည်ဖော်မှု အခြေအနေများ၊ Cadmus Group က တင်ပြသော AEC Blueprint 2025 အကောင်အထည်ဖော်မှု၏ ရလဒ်များ၊ Project Revive လုပ်ငန်းအဖွဲ့က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား အစည်းအဝေးက အတည်ပြုကြပြီး အာရှဖွံ့ဖြိုးရေးဘဏ်မှ ကိုယ်စားလှယ်ကတင်ပြသည့် အာဆီယံနှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့၏ မဟာဗျူဟာပူးပေါင်းဆောင်ရွက်မှု (ASEAN–ADB Strategic Partnership) ဆိုင်ရာကိစ္စရပ်များကို အစည်းအဝေးက မှတ်တမ်းတင်သည်။

ယင်းအစည်းအဝေးများအား ဧပြီ ၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဧပြီ ၉ ရက်နှင့် ၁၀ ရက်များတွင် အကြိမ် (၃၀) မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေးနှင့် (၁၃) ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးများအား Virtual အစီအစဉ်ဖြင့် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း လစဉ်ပုံမှန်အစည်းအဝေးကျင်းပ

**ရန်ကုန် ဧပြီ ၇**

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို) ၏ လစဉ်ပုံမှန်အစည်းအဝေး အမှတ်စဉ် (၄/၂၀၂၆) ကို ယနေ့တွင် အသင်းရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသင်း (ဗဟို) ဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် အလုပ်အမှုဆောင် ကော်မတီဝင်များ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသင်း (ဗဟို) ဥက္ကဋ္ဌက မကြာမီ ကျရောက်မည့် သင်္ကြန်ပွဲတော်ကာလအတွင်း လူငယ်လူရွယ်များ မူးယစ်ဆေးဝါး သုံးစွဲမှုမရှိအောင် တတ်နိုင်သရွေ့ ကြိုတင်ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ပေးကြရန်၊ ကျောင်းပိတ်ရက်ကာလဖြစ်၍ ကျောင်းပြင်ပရောက် လူငယ်လူရွယ်များကို ဦးစားပေး၍ ပညာပေးရန်၊ ဥပမာ– ဂေါက်ကွင်းများ၊ စက်မှုဇုန်များမှ တာဝန်ရှိသူများနှင့်ညှိနှိုင်း၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့တို့ကို ဖိတ်ကြားကာအတူတကွ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားပြီး အလုပ်အမှုဆောင် ကော်မတီဝင်များက ဖြည့်စွက်အကြံပြု ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**MANA**

# မန္တလေးမြို့၌ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅ ဒသမ ၀၂ ဘီလီယံခန့်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၇**

နိုင်ငံတော်အစိုးရအနေဖြင့် အနာဂတ်မျိုးဆက်သစ် လူငယ်များအပါအဝင် လူသားမျိုးနွယ်စုတစ်ခုလုံးအား အန္တရာယ်ဖြစ်စေသည့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်သုံးစွဲမှုများကို စစ်ဆေးရှာဖွေ ဖော်ထုတ်ဖမ်းဆီးမှုများ တိုးမြှင့်လုပ်ဆောင်နေသကဲ့သို့ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်း၍ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ပူးတွဲစစ်ဆင်ရေးများကိုလည်း အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်အတွင်း မူးယစ်ဆေးဝါး ရောင်းချနေသူများ ရောက်ရှိနေကြောင်း တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ ၂၀၂၆ ခုနှစ်၊ ဧပြီ ၆ ရက် နံနက် ၈ နာရီ မိနစ် ၃၀ ခန့်တွင် ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ) ရပ်ကွက်၊ ၅၄(ဘီ)လမ်း၊ ၁၂၈ x ၁၂၉ လမ်းကြား၌ မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချသူများဖြစ်သည့် အောင်ကျော်စိုးနှင့် ဇနီးဖြစ်သူ သူဇာသန်း (ခ) သီတာ တို့အား ဖမ်းဆီးရမိခဲ့ပြီး အမရပူရမြို့နယ် ဒေါင်းရွေးကျေးရွာရှိ၎င်းတို့၏နေအိမ်အား သွားရောက်ရှာဖွေခဲ့ရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၉ ဒသမ ၂၂ သိန်းပြား(ခန့်မှန်းတန်ဖိုး ၁ ပြားလျှင် ၁၅၀၀ ကျပ်)၊ ဘိန်းဖြူ ၅ ဒသမ ၅ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုး ၁ ကီလိုဂရမ်လျှင် ငွေကျပ်သိန်း ၂၅၀ ကျပ်) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅ ဒသမ ၀၂ ဘီလီယံခန့်ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်အရ ဖမ်းဆီးရန်ကျန်ရှိသည့် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွတ်ခိုင်မြို့နေ အိုက်ချွမ် (ဖမ်းဆီးရန်ကျန်) က မူးယစ်ဆေးဝါးများကို မန္တလေးမြို့အတွင်း ပြန်လည်ရောင်းချရန် ၎င်း၏အစီအစဉ်ဖြင့် အမရပူရမြို့နယ် ဒေါင်းရွေးကျေးရွာရှိ အောင်ကျော်စိုးနှင့် ဇနီးဖြစ်သူ သူဇာသန်း (ခ) သီတာ တို့၏နေအိမ်သို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ အိုက်ချွမ်(ဖမ်းဆီးရန်ကျန်) ပို့ဆောင်ပေးသည့် မူးယစ်ဆေးဝါးများကို အောင်ကျော်စိုး နှင့် ဇနီးဖြစ်သူ သူဇာသန်း (ခ) သီတာ တို့က မန္တလေးမြို့တွင် ပြန်လည်ဖြန့်ဖြူးရောင်းချခဲ့ကြောင်း သိရှိရသည်။

အဆိုပါ မူးယစ်ဆေးဝါးနှင့်အတူ ဖမ်းဆီးရမိသူများအား ဥပဒေအရထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဆက်စပ်ပါဝင်ပတ်သက်သူများအား ဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း၊ လူသားမျိုးနွယ်တစ်ရပ်လုံးနှင့် နိုင်ငံတော်၏ အနာဂတ်မျိုးဆက်သစ်လူငယ်များအတွက် ပျက်စီးဒုက္ခရောက်စေနိုင်သော မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်းနှင့် သတင်းပေးသူနှင့် ပူးပေါင်းပါဝင်ဖမ်းဆီးပေးသူများအား လျှို့ဝှက်၍ ဆုငွေများ ထိုက်တန်စွာ ချီးမြှင့်ပေးမည်ဖြစ်ကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းစဉ်**



တရားခံ အောင်ကျော်စိုး ၅၀ နှစ်



တရားခံ သူဇာသန်း(ခ)သီတာ ၄၇ နှစ် (အောင်ကျော်စိုး၏ ဇနီး)

## ၂၀၂၆ ခုနှစ် ဧပြီလ ၅ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car– (AQMS Mobile Car)၊ Compact Air Quality Monitoring Station– (AQM 65) စက်များကိုအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter (၆) မျိုးကို (၂၄) နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

<table>
<tr><th rowspan="2">စဉ်</th><th rowspan="2">ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ</th><th colspan="6">တိုင်းတာသည့် Parameter များ</th></tr>
<tr><th>၂.၅ မိုက်ခရွန် အရွယ် ရှိသော အမှုန် အမွှားများ</th><th>၁၀ မိုက်ခရွန် အရွယ် ရှိသော အမှုန် အမွှားများ</th><th>ဆာလဖာဒိုင် အောက်ဆိုဒ်</th><th>နိုက်ထရိုဂျင်ဒိုင် အောက်ဆိုဒ်</th><th>အိုဇုန်း</th><th>ကာဗွန်မိုနောက်ဆိုဒ်</th></tr>
<tr><td>၁</td><td>ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၂</td><td>အပြည်ပြည်ဆိုင်ရာစီးပွားရေး လုပ်ငန်းဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၃</td><td>ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
</table>

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ် မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေး ရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

## မြောင်းမြမြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်

**မြောင်းမြ ဧပြီ ၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ကြိုတင် ပြင်ဆင်လျက်ရှိရာ တာဝန်ရှိသူများ ဧပြီ ၄ ရက်က သွားရောက်ကြည့်ရှုသည်။



မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကိုကိုနှင့် အဖွဲ့များ၊ တာဝန်ရှိသူများက ယိမ်းအက ပြိုင်ပွဲအတွက် အကလေ့ကျင့်နေမှု များ၊ ဗဟိုမဏ္ဍပ် ဆောက်လုပ်နေမှု များကို သွားရောက်ကြည့်ရှု သည်။ အကပြိုင်ပွဲများ၊ သက်ကြီး ပူဇော်ပွဲ၊ နှစ်ဆန်းတစ်ရက်နေ့ ဆွမ်းဆန်စိမ်း လောင်းလှူပွဲနှင့် ဇီဝိတဒါနငါးလွှတ်ပွဲများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ပြီး ဗဟို ရေကစားမဏ္ဍပ် ပြုလုပ်၍ ယိမ်း အကများဖြင့် ဖျော်ဖြေတင်ဆက် နိုင်ရေး ကြိုတင်စီစဉ်ဆောင်ရွက် လျက်ရှိပြီး ရေကစားမဏ္ဍပ်များ၊ လမ်းလျှောက်သင်္ကြန်ဖြင့် ရေပက် ကစားနိုင်ရေး ဆောင်ရွက်မည် ဖြစ်သည်။

**ဇေယျာ(ပြန်/ဆက်)**



## မလှိုင်မြို့နယ်၌ အပူဒဏ်အန္တရာယ်ဖြစ်ပွားလာပါက ကျန်းမာရေးစောင့်ရှောက်ပေးနိုင်ရန် ကြိုတင်ပြင်ဆင်

**မလှိုင် ဧပြီ ၇**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်၌ အပူဒဏ်အန္တရာယ်ဖြစ်ပွားမှုကြောင့် ဖြစ်ပေါ်တတ်သောရောဂါများအား မြို့နယ်ပြည်သူ့ဆေးရုံသို့ လာရောက်ပြသသောလူနာများအား လိုအပ်သော ကျန်းမာရေး စောင့်ရှောက်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိကြောင်း သိရသည်။

မလှိုင်မြို့နယ် ပြည်သူ့ဆေးရုံ၌ အပူဒဏ်ကြောင့် ရောက်ရှိလာသော လူနာများအား လက်ခံကုသပေးမည့်နေရာ ကြိုတင်စီစဉ်ခြင်း၊ ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ဖြည့်ဆည်းပြင်ဆင်ထားရှိခြင်း၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုရှိစေရေးအတွက် အပူဒဏ်အန္တရာယ်ကြောင့်ဖြစ်ပွားသည့် လူနာများအား အရေးပေါ်ကုသမှုပေးရာတွင် ကုသမှုလုပ်ငန်း လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ရန်အတွက် လေ့ကျင့်မှုများအပါအဝင် အပူဒဏ်အန္တရာယ်နှင့် ပတ်သက်သော ကျန်းမာရေး ပြဿနာများ ကာကွယ်ကုသပေးရေးအတွက် လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး မိဘပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော ကျန်းမာရေးအကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ်နည်းလမ်းများကို ကိုယ်တိုင် လိုက်နာဆောင်ရွက်ကြရန်လိုကြောင်း သိရသည်။ **ဇော်မင်း(မလှိုင်)**

## အောင်လံမြို့နယ်၌ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**အောင်လံ ဧပြီ ၇**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်၌ မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး ဗဟိုမဏ္ဍပ်နှင့် ရေကစားမဏ္ဍပ်များ ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ဗဟိုမဏ္ဍပ်နှင့် ရေကစားမဏ္ဍပ်များ စတင်ဆောက်လုပ်နေပြီဖြစ်ပြီး ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေဆော့ကစားနိုင်ရန် လမ်းလျှောက်သင်္ကြန်ကို ကျင်းပသွားမည်ဖြစ်ကြောင်း၊ သင်္ကြန်ပွဲတော်ကာလအတွင်း ရေကစားကြသူများ ပျော်ရွှင်နိုင်ရန် ဖျော်ဖြေရေးယိမ်းအဖွဲ့များက နေ့အလိုက် ကပြဖျော်ဖြေသွားမည်ဖြစ်ပြီး လက်ရှိ တွင် ယိမ်းအကများ လေ့ကျင့်ဆောင်ရွက်လျက်ရှိသည်။



ထို့ပြင် ဗဟိုမဏ္ဍပ်နှင့် ရေကစားမဏ္ဍပ်သို့ လာရောက်ရေကစားကြသူများကို ဌာနဆိုင်ရာများက နေ့အလိုက် စတုဒိသာ ကျွေးမွေးလှူဒါန်းခြင်း၊ မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဇီဝိတဒါနငါးလွှတ်ခြင်း၊ မြို့ပေါ်ရပ်ကွက်ရှိ သက်ကြီးဘိုးဘွားများအား သက်ကြီးပူဇော်ပွဲ ဆောင်ရွက်ခြင်း၊ မြို့နယ်အတွင်းရှိ တန်ခိုးကြီးဘုရားများရှိ ရုပ်ပွားတော်များနှင့် စေတီပုထိုးများတွင် ရေသပ္ပာယ်ခြင်း၊ တရားဘာဝနာပွားများခြင်း၊ ဆရာတော်သံဃာတော်များအား ပင့်ဖိတ်ကာ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အာကာ(ပြန်/ဆက်)**

## မိတ္ထီလာအထွေထွေရောဂါကုဆေးရုံကြီး၌ အပူဒဏ်အန္တရာယ်ဖြစ်ပွားပါက ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ကြိုတင်ပြင်ဆင်

**မိတ္ထီလာ ဧပြီ ၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ အပူဒဏ်အန္တရာယ်ဖြစ်ပွားမှုကြောင့် ဖြစ်ပေါ်တတ်သောရောဂါများအား အထွေထွေရောဂါကုဆေးရုံကြီးသို့ လာရောက်ပြသသောလူနာများကို လိုအပ်သော ကျန်းမာရေး စောင့်ရှောက်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိကြောင်း သိရသည်။

မိတ္ထီလာအထွေထွေရောဂါကုဆေးရုံကြီး၌ အပူဒဏ်ကြောင့် ရောက်ရှိလာသော လူနာများအား လက်ခံကုသပေးမည့်နေရာ ကြိုတင်စီစဉ်ခြင်း၊ ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ဖြည့်ဆည်း ပြင်ဆင်ထားရှိခြင်း၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုရှိစေရေးအတွက် အပူဒဏ်အန္တရာယ်ကြောင့် ဖြစ်ပွားသည့် လူနာများအား အရေးပေါ်ကုသမှုပေးရာတွင် ကုသမှုလုပ်ငန်း လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ရန်အတွက် သမားတော်ကြီးများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး အပူဒဏ်အန္တရာယ်နှင့် ပတ်သက်သော ကျန်းမာရေးပြဿနာများ ကာကွယ်ကုသပေးရေး အတွက် ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော ကျန်းမာရေးအကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ်နည်းလမ်းများကို ကိုယ်တိုင် လိုက်နာဆောင်ရွက်ကြရန် ကျန်းမာရေးဦးစီးဌာနမှ ခရိုင်ကျန်းမာရေးမှူး



နှင့် ဝန်ထမ်းများက လူစည်ကားရာနေရာများတွင် အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## ပြည်သူများအား စားအုန်းဆီများ သတ်မှတ်ဈေးနှုန်းနှင့်အညီ ဖြန့်ဖြူးရောင်းချစေရေး လုပ်ငန်းညှိနှိုင်းဆွေးနွေး

**ပုသိမ် မေ ၇**

တကျပ်မှန်ကန်စေရေးနှင့် စားသုံးသူပြည်သူများ စားအုန်းဆီဖြန့်ဖြူးခြင်းလုပ်ငန်းများ စနစ် လက်ဝယ်အရောက် သတ်မှတ်ဈေးနှုန်း၊ သတ်မှတ်ပမာဏအတိုင်း ဖြန့်ဖြူးရောင်းချရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၅ ရက်က ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီး ဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။




ဦးစွာ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး က စားအုန်းဆီတန်ချိန် ၃၆၀၀ ကို ကုမ္ပဏီ ၁၄ ခု မှ လက်ကားကိုယ်စားလှယ် ၁၁၀၊ လက်လီ ကိုယ်စားလှယ် ၂၈၈၈ ဦးမှတစ်ဆင့် ပြည်သူ များသို့ ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း၊ လက်ကား/လက်လီ ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ ခွဲဝေရရှိသော စားအုန်းဆီများကို သတ်မှတ်ချက်များနှင့်အညီ ပြည်သူများ လက်ဝယ်အရောက် ဖြန့်ဖြူး ရောင်းချပေးရန်လိုကြောင်း ဆွေးနွေးမှာကြားခဲ့သည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## ပန်းတောင်းမြို့နယ်၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ပန်းတောင်း မေ ၇**

ပန်းတောင်းမြို့နယ်တွင် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ လုပ်ငန်းများကို ယမန်နေ့ နံနက်ပိုင်းက အမက(လွန်) နတ်မောက်ကျောင်းရှိ ဓမ္မစကူးသင်တန်းကျောင်း၌ ပြုလုပ်သည်။



ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းသင်းအေးက လူငယ်များနှင့် စာပေအကျိုးကျေးဇူး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် လူငယ်များ လိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းများကို ဟောပြောသည်။

ထို့နောက် တက်ရောက်လာကြသည့် လူငယ်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားခဲ့ပြီး အသိပညာပေး နံရံကပ်စာစောင်များ ပြသခဲ့ကြောင်း သိရသည်။ **လပြည့်လင်း(ပြန်/ဆက်)**

## မအူပင်မြို့၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် စည်ကားစွာ ကျင်းပမည်

**မအူပင် မေ ၇**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ခရိုင်အဆင့် ဗဟိုရေကစားမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်၊ စတုဒိသာအလှူများ၊ ယိမ်းအဖွဲ့ပြိုင်ပွဲများ၊ ဖျော်ဖြေရေးအစီအစဉ်များဖြင့် စည်ကားစွာ ကျင်းပသွားမည်ဖြစ်သည်။

မအူပင်မြို့၌ ဗဟိုရေကစားမဏ္ဍပ်ကို ကမ်းနားလမ်း တိုးရွှေဝါခန်းမရှေ့တွင် တည်ဆောက်သွားမည်ဖြစ်ပြီး ယိမ်းအဖွဲ့ လေးဖွဲ့တို့က ယှဉ်ပြိုင်ခြင်း၊ နေ့စဉ်အဖွဲ့အစည်းများနှင့် ရပ်ကွက်တို့မှ ယိမ်းအဖွဲ့များ၊ အနုပညာရှင်များတို့၏ ဖျော်ဖြေရေးအစီအစဉ်များ၊ စတုဒိသာအလှူများဖြင့် ကျင်းပမည်ဖြစ်ရာ ပါဝင်ယှဉ်ပြိုင်ဖျော်ဖြေ ကြမည့် ယိမ်းအဖွဲ့များ မိမိတို့ရပ်ကွက်အလိုက် ကြိုတင်လေ့ကျင့်လျက်ရှိသည်။ **အောင်မြင့်မြတ်(ပြန်/ဆက်)**

## ချောင်းဆုံမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် IUD ကတ်များ ကွင်းဆင်းဆောင်ရွက်

**ချောင်းဆုံ မေ ၇**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ရက် (၁၀၀) စီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်နှင့် IUD ကတ်များ ကွင်းဆင်းဆောင်ရွက်ခြင်းကို မေ ၁ ရက်မှ စတင်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့နံနက်ပိုင်းတွင် တိုးချဲ့ရပ်ကွက်ရှိ တိုးချဲ့(အမက) ကျောင်း၌ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။



အဆိုပါ ကွင်းဆင်းဆောင်ရွက်ခြင်းကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးအရာရှိ ဦးကောင်းပြည့်ကျော်နှင့် ဝန်ထမ်းများက အသက် (၁၀) နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ်မရှိသူများအား ဆောင်ရွက်ပေးခြင်း၊ အိမ်ထောင်စုနှင့် လူဦးရေစာရင်း ဆောင်ရွက်ပေးခြင်းနှင့် IUD ကတ်များကို ဆောင်ရွက်ပေးလျက်ရှိပြီး မြို့နယ်အတွင်း ကျန်ရှိသည့် ရပ်ကွက်နှင့် ကျေးရွာအုပ်စုများတွင်လည်း စီမံချက်ကာလအဖြစ် မေ ၉ ရက်အထိ ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ **ကိုကျော်(ချောင်းဆုံ)**

## ခမောက်ကြီးမြို့၌ မီးဘေးအန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေ

**ခမောက်ကြီး မေ ၇**

တနင်္သာရီတိုင်းဒေသကြီး ခမောက်ကြီးမြို့၌ မီးသတ်ဦးစီးဌာနက ပြည်သူများ မီးဘေးအန္တရာယ်မှ ကင်းဝေးနိုင်စေရေးနှင့် မီးလောင်ကျွမ်းမှု မဖြစ်ပေါ်စေရေးအတွက်ရည်ရွယ်၍ ယမန်နေ့က ခမောက်ကြီးမြို့၌ အသိပညာပေးလက်ကမ်းစာစောင် ဖြန့်ဝေသည်။

အဆိုပါအသိပညာပေးဆောင်ရွက်ရာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ ရဲတပ်ဖွဲ့ဝင်များနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ မြို့ပေါ်ရပ်ကွက်များရှိ မော်တော်ဆိုင်ကယ်၊ မော်တော်ကား စီးနင်းမောင်းနှင်သူများ၊ ခရီးသွားလာနေသူများ၊ ဒေသခံပြည်သူများအား မီးသတ်ဦးစီးဌာနမှ ထုတ်ဝေထားသည့် မီးဘေးလုံခြုံရေးပညာပေး လက်ကမ်းစာစောင်များ အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။



**ခမောက်ကြီး(ပြန်/ဆက်)**



## ဆင်ပေါင်ဝဲမြို့၌ အားကစားသင်တန်းဆင်းပွဲ ကျင်းပ

**ဆင်ပေါင်ဝဲ မေ ၇**

ဆင်ပေါင်ဝဲမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အမျိုးသမီးရေးရာအဖွဲ့ ပူးပေါင်းဖွင့်လှစ်သော နွေရာသီအခြေခံအားကစား သင်တန်းဆင်းပွဲကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်အခြေခံပညာ အထက်တန်းကျောင်း ရတနာမော်ကွန်းခန်းမ၌ ကျင်းပသည်။

ဦးစွာ သင်တန်းသား နှစ်ဦးနှင့် သင်တန်းသူ နှစ်ဦးတို့က စားပွဲတင်တင်းနစ် သရုပ်ပြရိုက်ကစားခြင်း၊ သင်တန်းသားတစ်ဦးက ရိုးရာခြင်းအထိ ခြောက်ချက်ကို သရုပ်ပြခတ်ကစားသည်။ ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ငြိမ်းထွန်းက ကျေးဇူးတင်စကားပြောကြားပြီး သရုပ်ပြကစားကြသည့် စားပွဲတင်တင်းနစ်၊ ရိုးရာခြင်းအထိ ခြောက်ချက် ကစားကြသူများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။ အဆိုပါသင်တန်းကို မတ် ၂၆ ရက်မှ မေ ၆ ရက်အထိ အားကစားအမျိုးအစား ငါးမျိုးကို စနစ်တကျသင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **ခန့်ဝင်း(ဆင်ပေါင်ဝဲ)**



## မုဒုံမြို့နယ်၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို စည်ကားစွာ ကျင်းပမည်

**မုဒုံ မေ ၇**

မွန်ပြည်နယ် မုဒုံမြို့နယ်၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို စည်ကားစွာ ကျင်းပမည်ဖြစ်သည်။

မဟာသင်္ကြန်ပွဲတော် ကျင်းပနိုင်ရေးအတွက် ယိမ်းအကများကို ဌာနဆိုင်ရာများ၊ မြို့ပေါ်ရပ်ကွက်များရှိ ယိမ်းအဖွဲ့များက သက်ဆိုင်ရာ နေရာများတွင် အကလေ့ကျင့်ဆောင်ရွက်လျက်ရှိပြီး လမ်းလျှောက်သင်္ကြန်ဗဟိုမဏ္ဍပ်ကို မြို့တွင်းဗိုလ်ချုပ်လမ်းပေါ်၌ ပြုလုပ်သွားမည်ဖြစ်ရာ နေ့ရက်အလိုက် စတုဒိသာများ ကျွေးမွေးဧည့်ခံမည်ဖြစ်ကြောင်း ကျင်းပရေးကော်မတီမှ သိရသည်။

ထို့ပြင် မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် နှစ်ဦးပရိတ်တရားရွတ်ဖတ်ပူဇော်ပွဲ၊ သင်္ကြီးပူဇော်ပွဲ၊ ဇီဝိတဒါန ငါးလွှတ်ပွဲနှင့် ကန်ကြီးစေတီတော်မြတ်ကြီးတွင် ဆီမီး ၉၀၀၀၊ ပန်း ၉၀၀၀ ပူဇော်ပွဲတို့ကို ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **ရာမည(ပြန်/ဆက်)**

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## ပြည်မြို့ပေါ်ရှိ စားအုန်းဆီအရောင်းဆိုင်များ၌ သတ်မှတ်ရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချပေးမှု ကွင်းဆင်းစစ်ဆေး

ပြည် ဧပြီ ၇

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ ပြည်ခရိုင် စားအုန်းဆီဖြန့်ဖြူးရောင်းချမှုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းမှ တာဝန်ရှိသူများပူးပေါင်း၍ ယမန်နေ့နံနက်ပိုင်းက ပြည်မြို့ပေါ်ရှိ စားအုန်းဆီ လက်လီ၊ လက်ကား အရောင်းဆိုင်များ၌ ပြည်သူများထံ သတ်မှတ်ရည်ညွှန်းဈေးနှုန်းဖြင့် ခွဲတမ်းရ စားအုန်းဆီများရောင်းချပေးမှု ရှိ/မရှိ အခြေအနေကို မြေပြင်ကွင်းဆင်းစစ်ဆေးသည်။



### မြေပြင်စစ်ဆေး

ထိုသို့ မြေပြင်ကွင်းဆင်းစစ်ဆေးရာတွင် ခွဲတမ်းရစားအုန်းဆီများရောင်းချသည့် လက်လီဆိုင်များအနေဖြင့် သတ်မှတ်ထားသောဈေးနှုန်းဖြင့် အိမ်ထောင်စုအလိုက်အား စားအုန်းဆီဝယ်ယူခွင့်စာအုပ်များဖြင့် စနစ်တကျ ရောင်းချပေးလျက်ရှိကြောင်းနှင့် နေ့စဉ်ရောင်းချသည့်ဈေးနှုန်းများကိုလည်း ဗီနိုင်းများဖြင့် စနစ်တကျ ချိတ်ဆွဲရောင်းချပေးနေမှုကို စစ်ဆေးတွေ့ရှိရသည်။

စားသုံးသူရေးရာ ဦးစီးဌာန ပြည်ခရိုင် ဦးစီးမှူးရုံးအနေဖြင့် ဒေသတွင်း ပြည်သူများအား သတ်မှတ်ထားသော ဈေးနှုန်းဖြင့် အိမ်ထောင်စုအလိုက် စားအုန်းဆီများ စနစ်တကျ ဝယ်ယူရရှိစေရေးအတွက် ခရိုင်အတွင်းမြို့နယ်များရှိ စားအုန်းဆီ လက်လီ၊လက်ကား အရောင်းဆိုင်များသို့ အလှည့်ကျ မြေပြင် ကွင်းဆင်းစစ်ဆေးခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုဆက်(ပြန်/ဆက်)

## စလင်းမြို့နယ်၌ အသက်(၁၀)နှစ်နှင့်အထက်များအား နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်

စလင်း ဧပြီ ၇

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ပေါင်းနားရပ်ကွက်အတွင်းရှိ အသက်(၁၀)နှစ်နှင့်(၁၈)နှစ်ကြားရှိသူများအား ရက် ၁၀၀ စီမံချက်ဖြင့်



နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ခြင်းကို ပေါင်းနားရပ်ကွက် မင်းအာကာဘုရားတန်ဆောင်းအတွင်း၌ ဧပြီ ၆ ရက်က စတင်၍ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်ပေးသည်။

ထိုသို့ ရက် ၁၀၀ စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်နေမှုများအား ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲလင်းနိုင်၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးစည်သူလွင်နှင့်တာဝန်ရှိသူများက အသက်(၁၀)နှစ်နှင့် (၁၈) နှစ်ကြားရှိ လူငယ်များ နိုင်ငံသား စိစစ်ရေး ကတ်ပြားများ ကိုင်ဆောင်နိုင်ရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် ရပ်ကျေးစာရေးဝန်ထမ်းများ၊ ရပ်ကွက်တာဝန်ရှိသူများ ပူးပေါင်း၍ ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးခဲ့သည်။

မောင်လွင်(စလင်း)

## ချမ်းမြသာစည်မြို့နယ် မီးသတ်စခန်းမှ ရပ်ကွက်နေပြည်သူများအား သောက်သုံးရေ လှူဒါန်း

မန္တလေး ဧပြီ ၇

အပူချိန်မြင့်မားသည့် ကာလ သောက်သုံးရေ လွယ်ကူစေရေးအတွက် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များသည် ၅၃ လမ်း၊ ၁၀၆x၁၀၇ လမ်းကြား အောင်ပင်လယ်ရပ်ကွက်အတွင်းရှိ နေအိမ်များသို့ သောက်သုံးရေများ လှူဒါန်းခြင်းကို ယနေ့မွန်းတည့် ၁၂ နာရီက ဆောင်ရွက်ကြသည်။

### သွားရောက်လှူဒါန်း

ချမ်းမြသာစည်မြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်စွာမင်း ဦးဆောင်၍ သန္တေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အောင်ပင်လယ် နယ်မြေစခန်းမှ အရန် မီးသတ်တပ်ဖွဲ့ဝင်တို့က ရေသယ်ယာဉ်များဖြင့် ရပ်ကွက်နေပြည်သူများထံ အိမ်တိုင်ရာရောက် သွားရောက်ကာ မြို့နယ်မီးသတ်စခန်းမှ ရေသယ်ယာဉ် တစ်စီး၊ အောင်ပင်လယ်နယ်မြေ မီးသတ်စခန်းမှ ရေသယ်ယာဉ်



တစ်စီးနှင့် အောင်ပင်လယ် အရန် မီးသတ်စခန်းမှ မီးသတ်ယာဉ် တစ်စီး စုစုပေါင်းရေဂါလန် ၈၀၀၀ ခန့် အခမဲ့သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## အသိပေးနှိုးဆော်ချက်

မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် တန်ခူးလဆုတ် ၁၂ ရက်နေ့မှ ကဆုန်လဆန်း ၁ ရက်နေ့အထိ (၂၀၂၆ ခုနှစ် ဧပြီလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ) မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ရန်ကုန်မြို့တော်ခန်းမရှေ့ရှိ ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ်၌ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားကျင်းပခြင်း၊ ရေကစားခြင်း၊ သင်္ကြန်ယိမ်းအကအလှဖျော်ဖြေခြင်းများဖြင့် ကျင်းပသွားမည်ဖြစ်၍ မဟာဗန္ဓုလလမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်းအထိ လမ်းပိတ်ထားမည်ဖြစ်ရာ မော်တော်ယာဉ် မောင်းနှင်သူများအနေဖြင့် လမ်းလွှဲများမှ သွားလာမောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

## စားအုန်းဆီများ သတ်မှတ်ရည်ညွှန်းဈေးဖြင့် ဖြန့်ဖြူးရောင်းချစေရေး ကွင်းဆင်းစစ်ဆေး

ပဲခူး ဧပြီ ၇

ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဧပြီ ၆ ရက်က သနပ်ပင်မြို့မဈေးအတွင်းရှိ စားအုန်းဆီ လက်လီ၊ လက်ကား ရောင်းချနေမှုများကို သတ်မှတ်ဈေးနှုန်း၊ အလေးချိန်၊ သတ်မှတ်ပမာဏမှန်ကန်မှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် ပဲခူးခရိုင် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးမိုး၊ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမိုးသက်၊ သနပ်ပင်မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများက ပြည်သူများအား စားအုန်းဆီဝယ်ယူခွင့်စာအုပ်များဖြင့် ရောင်းချရာတွင် သတ်မှတ်ဈေးနှုန်း၊ အလေးချိန်၊ သတ်မှတ်ပမာဏ မှန်ကန်မှု ရှိ၊ မရှိ ကို သနပ်ပင်မြို့မ ဈေးအတွင်းရှိ လက်လီ၊ လက်ကား ကိုယ်စားလှယ် အရောင်းဆိုင်များအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## ၇ - ၄ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၇၁၀၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## "မြန်မာသက္ကရာဇ် ၁၃၈၇ခုနှစ် တန်ခူးလဆုတ်(၁၂)ရက်နေ့မှ ကဆုန်လဆန်း(၁)ရက်နေ့အထိ (၂၀၂၆ ခုနှစ် ဧပြီလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ) မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ယာဉ်မောင်းသူများမှ သတိပြုရန်အချက်များ"

၁။ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်မောင်းနှင်သူများလိုက်နာရန်-
- (က) မူးယစ်သောက်စားယာဉ်မမောင်းရ။
- (ခ) အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ။
- (ဂ) မော်တော်ယာဉ်များတွင် အိတ်ဇောပိုက်ဖြုတ်မမောင်းရ။
- (ဃ) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။
- (င) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်း လုံးဝမပြုရ။
- (စ) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။
- (ဆ) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗွီးတက်)မပါဘဲ မမောင်းရ။
- (ဇ) ဖျက်သိမ်းထားသော ယာဉ်အိုု/ယာဉ်ဟောင်းများ၊ မှတ်ပုံမတင်ရသေးသောယာဉ်များနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။
- (ဈ) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်း မပြုရ။
- (ည) ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့်မော်တော်ဆိုင်ကယ်/ ဘေးတွဲ ဆိုင်ကယ်များမှ စီးနင်းခြင်း လုံးဝမပြုရ။
- (ဋ) ပစ်ကပ်ယာဉ်များ(လိုက်ထရပ်/မီနီပစ်ကပ်)သည် သတ်မှတ်ထားသည့် ဝန်အလေးချိန်(လူဦးရေ) ထက် ပိုမိုတင်ဆောင်မောင်းနှင်ခြင်းမပြုရ။

၂။ ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။

၃။ ယာဉ်မောင်းသူများအား အရက်သေစာသောက်စားထားခြင်း ရှိ/မရှိ အရက်မူးတိုင်းကိရိယာ (Alcohol Tester) ဖြင့် တိုင်းတာစစ်ဆေး၍ ချိုးဖောက်ပါက ထိရောက်စွာ အရေးယူဆောင်ရွက်မည် ဖြစ်ပါသည်။

၄။ သင်္ကြန်ကာလအတွင်း လမ်းလယ်၌ မော်တော်ယာဉ်စက်ပျက်၍ ရပ်ထားပါက ကရိန်းယာဉ်ဖြင့် ဆွဲယူမည်ဖြစ်ပါသည်။

၅။ ယခုအခါ အချက်အချာကျသော လမ်းဆုံ/လမ်းခွ မီးပွိုင့်များတွင် CCTV Camera များ တပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများအား အဆိုပါကင်မရာများဖြင့် ရိုက်ကူးထားပြီး ထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။

၆။ "သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလအတွင်း ယာဉ်တိုက်မှု မဖြစ်ပါစေနှင့်"

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

## နယ်စပ်ရေးရာဝန်ကြီးဌာန
## နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် တိုင်းဒေသကြီး/ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသီးသီးတွင် ဆောင်ရွက်မည့် လမ်း၊ တံတား၊ သာသနာရေးဆိုင်ရာ လုပ်ငန်း၊ ရေရရှိရေးနှင့် အဆောက်အဦ လုပ်ငန်းများအား သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီ ပြီးစီးရန်အလို့ငှာ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ၂၀-၄-၂၀၂၆ ရက်နေ့မှ စတင်ရောင်းချမည်ဖြစ်ပြီး တင်ဒါလျှောက်လွှာများကို ၆-၅-၂၀၂၆ ရက်နေ့၊ ညနေ ၁၆:၃၀ နာရီအချိန် နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရန် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံများ ရောင်းချမည့်လိပ်စာနှင့် တင်သွင်းရမည့်လိပ်စာမှာ ရုံးအမှတ်-၄၂၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဖုန်းနံပါတ် ၊ ၀၆၇-၄၀၉၃၈၆၊ ၀၆၇-၄၀၉၄၀၀ နေပြည်တော်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါကြောင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန Website (www.moba.gov.mm)တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၄။ တင်ဒါဖွင့်လှစ်မည့်နေ့ရက်အား သီးခြားထုတ်ပြန် ကြေညာပေးသွားမည် ဖြစ်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**နယ်စပ်ရေးရာဝန်ကြီးဌာန**
**ရုံးအမှတ်-၄၂၊ နေပြည်တော်**

## အစုရှယ်ယာရှင်အသစ်ပါဝင်လာခြင်းအတွက် ကြေညာခြင်း

သန္တာထွန်းအသေးစားငွေရေးကြေးရေးလုပ်ငန်းကုမ္ပဏီ၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းလိုင်စင် အမှတ်၀၁၇၃/၂၀၁၃ တွင် ယခင်က အစုရှယ်ယာရှင် (၂) ဦးရှိသည့်အနက် အစုရှယ်ယာရှင် (၁) ဦး နုတ်ထွက်ပြီး၊ အစုရှယ်ယာရှင်အသစ် (၂) ဦး ထပ်မံပါဝင်လာကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| အစုရှယ်ယာရှင် | |
|---|---|
| ယခင် | ယခု |
| ဒေါ်ချိန်ကွေဖန်း | ဦးမျိုးမြင့်အောင် |
| ဦးကျော်ဝင်းငွေ | ဦးကျော်ဝင်းငွေ |
| | ဦးမောင်မောင် |

**သန္တာထွန်းအသေးစားငွေရေးကြေးရေးလုပ်ငန်းကုမ္ပဏီ**

## အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံတော်သမ္မတအဖြစ်**
**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်** အား
ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့ခြင်းအတွက်
**"ရွှေရောင်သမိုင်းလူမှုကယ်ဆယ်ရေးအသင်း"** မှ
အထူးပင်လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူပါသည်။

**နိုင်ငံတော်သမ္မတကြီး ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်** ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏ အကျိုး၊ အမျိုးဘာသာ သာသနာအကျိုးကို ပိုမိုစွမ်းဆောင်သယ်ပိုးနိုင်ပါစေကြောင်း ဂါရဝရှေ့ထား ရိုသေလေးစားစွာဖြင့် ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**"ရွှေရောင်သမိုင်း"လူမှုကယ်ဆယ်ရေးအသင်း"**
**မရမ်းကုန်းမြို့နယ်၊ မရမ်းကုန်းခရိုင်၊ ရန်ကုန်တိုင်းဒေသကြီး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
## မဟာအောင်မြေမြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၃

ဒေါ်အိသန္တာထွန်း(ခ) အိဟေကို **တရားလို** နှင့် ဦးရဲထက်အောင်(ခ) ကိုအောင်ရဲချစ် **တရားပြိုင်**

မန္တလေးမြို့၊မဟာအောင်မြေခရိုင်၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါ ရပ်ကွက်နေ ဦးရဲထက်အောင်(ခ)ကိုအောင်ရဲချစ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်အိသန္တာထွန်း(ခ)အိဟေကိုက လင်မယားအဖြစ်မှကွာရှင်းပြတ်စဲ ပေးစေလိုမှုဖြင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၀ ရက် (၁၃၈၈ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ ၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နှင်းသီရိမွန်)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**မဟာအောင်မြေမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာမရပ်၊ မြေဧရိယာ (၀ . ၀၅၅) ဧကရှိ မြေကွက်အမှတ်(ပ.၄၅၀၈)ကို အမည်ပေါက် ဦးအောင်မင်းစိုး (ဘ) ဦးလှတင် ၉/ပမန(နိုင်)၂၂၇၂၀၄ မှ ဒေါ်ခင်ညို (ဘ) ဦးထွန်းကြိုင် ၆/လလန(နိုင်)၀၃၁၈၂၃နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် လျှောက်ထားလာပါသဖြင့်ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့နယ်၊ အမှတ် ၅ ရပ်ကွက်/ကျေးရွာအုပ်စု၊ ကွင်း/မြေတိုင်းအမှတ်(၁၅)၊ ဦးပိုင်/မြေကွက်အမှတ် (၄၃)၊ မြေဧရိယာ(၀.၀၅၅)ဧကရှိမြေအား ဦးနေဝင်းဇော်မှ အမည်ပြောင်း မြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဦးနေဝင်းဇော် မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ရာဇသူရလမ်း၊ တိုက်အမှတ် ၁၀၉၁၊ (၆) လွှာ၊ ပဥ္စမထပ် (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (အလျား၁၇ပေx အနံ၅၂ပေ) ရှိ ရေမီးစုံ တိုက်ခန်းတစ်ခန်း အပါအဝင် ယင်းတိုက်ခန်းနှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးမော်မော်ထွန်း (ခ)ဦးကျော်ဦး (၁၂/ဥကတ(နိုင်)၁၃၁၅၆၅) ထံမှ ကျွန်မ ဒေါ်ဖြိုးသူဇာအောင် (၁၃/လရန(နိုင်)၁၃၂၅၀၈)သည် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်တစ်ပတ်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်မထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးအောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဖြိုးသူဇာအောင်**
**၁၃/လရန(နိုင်) ၁၃၂၅၀၈**
**ဖုန်း-၀၉-၇၅၃၅၅၁၆၀၆**

## တစ်ဦးတည်းဖြစ်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ မျက်ရဲအုပ်စု၊ ကရင်ချောင်းကျေးရွာနေ ဦးကြည်မောင်၏သားဖြစ်သူ ဦးမင်းနိုင် ၉/တကန(နိုင်)၁၂၂၁၉၅ နှင့် ဦးကျော်မင်းနိုင်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးမင်းနိုင်(ခ) ဦးကျော်မင်းနိုင်**
**၉/တကန(နိုင်)၁၂၂၁၉၅**

## လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ အရှေ့သပြေကုန်းရပ်ကွက်တွင်နေထိုင်သူ (ဘ) ဦးစန်းငွေ၏သား ဦးသက်ပိုင်ငွေ ၇/သဝတ(နိုင်)၁၂၁၃၇၈ နှင့် (ဘ)ဦးသိန်းဆွေဝင်း၏ သမီး ဒေါ်သင်းသင်းအေး ၁၂/တကန(ပြု)၀၀၀၃၉၃ တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း မတိုက်ဆိုင်တော့ပါသဖြင့် ၆-၄-၂၀၂၅ ရက်တွင် သာယာဝတီခရိုင်တရားရုံး၊ ဒုတိယခရိုင်တရားသူကြီး၏ရှေ့မှောက်တွင် ကွာရှင်းပြတ်စဲပြီးဖြစ်၍ နောက်နောင် ဒေါ်သင်းသင်းအေးနှင့် ပတ်သက်သော ကိစ္စအဝဝတို့မှာ ဦးသက်ပိုင်ငွေနှင့် လုံးဝ(လုံးဝ)သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးသက်ပိုင်ငွေ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စမ်းသီတာစိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၄၃၆၂ /၁၇-၅-၂၀၁၈)**
**အမှတ်(၇)၊ ဗိုလ်မြဒင်လမ်း၊ သာယာဝတီမြို့၊**
**ဖုန်း- ၀၉-၄၃၁၄၂၉၇၃**

၃။ အိတ်ဖွင့်တင်ဒါပုံစံများ ရောင်းချမည့်လိပ်စာနှင့် တင်သွင်းရမည့်လိပ်စာမှာ ရုံးအမှတ်(၄၂)၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ နေပြည်တော်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၃၄၀၉၄၂၀၊ ၀၆၇-၃၄၀၉၃၆၄၊ ၀၆၇-၃၄၀၉၄၁၇ တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါကြောင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန Website (www.moba.gov.mm)တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

၄။ တင်ဒါဖွင့်လှစ်မည့်ရက်အား သီးခြားထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**နယ်စပ်ရေးရာဝန်ကြီးဌာန**
**ရုံးအမှတ် (၄၂)၊ နေပြည်တော်**

## အများသိစေရန် အသိပေးကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ဒက္ခိဏသီရိရပ်ကွက်၊ မြေကွက်အမှတ် (ဒ-၂၀၂၂)၊ အလျား ၁၀၁ ဒသမ ၅ပေ x အနံ ပေ ၁၀၀၊ ဧရိယာ (၀ ဒသမ ၂၃၃) ဧက ကျယ်ဝန်းသောမြေကွက်သည် နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်မေလီအမည်ဖြင့် ပြောင်းလဲသတ်မှတ်ထားသော နှစ်(၃၀) မြေငှားဂရန် မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား စာချုပ်ချုပ်ဆို ဝယ်ယူထားသူ ဒေါ်မွေးမို့မို့ (ဘ) ဦးဆန်နီထွေး ၁၂/ရပသ(နိုင်)၀၃၉၄၅၀ မှ ၎င်းသာလျှင်တရားဝင် ဝယ်ယူပိုင်ဆိုင်ထား၍ လွှဲပြောင်းရောင်းချခွင့်ရှိသူဖြစ်သောကြောင့် ရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မှ ဝယ်ယူလိုပါသဖြင့် ရောင်းကြေးငွေများ၏ တစ်စိတ်တစ်ဒေသဖြစ်သော ငွေတစ်ချို့အား စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ မြေကွက်အား အရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ထိုသတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ တစ်ဦးတစ်ယောက်မျှမရှိပါက အရောင်းအဝယ်ကိစ္စရပ်များကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ပြုလုပ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်နိုင်ဝင်း** — **ဒေါ်မိုးသဲပွင့်(LL.B)**
**LL.B, WIPO (Switzerland)** — **အထက်တန်းရှေ့နေ**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၉၄/၂၀၁၇) (စဉ်-၅၆၈၄၆/၂၀၂၅)**
**အမှတ်(၈/၈၂)၊ ပန်ခင်း (၁)၊ စံပယ်လမ်း၊**
**ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့၊ နေပြည်တော်**
**ဖုန်း-၀၉-၄၀၁၅၃၄၆၆၈၊ ၀၉-၇၅၀၅၃၄၆၆၈**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လယ်ဝေးမြို့၊ အမှတ်(၆)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၂/မြို့သစ်တောင်ရပ်)၊ ဦးပိုင်အမှတ်(၅၈)၊ မြေဧရိယာ (၀ ဒသမ ၁၀၅)ဧကရှိ ဒေါ်စောမြိုင် (တူမ)ဒေါ်အေးစိန် အမည်ပေါက် အစိုးရ မြို့မြေကွက်အား ဦးသူရိန်ထွန်း (ဘ) ဦးစံရွှေမောင် ၉/လဝန(နိုင်)၁၆၆၁၃၄၊ ဒေါ်ကျော့ကျော့သူ (ဘ)ဦးကျော်အေး ၉/လဝန(နိုင်)၁၆၄၅၅၈ တို့မှ အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ကိုယ်တိုင်ကတိဝန်ခံချက်မူရင်းများ တင်ပြ၍ မြေငှားစာချုပ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/ဒက္ခိဏသီရိအနောက်ရပ်၊ မြေကွက်အမှတ်(ဒ-၃၂၈၂၈)၊ မြေဧရိယာ (၀ ဒသမ ၁၄၆) ဧကရှိ ဒေါ်စိုးစိုးရီ(ဘ)ဦးထွန်းရီ ၁၂/လသန(နိုင်)၀၁၀၇၇၀ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဒေါ်စိုးစိုးရီ မှ ဦးဟိန်းသက်အောင်၊ ရဲထူးသန့် (ဘ) ဦးရဲဝင်း ၁၂/မဂတ(နိုင်)၀၈၂၁၃၉၊ ၁၂/မဂတ(နိုင်)၀၉၃၁၄၁ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အမည်ပြောင်း

ဟသ်ာတမြို့နယ်၊ Family International School Year -4 မှ (ဘ) ဦးစိုပြေဝင်း-(အမိ)ဒေါ်ဝင့်ရွှေရည်နိုင်၏သား မောင်ရွှေဘုန်းခန့်အား မောင်လင်းဥက္ကာဗိုလ် ဟု ပြောင်းလဲခေါ်ဝေါ်ပေးပါရန်။

**မောင်လင်းဥက္ကာဗိုလ်**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ လယ်ဝေးမြို့၊ အမှတ်(၂)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၂/အောင်မြေမြောက်ရပ်)၊ ဦးပိုင်အမှတ်(၅၁-ခ)၊ မြေဧရိယာ (၀ ဒသမ ၀၄၇)ဧကရှိ ဒေါ်လှိုင်လှိုင်ဝင်း (ဘ) ဦးတင်ရှိန် ၉/လဝန(နိုင်)၁၂၇၇၄၅ အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဒေါ်လှိုင်လှိုင်ဝင်းမှ ဒေါ်တင်ဇာလင်း (ဘ) ဦးခင်မောင်တိုး ၉/မသန(နိုင်)၁၂၀၃၈၉နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇေယျာသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၃/ပုပ္ပါးကုန်းရပ်၊ ပုပ္ပါးကုန်းရပ်ကွက်မှ မြေဧရိယာ (၀ ဒသမ ၀၈၂)ဧကရှိ မြေကွက်အမှတ် (ယ-၂၆၀) ကို နှစ်(၃၀) မြေငှားစာချုပ်ချထားပေးနိုင်ပါရန် မြေကွက်နေရာ ချထားပေးကြောင်း အကြောင်းကြားစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုစာရင်း၊ မြေပြင် မှတ်တမ်းဓာတ်ပုံများတင်ပြပြီး အမည်ပေါက် ဒေါ်ဝင်းရှိန် (ဘ)ဦးသာခွေး ၉/ဇယသ(နိုင်)၀၁၉၀၁၁ မှ လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက် ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ နှစ် (၃၀) မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောက်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိရပ်၊ မြေဧရိယာ (၀ ဒသမ ၁၁၀)ဧကရှိ မြေကွက်အမှတ် (ပ-၂၂၁၃၀)၊ ကို အမည်ပေါက် ဦးစိုးနိုင်(ဘ)ဦးရ ၉/တကန(နိုင်)၀၈၅၄၅၈ မှ ဦးသီဟ(ဘ) ဦးတင်ကြိုင် ၉/မခန(နိုင်)၁၉၄၅၆၃ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/မြို့မရပ်၊ မြေဧရိယာ (၀ ဒသမ ၁၁၀)ဧကရှိ မြေကွက်အမှတ် (ပ-၂၄၀၆၅)၊ ကို အမည်ပေါက် ဒေါ်အေးအေးလတ်(ဘ)ဦးမာစိန် ၉/နထက(နိုင်)၁၃၁၇၀၄ မှ ဒေါ်စိန်မေသက် (ဘ)ဦးမြင့် ၈/ပဖန(နိုင်)၀၁၂၀၁၃နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ပုဗ္ဗသီရိအနောက်ရပ်၊ မြေဧရိယာ (၀ ဒသမ ၀၅၅)ဧကရှိ မြေကွက်အမှတ် (ပ-၃၁၇၅၇အေ)၊ ကိုအမည်ပေါက် ဦးခင်မောင်ကျော်(ဘ)ဦးတင်လှိုင် ၉/ညဥန(နိုင်)၁၃၆၄၃၅ မှ ဒေါ်ချောပို(ခ)ချောအိအိသန်း(ဘ)ဦးကျော်သန်း ၉/မမန(နိုင်)၀၄၂၈၃၉ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထား လာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9B/1817 Suzuki CIAZ YL1 S/L(4x2)L ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုးသူတင့် ၁၃/ကလန(နိုင်)၀၅၅၄၁၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/47094 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇန်အီယန်ဆုန် ၄/ထတလ(နိုင်)၀၄၀၇၂၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ချင်းပြည်နယ်ရုံး**
**(ဟားခါး)**

## ပျောက်ဆုံးကြောင်း

(ဘ) ဦးစိုင်းစိတ္တ၏ သမီး နန်းမိုကျော် ၁၃/ကတန(နိုင်) ၁၃၆၂၁၁ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၈၅၃၀၈၅**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 12W/90769 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3J/3814 ၏ ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/11937 Wanqiang 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်မြတ်သူ ၉/ခမစ(နိုင်)၀၉၇၈၈၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## အလိမ္မာ စာမှာရှိ

## ပိုးသတ်ဆေးဖြန့်ဖြူးသူပြောင်းလဲခြင်း

Ruili Cheng Shan Import and Export Trade Co.,Ltd မှ ထုတ်လုပ်သော အောက်ဖော်ပြပါ ပိုးသတ်ဆေးများ၏ မှတ်ပုံတင်ခြင်းနှင့် ဖြန့်ဖြူးခြင်း လုပ်ငန်းများအား Northern Aung Power Agro Chemical Co.,Ltd မှ Shwe Pyaung Co.,Ltd သို့ လွှဲပြောင်းပေးခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့သို့ ကြော်ငြာပါ သည့်ရက်မှစပြီး (၁၄) ရက်အတွင်း ကန့်ကွက်လွှာ တင်သွင်းနိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်-

| No | Trade Name | Active Ingredient Name | Registration Type | Registration Number |
|---|---|---|---|---|
| 1 | Paw Lwin | Emamectin Benzoate 4%+ Indoxacarb 16% SC | Provisional Registration | P2025-6772 |

**Shwe Pyaung Co.,Ltd**
ဖုန်း-၀၉-၂၅၀၄၀၆၆၁၁

## ပိုးသတ်ဆေးဖြန့်ဖြူးသူပြောင်းလဲခြင်း

Ruili Cheng Shan Import and Export Trade Co.,Ltd မှ ထုတ်လုပ်သော အောက်ဖော်ပြပါ ပိုးသတ်ဆေးများ၏ မှတ်ပုံတင်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းများအား Northern Aung Power Agro Chemical Co.,Ltd မှ Shwe Pyaung Co.,Ltd သို့ လွှဲပြောင်းပေးခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့သို့ ကြော်ငြာပါသည့်ရက်မှစပြီး (၁၄) ရက်အတွင်း ကန့်ကွက်လွှာ တင်သွင်းနိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်-

| No | Trade Name | Active Ingredient Name | Registration Type | Registration Number |
|---|---|---|---|---|
| 1 | Luco | Lufenuron 5%+Profenofos 50% EC | Provisional Registration | P2026-6919 |

**Shwe Pyaung Co., Ltd**
ဖုန်း-၀၉-၂၅၀၄၀၆၆၁၁

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာစာ

EastChem Co.,Ltd မှထုတ်လုပ်ပြီး Royal Super Star Co.,Ltd မှ ဖြန့်ဖြူးရောင်းချသော အောက်ဖော်ပြပါပိုးသတ်ဆေးအား ယခင်အသုံးပြုခဲ့သောထုတ်ကုန်အမည်မှ အောက်ဖော်ပြပါအတိုင်း ပြောင်းလဲ၍ ရောင်းချမည် ဖြစ်ပါသည်-

| စဉ် | ယခင်အမည် | ပြောင်းလဲမည့်အမည် | မှတ်ပုံတင်နံပါတ် |
|---|---|---|---|
| ၁။ | Dime 400 EC | Poe Shin Plus | F2020-2668 |

သို့ဖြစ်ပါ၍ အဆိုပါပြောင်းလဲခြင်းအား ကန့်ကွက်ရန်ရှိပါက မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ ထံသို့ ကြော်ငြာပါသည့်ရက်မှစပြီး (၁၄) ရက်အတွင်း ကန့်ကွက်လွှာတင်သွင်းနိုင်ပါကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**Royal Super Star Co.,Ltd**
**၆၇ လမ်း၊ ၃၆ လမ်း နှင့် ၃၇ လမ်းကြား၊ မဟာမြိုင်(၁)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မြန်မာ။**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာစာ

Ruili Cheng Shan Import and Export Trade Co.,Ltd မှ ထုတ်လုပ်ပြီး Northern Aung Power Agro Chemical Co.,Ltd မှ ဖြန့်ဖြူးရောင်းချသော အောက်ဖော်ပြပါပိုးသတ်ဆေးအား ယခင်အသုံးပြုခဲ့ သောထုတ်ကုန်အမည်မှ အောက်ဖော်ပြပါအတိုင်း ပြောင်းလဲ၍ ရောင်းချမည် ဖြစ်ပါသည်-

| စဉ် | ယခင်အမည် | ပြောင်းလဲမည့်အမည် | မှတ်ပုံတင်နံပါတ် |
|---|---|---|---|
| ၁။ | Lu Maw | Shwe Brother | P2026-6922 |

သို့ဖြစ်ပါ၍ အဆိုပါပြောင်းလဲခြင်းအား ကန့်ကွက်ရန်ရှိပါက မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင် အဖွဲ့ထံသို့ ကြော်ငြာပါသည့်ရက်မှစပြီး (၁၄) ရက်အတွင်း ကန့်ကွက်လွှာတင်သွင်းနိုင်ပါကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**အမှတ်(စီအေ-၃၁၆)၊ ချယ်ရီ(၁)လမ်း၊**
**ပဒေသာပင်မြို့တော်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့**

## အများသိစေရန်ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့နယ်၊ ဒေါ်ညိမ်းကျေးရွာ၊ အောင်ချမ်းသာလမ်းနေ ဒေါ်အေးအိကျော်(ဘ)ဦးကြည်ဝင်း ၁၄/အမတ(နိုင်) ၀၄၈၃၈၅ ၏သား မောင်လင်းဘုန်းမြတ်ပိုင်အား ၅-၄-၂၀၂၆ ရက်တွင် ဦးကြည်ဝင်း ၁၄/ဘကလ(နိုင်)၁၇၂၂၆၂ နှင့် ဒေါ်မြင့်မြင့်ဆန်း ၁၄/ဖပန(နိုင်) ၁၃၃၈၂၄ တို့မှ အမွေစားအမွေခံသားအဖြစ် မွေးစားပြီးဖြစ်ပါကြောင်း အများသိ စေရန်ကြေညာအပ်ပါသည်။

**ဦးကြည်ဝင်း-ဒေါ်မြင့်မြင့်ဆန်း**

**ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ သုခလမ်း၊ မြေတိုင်းရပ်ကွက် အမှတ်(၄၁၄/အေ)၊ မြေကွက်အမှတ်(၈၇)၊ ဦးမောင်သင် အမည်ပေါက် မြေပိုင်မြေ (က/L)မြေ အမျိုးအစားမြေကွက်ကြီးထဲမှ တရားဝင်မခွဲမစိတ်ရသေးသော အကျယ်အဝန်း (၁၆၄၀)စတုရန်းပေခန့်ရှိ ခြံအမှတ် (82/B-f)၊ သုခဗီလာအိမ်ရာဝန်းအတွင်းရှိ မြေကွက်အစိတ်အပိုင်း၏ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

အထက်ဖော်ပြပါ မြေကွက်အစိတ်အပိုင်းနှင့် ၎င်းမြေကွက်ပေါ်ရှိအကျိုး ခံစားခွင့်အရပ်ရပ်တို့နှင့် ပတ်သက်၍ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိပါကြောင်း တရားဝင် ဝယ်ယူလက်ဝယ်ပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြု ကမ်းလှမ်းလာသူ ဦးသူရိန်ကိုကို ၁၂/ပဘတ(နိုင်)၀၀၀၉၅၆ ထံမှ အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝင့်ဝါဖြိုး ၆/မမန(နိုင်)၁၄၆၄၄၃ က အရောင်း အဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့် ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့အထောက်အထား ခိုင်လုံစွာဖြင့်လာရောက် တင်ပြ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက် သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိမ့်ဇာဦး(မြောင်းမြ)(LL.B, D.B.L, D.M.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၀၈၁)**
**အမှတ်(၁၁၂၈)၊ သရဖီ(၇)လမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၄၀၁၁၀၄၈**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးနန်းကျော် ၁၁/စတန (နိုင်)၀၀၈၀၃၄ ၏ သဘော်သား (All in one) စာအုပ် ပျောက်ဆုံးသွားပါ သဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။

**ဖုန်း-၀၉-၇၈၈၁၁၁၈၆၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 43W/2741 Jialing 90, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီတာထွန်း ၈/ပခက(နိုင်) ၀၂၄၅၀၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**ပခုက္ကူ**

## မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ထိန်းသိမ်းထားရှိသော အောက်ဖော်ပြပါ တွန်းသင်္ဘော (၃) စီးအား တစ်စီးချင်းစီ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ထုခွဲရောင်းချ သွားမည်ဖြစ်ပါသည်-

(က) **Tug Cathay - 3 (သံခွံ)**
- (၁) IMO နံပါတ် - ၉၄၄၇၅၀၀
- (၂) မှတ်ပုံတင်အလေးချိန် - ၁၅၃ တန်
- (၃) သင်္ဘောအလျား - ၂၀.၉၆ မီတာ
- (၄) သင်္ဘော အကျယ် - ၇.၃၂ မီတာ
- (၅) ရေစူး - ၃.၂၀ မီတာ

(ခ) **Tug Cathay - 7 (သံခွံ)**
- (၁) IMO နံပါတ် - ၉၄၈၉၁၃၂
- (၂) မှတ်ပုံတင်အလေးချိန် - ၁၄၄ တန်
- (၃) သင်္ဘောအလျား - ၂၀.၉၆ မီတာ
- (၄) သင်္ဘော အကျယ် - ၇.၃၂ မီတာ
- (၅) ရေစူး - ၃.၂၀ မီတာ

(ဂ) **Tug Cathay - 21 (သံခွံ)**
- (၁) IMO နံပါတ် - ၉၃၁၁၉၃၃
- (၂) မှတ်ပုံတင်အလေးချိန် - ၁၂၂ တန်
- (၃) သင်္ဘောအလျား - ၂၀.၈၁ မီတာ
- (၄) သင်္ဘော အကျယ် - ၇ .၀၀ မီတာ
- (၅) ရေစူး - ၂.၉၀ မီတာ

၂။ တင်ဒါလျှောက်လွှာများအားစိစစ်ရာတွင် နိုင်ငံတော်သမ္မတရုံး ညွှန်ကြား ချက်(၁/၂၀၁၇) အပိုဒ် ၂၃/၂၄ နှင့်အညီ စိစစ်ရွေးချယ်သွားမည်ဖြစ်ပါသည်။

၃။ အဆိုပါရေယာဉ် (၃)စီးအား ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ဆိပ်ကမ်း နယ်နိမိတ်အတွင်း ထိန်းသိမ်းထားရှိပြီးဖြစ်၍ ပြည်တွင်း/ ပြည်ပ ကုမ္ပဏီများ အနေဖြင့် ရေယာဉ်အား ကိုယ်တိုင်ကြည့်ရှု လေ့လာပြီးနောက် စိတ်ပါဝင်စားမှု ရှိပါက တင်ဒါတွင်ပါဝင်ယှဉ်ပြိုင်နိုင်ပါသည် **(နိုင်ငံခြားကုမ္ပဏီများ ပါဝင် ယှဉ်ပြိုင်မည်ဆိုပါက သက်ဆိုင်ရာနိုင်ငံရှိ မြန်မာသံရုံး၏ endorsement ပါရှိ ရပါမည်။)**

၄။ လျှောက်လွှာများအား အောက်ပါအတိုင်း ဝယ်ယူနိုင်ပါသည်-
- (က) **တင်ဒါလျှောက်လွှာများ ဝယ်ယူရမည့်နေရာ** - ဗဟိုပစ္စည်းထိန်းဌာန၊ ဗိုလ်တထောင်
- (ခ) **တင်ဒါလျှောက်လွှာများ ရောင်းချမည့်ရက်** - ၈-၄-၂၀၂၆ မှ ၅-၅-၂၀၂၆ ထိ(ရုံးချိန်)
- (ဂ) **တင်ဒါလျှောက်လွှာများ တင်သွင်းရမည့်နေရာ** - မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ရုံးချုပ်)
- (ဃ) **တင်ဒါလျှောက်လွှာများ တင်သွင်းရမည့်ရက်/အချိန်** - ၇-၅-၂၀၂၆ရက်၊ (၁၃၀၀)နာရီ
- (င) **တင်ဒါပဏာမဖွင့်ဖောက် စိစစ်လက်ခံမည့်အချိန်** - ၇-၅- ၂၀၂၆ရက်၊ (၁၄၀၀)နာရီ

၅။ ဤတင်ဒါသည် ၁၉၀၈ ဆိပ်ကမ်းများအက်ဥပဒေ ပုဒ်မ ၁၁ နှင့် မြန်မာ့ ဆိပ်ကမ်းအာဏာပိုင် ဥပဒေ၂၀၁၅ ပုဒ်မ၆၆(ခ) တို့အရ လေလံတင်ထုခွဲရောင်းချ ခြင်းဖြစ်သဖြင့် အဆိုပါ ဥပဒေပြဋ္ဌာန်းချက် တစ်ခုခုအရ အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် တင်ဒါ တစ်ခုလုံးကို သော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း ဖျက်သိမ်းခွင့်ရှိပြီး ထိုသို့ဖျက်သိမ်းခြင်းအား ပြန်လည်၍ အသိပေးကြေညာသွားမည်ဖြစ်ပါသည်။

၆။ အသေးစိတ်သိလိုပါက အောက်ပါဖုန်းနံပါတ်များအား ဆက်သွယ်မေးမြန်း နိုင်ပါသည်-
- (က) ရေကြောင်းဌာန - ၀၁၈၂၄၆၃၈၀၊ ၀၁၈၃၈၇၁၁၇လိုင်းခွဲ (၂၁၁)
- (ခ) ဗဟိုပစ္စည်းထိန်းဌာန - ၀၈၁၆၁၀၂၃၀

**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**
**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ အကွက်အမှတ် (၂၈၈)၊ ဦးပိုင်အမှတ် (၄-ခ)၊ ၃၅x၃၆ လမ်းကြား၊ ၈၇x၈၈ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်ဝမ်လီမေ ၁၃/လရန(နိုင်)၀၉၀၀၁၀ က အမည်ပေါက်မြေပုံတင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက်အမှတ်(၇၈၄)၊ ဦးပိုင်အမှတ် ၁-ဏ/၆၈ လမ်း၊ ၂၇x၂၈ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်လှလှမြိုင် ၉/မရမ (နိုင်)၀၄၅၁၃၈ က ဘိုးဘစာအုပ် တင်ပြ၍ မှတ်ပုံတင်အရောင်း အဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် -၅ ၊ နည်းဥပဒေ -၂၀)
## လယ်ဝေးမြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ် ၊ တရားမကြီးမှုအမှတ်-၃၉

ဒေါ်ခင်မာနီ (ခ)ဒေါ်နီနီခိုင် **နှင့်** ၁။ ဒေါ်ခင်မာရီ
၂။ ဒေါ်ခင်မာကြူ
၃။ ဒေါ်ခင်မာစီ
၄။ ဒေါ်ပေရယ်မိုး
၅။ မဘိုမ
၆။ ကိုသီဟ

**(တရားလို)** **(တရားပြိုင်များ)**

ပဲခူးမြို့ ၊ လိပ်ပြာကန်ရပ်ကွက်နေ မဘိုမ (ဘ) ဦးမိုးကြည်နှင့် ကိုသီဟ (ဘ) ဦးမိုးကြည်( ယခု နေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ခင်မာနီ(ခ)ဒေါ်နီနီခိုင်က အမွေပုံ စီမံခန့်ခွဲ ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ခုနှစ်၊ ဧပြီလ ၂၄ ရက် (၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက် ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့် ဆောင်လာရမည်။သို့ မဟုတ်သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ ၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဖြိုးရတနာမိုး)**
**ဒုတိယမြို့နယ်တရားသူကြီး**
**လယ်ဝေးမြို့နယ်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 21U/5198 HUANG GUAN 125(125CC), 3Wheel MC (Truck) 3x2 ယာဉ်လက်ဝယ်ရှိသူ ဦးမြတ်ကျော် ၈/ပခက(နိုင်)၂၀၂၇၄၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပခုက္ကူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/44818 New Zhineng 125, M/C ယာဉ်လက် ဝယ်ရှိသူ မောင်သိန်းဝင်း ၁၂/ဒပန (နိုင်)၀၇၄၀၇၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ မြို့မရပ်ကွက် (၈/၂)၊ မြေကွက်ငယ်အမှတ် (၅၃)၊ ရေိယာ အလျား အနံပေ (၄၀x၆၀) ရှိဦးညီညီအောင် အမည်ပေါက် မြေကွက်၏ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို တရားဝင်လက်ရှိ ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင်လွှဲပြောင်း ရောင်းချရန် ကမ်းလှမ်းအဆိုပြုလာသူ ဒေါ်ဇာမွန်အေး ၁၀/ခဆန(နိုင်)၁၀၄၁၆၅ ထံမှ ဦးအောင်မျိုးလွင် ၉/သစန(နိုင်)၁၂၀၅၀၃ က အပြီးအပိုင်ဝယ်ယူရန် သဘော တူညီပြီး စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ယခုကြော်ငြာပါ သည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်မျိုးလွင် ၉/သစန(နိုင်)၁၂၀၅၀၃**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## ( တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ -၁နှင့် ၅)
## ရွှေပြည်သာမြို့နယ်တရားရုံးတော်၌
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၄

ဒေါ်တင်မျိုးလွင် **နှင့်** ဦးလင်းအောင်
**(တရားလို)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အုတ်ဖိုကျေးရွာအုပ်စု၊ ဝါးရုံမြိုင်လမ်း၊ အမှတ်(၈/၁၈၂)နေ ဦးလင်းအောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်တင်မျိုးလွင်က “လင်မယားကွာရှင်းပြတ်စဲ ပေးစေလိုမှု”ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပ ပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၄ ရက် (၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင်အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက် ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်က ထုချေ တင်ပြအမှီပြုလိုသည့်စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင် လာရမည်။ (သို့မဟုတ်) သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ် လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄) ရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ယဉ်ယဉ်ထွန်း)**
**ဒုတိယမြို့နယ်တရားသူကြီး(၂)**
**ရွှေပြည်သာမြို့နယ်တရားရုံး**

**တစ်ဦးတည်း ဖြစ်ပါကြောင်း**

ဦးမင်းချစ်နိုင်၏သား မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ၈/B မောင်းကလေးလမ်း၊ အောက်ကျင်း ရပ်ကွက်တွင် နေထိုင်သော Htet Lin Aung ၁၀/မလမ(နိုင်)၂၄၁၉၈၃ နှင့် Htet Linn Aung မှာ တစ်ဦးတည်းဖြစ်ပါသည်။

## ဒေါ်ခင်စမ်းရီ
### အ.လ.ပြ ဆရာမ (ငြိမ်း)
### အ.ထ.က (၁) လမ်းမတော် (စိန့်ဂျွန်း)
### အသက် (၈၄) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ သိပ္ပံလမ်း၊ အမှတ် (၁၀) ၇ လွှာ(B) နေ (ဦးအုန်းမောင်-ဒေါ်နှင်းမေ) တို့၏ သမီး၊ (ဦးထွန်းတင်-ဒေါ်ကျင်တင်) တို့၏ သမီးချွေးမ၊ (ဦးဉာဏ်ထွန်း-ဒေါ်ခင်ဥမေ)၊ ဦးမောင်လှိုင် စာတည်းမှူးချုပ် (ငြိမ်း) စာပေဗိမာန်-ဒေါ်မြင့်မြင့်အေး၊ (ဦးခင်ထွန်း)၊ ဦးထွန်းဝေ (ညွှန်ကြားရေးမှူး -ငြိမ်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန)-(ဒေါ်တင်တင်အေး)၊ (ဦးတင်ထွန်း- ဒေါ်အမာညို)၊ (ဦးလွင်ထွန်း)-ဒေါ်ခိုင်စံပယ်၊ ဦးဝင်းမြင့် (ညွှန်ကြားရေးမှူး -ငြိမ်း)၊ အကောက်ခွန် ဦးစီးဌာန)-ဒေါ်ခင်ချိုချိုတို့၏ အစ်မကြီး၊ (ဦးကြည်ထွန်း) (လက်ထောက်ညွှန်ကြားရေးမှူး -ငြိမ်း၊ စာရင်းစစ်ချုပ်ရုံး) ၏ ဇနီး၊ ဦးစည်သူအောင်-ဒေါ်တင်မိုးသူ၊ ဒေါ်နီလာကြည် (လ/ထမန်နေဂျာ၊ MFTB) တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မောင်ရဲမြင့်အောင်-မနှင်းအိစံ တို့၏အဘွား၊ မခေတ်ယွန်းပန်းချီ၏ ဘွားဘွားကြီး ဒေါ်ခင်စမ်းရီ သည် ၆-၄-၂၀၂၆ ရက် (တနင်္လာနေ့) ည ၁၀ : ၄၅ နာရီတွင် ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၈-၄-၂၀၂၆ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟများသိရှိနိုင်ပါရန် ညှိုးငယ်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။ (အလုံမြို့နယ် နေအိမ်မှကားများ မွန်းလွဲ ၁ : ၃၀ နာရီတွင် ထွက်ပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဦးကြည်ဝင်း
### အသက် (၈၃ နှစ်)

ရန်ကုန်မြို့ နေ ဦးမောင်ညွှန့်- ဒေါ်သန်းစိန်တို့၏ သားကြီး၊ သွေးတိုး ဦးသန်းမောင်-ဒေါ်အုန်းမေ တို့၏ သားသမက်၊ ဒေါ်ဥဥသန်းမောင်၏ချစ်လှစွာသောခင်ပွန်း၊ ဦးဝင်းအောင်-ဒေါ်ကေခိုင်ဝင်း၊ ဦးသီဟလင်း-ဒေါ်စုလှိုင်ဝင်း၊ ဦးသုနိုင်-ဒေါ်ရတနာတို့၏ မွေးသဖခင်၊ မောင်မင်းထက်နိုင်၊ မောင်စွမ်းစည်သူကျော်၊ မဥဥသွင်သစ်၊ မဥဥသွင်နှစ်၊ မောင်သာလွန်လင်း တို့၏ ဘိုးဘိုးသည် (၆-၄-၂၀၂၆) ရက် (တနင်္လာနေ့) ည(၁၀:၀၀)နာရီတွင် ကွယ်လွန်ပါသွားသဖြင့် (၈-၄-၂၀၂၆)ရက် (ဗုဒ္ဓဟူးနေ့) ညနေ (၃:၀၀)နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပါမည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် အလှူ့ဒါယိကာမကြီး
## ဒေါ်စောညွှန့် (စစ်တွေ)
### အသက် (၉၈)နှစ်

စစ်တွေမြို့၊ ကျောင်းကြီးလမ်းရပ်ကွက်၊ အိမ်အမှတ်(ကက - ၁၇၇)နေ(ဦးမောင်စိန်-ဒေါ်မနု)တို့၏ သမီး၊ (ဦးအနီမောင်)၏ဇနီး၊ ဒေါ်သန်းနု-(ဦးထွန်းရှိန်)၊ ဦးကျော်ဇောလှ-ဒေါ်မေယု၊ ဒေါ်လှမြင့်သန်း-ဦးဇော်အေးမောင်(ဒုဝန်ကြီး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန)၊ ဒေါ်မြသန်းတင်-(ဦးအေးမောင်)၊ ဦးအောင်ကျော်ဆန်း-ဒေါ်သိန်းသိန်းခိုင်၊ (ဦးကျော်စိုးဝင်း)တို့၏ မွေးသမိခင်ကြီး၊ မြေး (၁၅) ယောက်တို့၏ အဘောင်ရှင်၊ မြစ် (၁၄) ယောက်တို့၏ အဖီးရှင်သည် (၇-၄-၂၀၂၆) ရက် (အင်္ဂါနေ့) နံနက် (၄:၁၀)နာရီတွင် အာယုဆေးရုံကြီး၌ ကိုးဆယ့်ခြောက်ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် (၉-၄-၂၀၂၆)ရက် (ကြာသပတေးနေ့) ညနေ (၄) နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နှင်းဆီလမ်း၊ ယုဇနပလာဇာ၊ တိုက်(၆)၊ အခန်း(၀၂၂)နှင့် တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ကုက္ကိုသာယာလမ်းနှင့်ကျားကွက်သစ်လမ်းထောင့်တို့မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာမည် ဖြစ်ပါသည်။)

**ကျန်ရစ်သူမိသားစု**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
### ( တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂ )
### ညောင်လေးပင်ခရိုင်တရားရုံးတော်၌
### ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၁
### ၂၀၂၆ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၃

ဒေါ်ငွေး နှင့် ၁။ ဦးရှုမော်(ခ)ဦးရဲထွန်း
၂။ ဒေါ်မြင့်မြင့်ဦး
၃။ ဒေါ်ကုလားမ

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်ခရိုင်၊ ဒိုက်ဦးမြို့၊ အမှတ်(၄) ကျောင်းစုရပ်ကွက်၊ မြို့ပတ်လမ်း၊ အလံပြ ဘုန်းကြီးကျောင်းရှေ့နေ ၁-တရားရှုံး ဦးရှုမော်၊ ၃- တရားရှုံး ဒေါ်ကုလားမ (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၁ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်း တစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ မေလ ၈ ရက် (၁၃၈၈ ခုနှစ်၊ ကဆုန်လဆုတ် ၈ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ယဉ်နွယ်ဝင်း)
**ခရိုင်တရားသူကြီး**
**ညောင်လေးပင်ခရိုင်တရားရုံး**

## ဗိုလ်ကြီး မိုးကျော်သူ
### အသက်(၅၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး ၊ မင်္ဂလာဒုံမြို့နယ်နေ (ဦးကျော်)-ဒေါ်ရွှေ၊ ပြည်မြို့၊ အောင်ဆန်း ပြည်သာယာရပ်နေ (ဦးသောင်းထွန်း)-ဒေါ်ဖြူဖြူအုန်းတို့၏သား/သမက်၊ မိတ္ထီလာမြို့နေ ဦးမြင့်ဦး-ဒေါ်အေးသီတာ၊ ဒိုက်ဦးမြို့နေ ဦးတင်ဝင်း-(ဒေါ်နီလာကျော်)၊ ရန်ကုန်မြို့နေ ဦးကျော်စွာထွန်း-ဒေါ်သန်းသန်းခိုင် တို့၏ ညီ/မောင်၊ နေပြည်တော်နေ ဦးစိုးမိုးအောင်-ဒေါ်သင်းသင်းလှိုင် တို့၏အစ်ကို၊ တူ/တူမ (၆)ယောက်တို့၏ ဦးလေး၊ မောင်ကောင်းမြတ်သူ (Computing School) ၏ ဖခင်၊ ပြည်မြို့၊ အောင်ဆန်းပြည်သာယာရပ်နေ ဒေါ်ဖြူဥမ္မာထွန်း ၏ ချစ်လှစွာသောခင်ပွန်းသည် ၆-၄-၂၀၂၆ရက်(တနင်္လာနေ့)ည(၉:၄၀)နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၂၆ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) ငြိမ်းအေးဇရပ်မှ တပ်မတော်စစ်သင်္ချိုင်းသို့ ကောင်းမွန်စွာပို့ဆောင်သဂြိုဟ်ပါမည်။

(နေအိမ်မှ ကားများ နံနက် (၁၁) နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ဘုရားအမှူးပြုသော ပင့်သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းပြီး ရေစက်သွန်းချအမျှအတန်းပေးဝေလိုပါသောကြောင့် ၁၂-၄-၂၀၂၆ ရက်(တနင်္ဂနွေနေ့) နံနက်တွင် အ.လ.က(၅)ကျောင်းလမ်း၊ (၉)လုံးတန်းအိမ်ရာဝင်း၊ (ဝါယာလက်မှတ်တိုင်)အနီးနေ (ဗိုလ်ကြီး မိုးကျော်သူ)-ဒေါ်ဖြူဥမ္မာထွန်းတို့၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ကျင်လှ
### အသက် (၈၅) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီလမ်းမကြီး၊ အိမ်အမှတ် ည-၃၆ နေ (ဦးသိန်းဝင်း)၏ ဇနီး၊ ဦးသက်နိုင်ဦး၊ မဖြူဖြူဝင်း၊ ဦးသက်ခိုင်ဦး၊ ဦးသက်လှိုင်ဦးတို့၏ ချစ်လှစွာသော မိခင်၊ မြေး (၈)ယောက်တို့၏ အဘွား ဒေါ်ကျင်လှ အသက် (၈၅) နှစ်သည် ၇-၄-၂၀၂၆ ရက် (အင်္ဂါနေ့) နံနက် ၆:၄၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၄-၂၀၂၆ ရက် (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး ရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း၊ သရေခေတ္တရာ(ပြည်)ဇုန်၏ ဒုတိယဥက္ကဋ္ဌ(၃)၊ Mingalar Garden Hotel & Resort နှင့် ကျားပျံမကောက်ဆေးလိပ်ရုံပိုင်ရှင် ဒေါ်ခင်ဝေဝေ(ခ)ဒေါ်ဝေဝေ ၏ မိခင်ကြီး ဒေါ်သန်းစိန် အသက် (၉၄) နှစ်သည် ၅-၄-၂၀၂၆ရက်(တနင်္ဂနွေနေ့)ည (၈:၃၀) နာရီတွင် ကွယ်လွန်အနိစ္စရောက်ရှိသွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း**
**သရေခေတ္တရာ(ပြည်)ဇုန်**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းခရိုင်၊ လှိုင်မြို့နယ်၊ အမှတ်(၁၃)ရပ်ကွက်၊ အုတ်ကျင်းဘူတာရုံလမ်း၊ အမှတ် (၃၂) တွင်တည်ရှိသော ပြည့်စုံချမ်းသာကွန်ဒိုရှိ အကျယ်အဝန်း (၁၂၈၀ စတုရန်းပေ) အခန်းအမှတ် (7-E) ဟုခေါ်ဆိုသော ရေမီးအစုံပါ ကွန်ဒိုတိုက်ခန်းတစ်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ပိုင်ဆိုင်သူ ဒေါ်သက်စုစံ (၁၂/လမန(နိုင်)၁၆၉၉၀၆) ထံမှ မည်သည့်အရှုပ်အရှင်းတစ်စုံတစ်ရာမှမရှိ ကင်းရှင်းကြောင်းဝန်ခံလျက် ရောင်းချလိုကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဦးစိန်ဝင်း (၁၂/တမန(နိုင်)၀၈၆၄၉၃) မှ အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အဆို ပါအရောင်းအဝယ်ပြုလုပ်မှုကို အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ သတ်မှတ်ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဘိုဘိုထွန်း(LL.B) အထက်တန်းရှေ့နေ(စဉ်-၄၈၀၁၆/၂၀၁၆)
အမှတ် (၃၄)၊စိတ္တသုခလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၃၀၉၁၉၃၃၊ ၀၉-၆၉၄၉၁၇၇၀၀

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၈ပ၅၊ မြေကွက်အမှတ်- ၅၃၀/ခ၊ ဒေါ်ဒေါ်နှင်းရှန်စု (၁၃/ကခန(နိုင်)၀၇၁၀၁၉) အမည်ပေါက် ဧရိယာ (၀.၀၅၃၂)ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အဆက်အစပ်အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးကျော်ဇေမင်း (၉/ပမန(နိုင်)၃၁၉၄၈၈) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၁၀) ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်သွားပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| **ဒေါ်ခိုင်ဆုဝေ (LL.B, D.B.L)** | **ဒေါ်မိုးမီမီခိုင် (LL.B,D.B.L)** |
| **(စဉ် - ၅၃၃၆၉)** | **(စဉ် - ၅၃၄၉၁)** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ် - ၅၈၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (ဘားလမ်း) ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း - ၀၉-၄၅၅၆၇၇၆၁၅**

## ပတ်စ်ပို့ပျောက်

ဖယ်ခုံမြို့နယ်၊ ချမ်းခူရွာနေ (ဘ)ဦးမောင်သွက် ၏သမီး မလူဆီးယာ (၁၃/ဖခန(နိုင်) ၀၉၉၀၂၇) ၏ နိုင်ငံကူးလက်မှတ်အမှတ် (MH-010418)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉ ၂၅၁၁၁၉၂၈၆

## ပတ်စ်ပို့ပျောက်

ဖယ်ခုံမြို့နယ်၊ ဆီမီးလော့ရွာနေ (ဘ)ဦးလေအိုးနက် ၏သား ဦးအောင်စိန် (၁၃/ဖခန(နိုင်) ၀၄၅၃၆၈) ၏ Visa No. (433559) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉ ၂၅၁၁၁၉၂၈၆

## ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြို့မရပ်ကွက်၊ ပိုက်လုံးလမ်း၊ အမှတ် - ၇၀ရှိ (၇၂)ခန်းတွဲ ၆-ထပ်တိုက် (I- စတုတ္ထထပ်) တိုက်ခန်း(၁)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အထက်ဖော်ပြပါတိုက်ခန်း(၁)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ အဆိုပါတိုက်ခန်း၏ ပိုင်ရှင်ဖြစ်သူထံမှ အဆင့်ဆင့်ဝယ်ယူထားသူ ဒေါ်ရီရီစန်း (၁၁/သတန(နိုင်)၀၀၆၀၇၈) နှင့် ဒေါ်သက်ယုနှင်း(၁၁/သတန(နိုင်)၀၆၂၂၇) တို့က ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသဖြင့် ၎င်းတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်မာသည့်စာရွက်စာတမ်းအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိခဲ့ပါက အရောင်းအဝယ်ကို ပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးစိုးပိုင် LL.B., D.B.L., D.M.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၅၆၈၈/၉၁)**
**အမှတ်-၁၀/၁၂(ပထမထပ်)၊ အခန်းအမှတ်- ၁၀၄(အီး)၊ ၃၅-လမ်းတို(အောက်)၊**
**ကျောက်တံတားမြို့နယ်။ ဖုန်း- ၀၉ - ၅၁၅၉၆၃၉၊ ၀၉-၉၈၅၉၂၇၉၉၈**

## ပတ်စ်ပို့ပျောက်

ဒီမောဆိုမြို့နယ်၊ ဒေါင်ခါး (၃) နေ (ဘ) ဦးအန်ဂျေးလိုတင်၏သမီး မနွေပြေထွန်း (၁၃/ဖခန(နိုင်)၀၅၄၉၄၄) ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉ ၂၅၁၁၁၉၂၈၆

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ် (အ-၁၉)၊ ဦးပိုင်အမှတ်(၄၇)၊ ဧရိယာ(၀.၀၅၅၁)ဧကအကျယ်အဝန်းရှိ ဂရန်မြေကွက်အား ဂရန်အမည်ပေါက်သူ ဦးလှမောင်ထံမှ ကျွန်မ ဒေါ်ယဉ်မေ(ခ)ဒေါ်ရင်မေအေး သည် အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူကာလက်ရှိထားပိုင်ဆိုင်လျက်ရှိပါသည်။

အဆိုပါအရောင်းအဝယ်ကတိစာချုပ်တွင် ဝယ်ယူသူအမည်ပေါက်ရရှိစေရန် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အား ချုပ်ဆိုပေးပါမည်ဟု ဝန်ခံကတိပြုထားသည်ဖြစ်၍ (၂၄-၄-၂၀၂၆)ရက်နောက်ဆုံးထားပြီး ကျွန်ုပ်ထံသို့ ဆက်သွယ်၍ မှတ်ပုံတင်စာချုပ်အား ချုပ်ဆိုပေးပါရန် အသိပေးအကြောင်းကြားပါသည်။ သတ်မှတ်ရက် ကျော်လွန်ပြီးနောက် မှတ်ပုံတင်စာချုပ်အား ချုပ်ဆိုပေးရန်ပျက်ကွက်ပါက ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဦးလှမောင်နှင့်အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ယဉ်မေ(ခ)ဒေါ်ရင်မေအေး**
**အကွက်(အ-၁၉/၄၇)၊ (ဂ)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၂၀၁၅၈၄၉**

## ပတ်စ်ပို့ပျောက်

ဆီဆိုင်မြို့၊ မကောက်ရွာနေ (ဘ)ဦးဆံဗိ၏သား မောင်ည(၁၃/ဆဆန(နိုင်)၁၀၁၈၄၉)၏ နိုင်ငံကူးလက်မှတ်အမှတ် (ME-257260) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၈၇၂၅၁၃၆၂

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 19W/96685, Canbo-Dream-110 ဦးညွှန့်ဝင်း ၉/ပမန(နိုင်)၀၇၉၂၄၄ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ချင်းပြည်နယ်ရုံး(တောင်ကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/59229, Honda Wave-100,M/C ယာဉ် လက်ဝယ်ရှိသူ မောင်ကျော်ကျော်မင်း ၇/မလန(နိုင်)၀၆၇၇၆၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် BGO/17524, Honda Wave 110, M/C ယာဉ် လက်ဝယ်ရှိသူ ဒေါ်မို့မို့နှင်းပုလဲဝင်း ၇/ရတန (နိုင်)၁၀၇၃၃၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့၊ ဘူတာရပ်ကွက်နေ ဦးဘမော် (၉/မသန(နိုင်)၀၀၈၂၆၉) ၏ သမီးဖြစ်သူ ဒေါ်တင်တင်ထွေး သည် ဖခင်ဖြစ်သူ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအလျောက် ပြုမူနေထိုင်နေပါသဖြင့် ယနေ့စ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို ဖခင်ဖြစ်သူမှ တာဝန်ယူဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဘမော်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နွဲ့ရည်ဝင်း**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၇၂၂)**
**မင်းကုန်းရပ်ကွက်၊ မြစ်သားမြို့၊ ဖုန်း-၀၉-၇၇၅၃၅၅၃၅၆**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁၈)၊ ၄၀၊(၄)လမ်း၊မြေကွက်အမှတ်(၃၉၇)၊အကျယ်အဝန်း(၄၀ပေ × ၆၀ပေ)ရှိ ဦးနေဝင်းအောင် ( ၁၂/ပဘတ(နိုင်)၀၀၁၂၅၁ )အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဒေါ်သီတာအေး ( ၇/တငန(နိုင်) ၁၀၄၆၆၀ )ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်နွယ်နွယ်ကျော် ( ၁၁/ကတန(နိုင်) ၀၇၇၂၃၄ )က ဝယ်ယူရန်အတွက် စရန်ငွေများပေးအပ်ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ( ၁၄ )ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးထိန်လင်းသန်း** | **ဒေါ်ပြည့်ပြည့်ဖြိုး** |
| **LL.B, D.B.L, D.I.L, D.M.L** | **LL.B, D.B.L, D.I.P.L** |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂) | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၂၀၄) |

ဖုန်း- 09- 550 4265 , 09- 4500 171 36 , 09- 42 80 20 369

❖ နိုင်ငံတော်ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝ ပတ်ဝန်းကျင် ထိန်းကြစို့။

# မြန်မာ့မီးရထားအနေဖြင့် မဟာသင်္ကြန်နှစ်သစ်ကူးရုံးပိတ်ရက်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာ ခရီးသွားလာနိုင်ရန်အတွက် အထူးရထားများ တိုးချဲ့ပြေးဆွဲပေးမည်

**နေပြည်တော် ဧပြီ ၇**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားသည် မဟာသင်္ကြန်နှစ်သစ်ကူး ရုံးပိတ်ရက်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာ ခရီးသွားလာနိုင်ရန်အတွက် ပုံမှန်ပြေးဆွဲလျက်ရှိသည့် ရထားများအပြင် ရန်ကုန်-နေပြည်တော်-ရန်ကုန်၊ ရန်ကုန်-ပြည်-ရန်ကုန်နှင့် ရန်ကုန်-မော်လမြိုင်-ရန်ကုန် ခရီးစဉ်များကို အထူးရထားများ တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်သည်။

ရန်ကုန်-နေပြည်တော်ရထားလမ်းပိုင်းတွင် အဆန်အထူး DEMU (စပိန်) ရထားသည် ရန်ကုန်မှ မနက် ၆ နာရီခွဲတွင် စတင်ထွက်ခွာပြီး နေပြည်တော်သို့ မွန်းတည့် ၁၂ နာရီတွင် ရောက်ရှိမည်ဖြစ်သည်။ အစုန်အထူး DEMU(စပိန်) ရထားသည် နေပြည်တော်မှ မွန်းလွဲ ၁၂ နာရီခွဲတွင် စတင်ထွက်ခွာပြီး ရန်ကုန်သို့ ညနေ ၆ နာရီခွဲတွင် ရောက်ရှိမည်ဖြစ်သည်။ အဆိုပါအဆန်အထူး DEMU (စပိန်)ရထားနှင့် အစုန်အထူး DEMU(စပိန်)ရထားတို့ ပြေးဆွဲမည့်နေ့ရက်များမှာ ဧပြီ (၁၀ ၊ ၁၁၊ ၁၂၊ ၁၉ ၊၂၀) ရက်များ ဖြစ်သည်။

စာမျက်နှာ ၁၅ ကော်လံ ၁ ✪

# တာချီလိတ်မြို့နယ် ပန်ကူကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသည့် တရားမဝင်ပြည်ပနိုင်ငံသား ၁၂၆ ဦးအား လုပ်ငန်းသုံးဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၇**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာဆောင်ရွက်လျက်ရှိရာ ယနေ့ မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ်အတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်နေသည့် ပြည်ပနိုင်ငံသား ၁၂၆ ဦးကို လုပ်ငန်းလုပ်ကိုင်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ်အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ဆောင်နေကြောင်း သတင်းအရ လုံခြုံရေး တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရာ ယနေ့ မွန်းလွဲ ၁ နာရီ မိနစ် ၃၀ ခန့်တွင် တာချီလိတ်မြို့၏ အနောက်မြောက်ဘက် မီတာ ၁၃၀၀၀ ခန့်အကွာ၊ ပန်ကူကျေးရွာ၏ အနောက်တောင်ဘက် မီတာ ၃၀၀၀ ခန့်အကွာ နေရာသို့အရောက်၌ သွပ်မိုး၊ သွပ်ကာ၊ သုံးထပ်သား ပြားခင်း အဆောင်များဖြစ်သည့် အလျားပေ ၁၂၀၊

စာမျက်နှာ ၁၅ ကော်လံ ၁ ❐



တာချီလိတ်မြို့ ပန်ကူကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသည့် ပြည်ပနိုင်ငံသားများကို တွေ့ရစဉ်။

# Charleston Open ဖလားဗိုလ်လုပွဲတွင် အမေရိကန်ထိပ်တန်းတင်းနစ်မယ် ပဲဂူလာ အနိုင်ရဗိုလ်စွဲ

**အမေရိကန် ထိပ်တန်းတင်းနစ်မယ် ဂျက်ဆီကာ ပဲဂူလာ သည် Charleston Open အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် ယူလီယာစတာရိုဒုဘ်ဆီဗာကို ၆-၂၊ ၆-၂ ရလဒ်ဖြင့် နိုင်ပွဲရရှိပြီးနောက် ကစားသမား ဘဝ ဆုဖလား ၁၁ လုံးအထိ ဆွတ်ခူးရရှိလာပြီဖြစ်သည်။**

ပဲဂူလာသည် ယမန်နှစ် Charleston Open အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင်လည်း တစ်နိုင်ငံတည်းသူ ဆိုဖီယာကီနင်ကို ၆-၃၊ ၇-၅ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ဖလားဆွတ်ခူးထားသည်။ ထို့ကြောင့် လက်ရှိချန်ပီယံ ပဲဂူလာသည် ပြိုင်ပွဲတစ်လျှောက်တွင် ပူတင်ဆီဗာ၊ အဲလစ်ဆာဘက်တာ၊ ရှနိုက်ဒါ၊ ဂျိုဗစ်တို့ကို အဆင့်ဆင့်ကျော်ဖြတ်ကာ ဗိုလ်လုပွဲသို့ တက်လှမ်းလာသူ ဖြစ်သည်။

စာမျက်နှာ ၁၃ ကော်လံ ၅ ❖




## ယနေ့ သတင်းအညွှန်း

**အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ရုရှားနိုင်ငံသား တစ်ဦးအား သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံလွှဲပြောင်းပေးအပ်နိုင်ခဲ့ပြီး ဖိလစ်ပိုင်နိုင်ငံသား ငါးဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေးစစ်ဆေးနိုင်ခဲ့** ပြည်တွင်းသတင်း ➤ စာ - ၁၃

**Artemis II မစ်ရှင်မှ အာကာသယာဉ်မှူးများ ကမ္ဘာမြေနှင့် အဝေးကွာဆုံးသို့ ရောက်ရှိသည့် လူသားများအဖြစ် စံချိန်သစ်တင်** နိုင်ငံတကာသတင်း ➤ စာ - ၁၄

**မန္တလေးမြို့၌ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅ ဒသမ ၀၂ ဘီလီယံခန့်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ** ပြည်တွင်းသတင်း ➤ စာ - ၁၆